သံလျင်မြို့

မဟာခေမိကာရာမကျောင်းတိုက်

ဆရာတော် - ဦးခေမာစာရ

ရေးသားတော်မူအပ်သော

# ဂုဏ်တော်ဘွင့်နှင့်ရောင်တော်ဘွင့်

ဤကျမ်းစာမြတ်ကို သင်သည် အစအဆုံး
တခေါက်မျှ ဘာသာမိပါမူကား သင့်အတွက်
အပါယ်တံခါးပိတ်ပါပြီ။

ဣဋ္ဌာသယ ပိဋကတ်စာပုံနှိပ်တိုက်
၁၁၃၊ ၂၄-လမ်း၊ ရန်ကုန်မြို့။

၁၃၃၃ဗ-ခုနှစ်၊ ၅၄၇ ပဌမ-ဝါဆိုလပြည့်။

၁၉၇၂၈

စိရံ တိဋ္ဌတု သဒ္ဓမ္မော

သံလျင်မြို့

မဟာခေမိကာရာမကျောင်းတိုက်

ဆရာတော်-ဦးခေမာစာရ

ရေးသားတော်မူအပ်သော

# ဂုဏ်တော်ဘွင့် နှင့် ရောင်တော်ဘွင့်

ဤကျမ်းစာမြတ်ကို သင်သည် အစအဆုံး
တခေါက်မျှ ဘာသ်မိပါမူကား သင့်အတွက်
အပါယ်တံခါးပိတ်ပါပြီ။

ဣစ္ဆာသယ ပိဋကတ်စာပုံနှိပ်တိုက်
၁၁၃၊ ၂၄-လမ်း၊ ရန်ကုန်မြို့။

၁၃၃၆-ခုနှစ်၊ ၅၄၇ ပဉ္စမ-ဝါဆိုလပြည့်။

ဘာသာရေးဆိုင်ရာ စာပေခွင့်ပြုချက်အမှတ်(၇၅၅၃)

ကင်းလွတ်ခွင့်အမှတ်(၀၂၆၃၈)

၂၂၅၃

**ထုတ်ဝေသူ** —ဦးခေမာစာရ
မဟာခေမိကာရာမကျောင်းတိုက်
ရွှေကျင်ကျောင်းသစ်
သံလျင်မြို့။

**ပါဠိဆရာများ**—ဦးထွန်းသိန်း, ဦးဝင်းဖေ။

**ပုံနှိပ်သူ** —ဦးသန်းမောင်
ပုံနှိပ်သူမှတ်ပုံတင်အမှတ်(၀၇၉၄)
ဂုဏ္ဍာသယစာပုံနှိပ်တိုက်
၁၁၃၊ ၂၄-လမ်း၊ ရန်ကုန်မြို့။

**ပင်ရင်း**
**ဖြန့်ချိရေးဌာန**—ဦးစောဖေ-ဒေါ်အောင်ကြည်
( ခေမရတနာရွှေဆိုင် )
အမှတ်-၁၁၉၊ ရွှေဘုံသာလမ်း၊ ရန်ကုန်မြို့။

ပထမအကြိမ် စာအုပ်ရေ-၂၀၀၀။

**ဓမ္မဒါန**

၁၃၃၆-ခု၊ တန်ဆောင်မုန်းလ။ ၁၉၇၄-ခု၊ နိုဝင်ဘာလ။

ဘဒ္ဒန္တခေမာစာရ

မဟာနာယက-မဟာထေရ်၏

မဟာခေမိကာရာမကျောင်းတိုက်-သံလျှင်မြို့။

# နိဒါန်း

ဥုံ ဇိန ဝန္ဒေဟံ ဝရတေဇံ၊
ဒေတုစ ဓမ္မံ စက္ကပဝတ္တော။
သာတဝရံ အဂ္ဂံ ဇယဒန္တံ၊
ရက္ခတု နော ဗုဒ္ဓေါ သုခနာထော။
(ရှူပဝတီဂါထာ)။

ဥုံ ဘုရား တရား သံဃာ မြတ်ရတနာ။ ဇိန၊ ငါးမာရ်ကို အောင်မြင် ဘုန်းတော်ရှင်။ အဟံ၊ မြတ်ဗြဟ္မစိုရ် ဓာတ်အလို ဖြင့် မှတ်ဆိုကြည့်မျှော် တပည့်တော်သည်။ ဝရတေဇံ၊ ဘုန်းမြတ်တေဇာ သပြေသာ၍ ဇေယျာဓာတ်သွင် မြတ် အရှင်ကို။ ဝန္ဒေ ဝန္ဒာမိ၊ လမ်းမှန်သွယ်ချင် ကယ်အတင်မို့ ဆယ်အင်စုံကြော့ မာန်အလျှော့ဖြင့် ကန်တော့ပါ၏ အရှင် ဘုရား။ ဓမ္မစက္ကပဝတ္တော၊ ဓမ္မစကြာ မြမျက်လွှာကို ဆက်ခါ ဖူးပွင့် ထူးအဆင့်ဖြင့် ကျူးရင့်တတ်ငြား မြတ်ဘုရားသည်။ ဇယဒံ၊ အောင်ဓာတ်ဘုရင် အောင်ဓာတ်ဆင်၍ အောင်မြင် အောင် ပေးတော်မူတတ်ထသော။ အဂ္ဂံ၊ ဘုန်းတော်တဂုဏ် နှုန်းသော်ခြုံ၍ အလုံးစုံ မြင့်မြတ်တော်မူပေထသော။ တံ သာတဝရံ၊ စန်းအလွှာဓာတ် မှန်းကာမှတ်သော ထိုချမ်းသာ မြတ်ကြီးကို။ ဒေတု၊ ပေးသနားတော်မူပါ အရှင်ဘုရား။ ဒေတု၊ သပြေအနု ဇေယျတုနှင့် ငွေ့ခရုဆင်ကာ မယှဉ်သာ နှိုင်းဆ၍ မှိုင်းမတော်မူပါဘုရား။ သုခနာထော၊ ချမ်းသာ

ကြောင်းပ ကောင်းဖလကို တောင်းတတော်မူပေထသော။ ဗုဒ္ဓေါ၊ ဗုဒ္ဓထွဋ်တင် မြတ်အရှင်သည်။ နော– အမှာကံ၊ ချမ်းသာ ကြည့်မျှော် တပည့်တော် တို့အား။ ရက္ခတု၊စောင့်ရှောက်တော်မူပါအရှင်ဘုရား၊ ရက္ခတု၊ ရန်ဘယာ,အဝေးဖြင့် ရောက်အောင်လို့ မြန်မကြာ, အတွေးနှင့် မကြောက်ကြရအောင် စောင့်ရှောက်တော်မူပါ့ အရှင်ဘုရား။

ဓမ္မံ–၌ ဆန်းကြောင့် နိဂ္ဂဟိတ်၊ ဤ ဂါထာသည် ဘ–မ–သ–ဂဏ– ပါဒန္တဂရုနှင့် ယှဉ်သော ၁၀– လုံးဖွဲ့ ရုမ္မဝတီ– ရူပဝတီ နှစ်မည်ရဂါထာ၊ ပါဒန္တယတိ။ ။သုခနာထောကို အနက်သမ္ဘန်ရာတွင်မူ– အထဝါ နာထတီတိ နာထော၊ ဝေနေယျာနံ ဟိတသုခံ အာသီသတိ ပတ္ထေတီတိအတ္ထော–ဟူသော သာရတ္ထဒီပနီဋီကာ အဖွင့်ကို အသင့်နည်း ယူပါသည်။

## ဗုဒ္ဓါနုဿတိ ဘာဝနာ

ဘာဝေဟိ ဗုဒ္ဓါနုဿတိံ၊
ဘာဝနာန မနုတ္တရံ။
ဣမံ သတိံ ဘာဝယိတွာ၊
ပူရယိဿသိ မာနသံ။

ကောသိယ၊ ချစ်သားကောသိယ။ တွံ၊ သင်ချစ်သားသည်။ ဘာဝနာနံ၊ ဘာဝနာတကာတို့ထက်။ အနုတ္တရံ၊ အတုမရှ အလွန်မြတ်လှပေထသော။ ဗုဒ္ဓါနုဿတိံ၊ ဗုဒ္ဓါနုဿတိဘာဝနာကို။ ဘာဝေဟိ၊ ယနေ့က အစထား၍ ပွားများပေ

တော့။ တွံ၊ သင်ချစ်သားသည်။ ဣမံသတိံ၊ တုဘက်ကင်း ကွာ ဤဘာဝနာကို။ ဘာဝယိတွာ၊ ပွားများရ၍။ မာနသံ၊ စိတ်၏ဆန္ဒ မှန်သမျှသည်။ ပူရယိဿသိ၊ ပြည့်စုံရပေလတ္တံ့။

**ဤကျမ်း၏အယူအဆ။** ။ဂုဏ်တော်ကို ပွားများရခြင်းသည် ဘုရားတဆူ ပွင့်တော်မူမှသာ ပွားခွင့်ရသော ဘာဝနာဖြစ်၍ (အတုမရှိ-ဘာဝနာ) ဟု မိန့်တော်မူသော အပဒါန ပါဠိတော်ကို ဤကျမ်းက ဦးထိပ်ထားပါသည်။ ဟိ-သစ္စံ၊ ထိုစကား မှန်လှပါပေသည်။ အတုမရှိသော ဘုရား၏ အတု မထားသောဂုဏ်တော်သည် အတုမရှိသောဘာဝနာအကျော် သာ ဖြစ်သင့်ပါသည်။

**အဓိပညာ-အားရှိစရာ။** ။ဂုဏ်တော်ပွားသောပညာကို မဂ်၏ အကြောင်းဖြစ်၍ (အဓိပညာ) နှင့်တူသည်ဟု ဝိမတိ ဆရာကြီး မိန့်တော်မူပါသည်။ တဒိတရာသံ ဟိ ရတနတ္တယာ နုဿရာဒိ ပညာနမ္ပိ မဂ္ဂ ဟေတုတာယ အဓိပညတာ သမာနာ ဝါတိ ဂဟေတဗ္ဗံ-ဟူသော ဝိမတိဋီကာ ဆရာကြီး၏ အယူ အဆကို လက်ခံနိုင်ကြပါမူ ဂုဏ်တော်ဘာဝနာသည်, အားရှိ စရာ ဖြစ်ပါသည်။

**ဂုဏ်တော် ပွားများရပုံ။** ။ဤ ကျမ်းပြု အရှင်သည် ရန်ကုန်မြို့ ဘုရားကြီး ကျောင်းတိုက်သို့ ရောက်၍ သာမဏေ ဘဝဖြင့် စာသင်လျက်နေစဉ် ယခု အုပ်ချုပ်နေသော ကျောင်း တိုက်မဟာနာယက (အဂ္ဂမဟာပဏ္ဍိတ) ကျေးဇူးရှင် ဖားကူး ဆရာတော်က (ကိုရင်-ဂုဏ်တော်ပွား)ဟု မိန့်သော အချိန်က

စပြီး ပွားများလာပါသည်၊ သို့–ပွားများလာသည့် အတွက် ဂုဏ်တော်၏ အနီးအဝေး အတိမ်အနက် လျှို့ဝှက်ချက်နှင့် တကွ(အတော်ပင်) ကျွမ်းကျင်လှပါသည်။

ဂုဏ်တော်ပွားနည်း။ ။ဂုဏ်တော် ပွားများနည်းကို ပထမ ကျေးဇူးရှင် ဖားကူးဆရာတော်ထံမှ ရပြီးလျှင် ဒုတိယ ရဟန်းပညာရှိ လူပညာရှိများနှင့် ဂိုဏ်းဆရာကြီးများထံမှ ၎င်း၊ တတိယ မဇ္ဈိမဒေသ သောတာပန် နတ်ဘီလူးကြီး ထံမှ ၎င်း ရရှိခဲ့ပါသည်။ (သောတာပန် နတ်ဘီလူးကြီး၏ အကြောင်းအရာ အကျဉ်းကို ဤကျမ်း နောက်ပိုင်းတွင် ရှင်း ထားပါသည်)။

ဤကျမ်း ဖြစ်ပေါ်လာပုံ။ ။မြောက် (ဥက္ကလာပမြို့) စ–ရပ်ကွက် အမှတ် ၃၊ သန္တာလမ်းသွယ် ၃–၌ နေထိုင်သော ဆရာကြီး ဦးအောင်လှသည် ရွှေတိဂုံစေတီတော်၌ ၅၄–ရက် ဂုဏ်တော်အဓိဋ္ဌာန်ဝင်စဉ် (ဂုဏ်တော်ဘွင့်နှင့်ရောင်တော်ဘွင့်) ရေးသားဘို့ (ရွှေတိဂုံဘိုးတော်ကြီး) က ဤကျမ်းပြု ဆရာအား လျှောက်ထား ခိုင်း၍ နတ်မင်းကြီး ကိုယ်စား ဆရာကြီး ဦးအောင်လှက လျှောက်ထား သဖြင့် ထူးခြားလှစွာ ဤ ကျမ်းစာ ဖြစ်ပေါ်လာရပါသည်။

နိဒါန်း (င)

# အသင်သည်
# ဗုဒ္ဓမြတ်စွာ သာသနာတော်မြတ်ကြီးကို
# ပြုမည်လော (သို့မဟုတ်) ဖျက်မည်လော။

ယဒါ စ ခေါ ကဿပ သဒ္ဓမ္မပ္ပတိရူပကံ လောကေ ဥပ္ပဇ္ဇတိ။ အထ သဒ္ဓမ္မဿ အန္တရဓာနံ ဟောတိ။

ချစ်သား ကဿပ အကြင်အခါ၌ လောက၌ သူတော်ကောင်းတရား အတုအယောင်သည် ဖြစ်ပေါ်၏၊ ထိုအခါ၌ သူတော်ကောင်း တရား၏ ကွယ်ခြင်းသည် ဖြစ်၏။

အထက်ပါ နိဒါနဝဂ္ဂသံယုတ်ပါဠိတော် သဒ္ဓမ္မပ္ပတိရူပက သုတ်၌ လာသောစကားတော်ကို စဉ်းစားသတိတော်ထားပြီး (တရားအတုပေါ်လျှင် အစစ် ကွယ်ရတော့မည်) ဖြစ်ပါ၍ ဗုဒ္ဓဂုဏ်တော်ကို ပွားပြီးလျှင် ဗုဒ္ဓဂုဏ်တော်၏ စွမ်းပကားဖြင့် အတုအယောင်ကို တားနိုင်ကြပါစေသတည်း၊ ဗုဒ္ဓဂုဏ် အမြန် ပွားသဖြင့် အမှန်တရား တွေ့ကြပါစေသောဝ်။

အရှင်-ဦးခေမာစာရ
မဟာခေမိကာရာမကျောင်းတိုက်
၁၃၃၆-ခုနှစ်
ပဌမ ဝါဆိုလပြည့်။

ထက် ပူဇော်အထူးကို ခံတော်မူထိုက်သော မဇ္ဈိမဂါကိမပြန် ကိုယ်တိုင်သာလျှင် သစ္စာလေးပါးတို့ကို သိတော်မူတတ်သော သင်တို့ဆရာ ငါဘုရားကို အမြတ်ဆုံးဟု ဆိုထိုက်၏။ ရဟန်းများတို့ အကြင်သူတို့သည် ဘုရား၌ ကြည်ညိုကုန်၏၊ ထိုသူတို့သည် အမြတ်၌ ကြည်ညိုသည် မည်ကုန်၏၊ စင်စစ်သော်ကား အမြတ်၌ ကြည်ညိုသူတို့အား မြတ်သော အကျိုးတရားသည် ဖြစ်၏။

အင်္ဂုတ္တရပါဠိတော်အရ အဂ္ဂပ္ပသာဒဖြစ်ဘိမူ အဂ္ဂဝိပါက ဖြစ်၍ တပည့် မောင်မခေမာစာရ ရေးသားသော ဗုဒ္ဓါနုဿတိ ဘာဝနာတရားကို ကြိုးစားကြစေလိုလှသော ဩဝါဒမမူဖြင့် မိလေဏာ မိတာဏာ မိပရာယဏာ ဖြစ်ကြသော သိဿာနုသိဿက တို့အား ဩဝါဒကထာ ရေးသား၍ မှာကြားဆုံးမလိုက်ပေသည်၊ သိဿာနု သိဿကအများ တပည့်သားတို့။ ဆရာတို့ ကိုယ်တိုင် အားထားသော ဗုဒ္ဓါနုဿတိတရားဖြစ်၍ ကြိုးစား ကြစေလိုသတည်း။

**ဘဒ္ဒန္တ အာစိဏ္ဏ (အဂ္ဂမဟာပဏ္ဍိတ)**
ခြောက်ထပ်ကြီး ဘုရားကြီးကျောင်းတိုက် (မဟာနာယက)
ရွှေဂုံတိုင်လမ်း-ရန်ကုန်မြို့။

# မာတိကာ

---

| ဤကျမ်းစာ၏ အစီအစဉ် | စာမျက်နှာ |
|---|---|


| | |
|---|---|
| နိဒါန်း | (က) |
| ပဏ္ဏာမပုစ္ဆာ ဂန္ထာရမ္ဘ | ၁ |
| (၁) **ပဏ္ဏာမနှင့်ဘုရားပင့်ခန်း** | ၇ |
| ၁-ရောင်ခြည်တော်ဘုရားပင့် | ၇ |
| ၂-ဗုဒ္ဓဝင်ဘုရားပင့် | ၉ |
| (၂) **သီလဆောက်တည်ခန်း** | ၁၁ |
| ၁-သီလတောင်း | ၁၁ |
| ၂-သြကာသပဏ္ဏာမ | ၁၂ |
| ၃-ငါးပါးသီလ | ၁၃ |
| ၄-ရှစ်ပါးသီလ | ၁၄ |
| ၅-ကိုးပါးသီလ(နဝင်္ဂသီလနှင့်စပ်၍-မှတ်သားဘွယ်) | ၁၆ |
| (၃) **ဆွမ်းစသည်ကပ်လှူခန်း** | ၁၈ |
| ၁-ဆွမ်းစသည်ကပ်လှူပုံ | ၁၈ |
| ၂-ဆွမ်းစသည်ကပ်လှူပုံ(တနည်း) | ၁၉ |
| (၄) **ဘုရားရှိခိုးခန်း** | ၂၀ |
| ၁-အစိန္တေယျ(ရတနတ္တယ) ဘုရားရှိခိုး | ၂၀ |
| ၂-အစိန္တေယျ(သစ္စာလေးပါး) ဘုရားရှိခိုး | ၂၁ |
| ၃-ပုံ,ဒိ,အာ ဝိဇ္ဇာသုံးပါးဘုရားရှိခိုး | ၂၁ |

ကျမ်းစာ၏ အစီအစဉ် စာမျက်နှာ

၄-ဘုရားဂုဏ်တော် ၉-ပါး ဘုရားရှိခိုး ၂၃
၅-တရားဂုဏ်တော် ၆-ပါး ဘုရားရှိခိုး ၂၅
၆-သံဃဂုဏ်တော် ၉-ပါး ဘုရားရှိခိုး ၂၇
၇-ဘုရားဂုဏ်တော် ၉-ပါး ဘုရားရှိခိုး
(ပုတီးစိပ်အတွက်) ၂၉
၈-အစိန္တေယျလေးပါး ဘုရားရှိခိုး (မြန်မာ) ၃၁
၉-အစိန္တေယျလေးပါး ဘုရားရှိခိုး (ရှေးမူ) ၃၁
၁၀-ပဏာမ ဒုတိယ ၁၃

(၅) ဘာဝနာခဏ်း ၃၄
၁-ဗြဟ္မဝိဟာရလေးပါး ပွားများပုံ
(အနက်ပါရေးထားသည်) ၃၄
၂-ဗုဒ္ဓါနုဿတိဘာဝနာ ဂုဏ်တော်ပွားနည်း ၃၇
၃-ဂုဏ်တော် ၉-ပါးအနက်(ပုတီးစိပ်အတွက်) ၃၉
၄-ပုတီးစိပ်နည်း (မှတ်မိပါစေ)
ဆုတောင်းပတ္တနာ ၄၀
၅-ညတချိန်ပွားများနည်း
(ခန္ဓာ,အာယတန,ဓာတ်,သစ္စာ) ၄၁
၆-ဝိပဿနာ ၄၅
၇-ဆုတောင်း ၄၅
၈-ပူဇော်ခြင်းပဏာမ (တတိယ) ၄၆
၉-အမျှဝေ ၄၇

ဤကျမ်းစာ၏အစီအစဉ် | စာမျက်နှာ

၁၀–အရေးတကြီးသတိပေးချက် ၄၈
၁၁–သုဘူတိတွေရ (ဂုဏ်တော်အကျိုး) ၄၉
၁၂–ဗုဒ္ဓါနုဿတိဘာဝနာအကျိုးများ
(ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ) ၅၅
(၆) ဂုဏ်တော်ဘွင့် ၅၇
၁–ဗုဒ္ဓဝံသဒေသနာတော် ၆၂
၂–ရောင်တော်ဝန္ဒနာ ၆၈
၃–ယသော်ဓရာဆုတောင်း ၇၃
၄–ဂုဏ်တော်ဘွင့်(အကျယ်) ၈၈
၅–ဂုဏ်တော်ပွားစဉ် ၉၁
(၇) မင်္ဂလာအခါး ၉၃
၁–အိပ်ရာထ အိပ်ရာဝင် (ရွတ်ပုံများ) ၉၃
၂–သုဘူတိရဟန္တာအရှင် ဖြစ်စဉ်တော် ၉၅
၃–ဖားကူးစေရဝန္ဒနာ ၉၉
၄–ဂုဏ်တော်သစ္စာ ၁၀၀
(၈) ရောင်တော်ဘွင့် ၁၀၁
၁–သတ္တ သတ္တဋ္ဌာန အောင်ခါး ၁၀၃
၂–နီလဆောင်ခြည်တော် ၁၀၆
၃–ပီတရောင်ခြည်တော် ၁၀၇
၄–လောဟိတရောင်ခြည်တော် ၁၀၉
၅–ဩဒါတရောင်ခြည်တော် ၁၁၀

# မာတိကာ

ဤကျမ်းစာ၏ အစီအစဉ် | စာမျက်နှာ


| | |
|---|---|
| ၆-မဥ္ဇူသကရောင်ခြည်တော် | ၁၁၁ |
| ၇-ပဘဿရရောင်ခြည်တော် | ၁၁၁ |
| ၈-ရောင်တော်ဘွင့်ဝန္ဒနာ | ၁၃၁ |
| ၉-သတ္တ သတ္တဋ္ဌာန ဝန္ဒနာ | ၁၃၁ |
| ၁၀-သိဒ္ဓိဇေယျပဏာမ မင်္ဂလာ | ၁၃၄ |
| ၁၁-ရောင်တော်ဘွဲ့ကဗျာ(၈-လုံးဘွဲ့) | ၁၃၇ |
| (၉) ဝိစိတြဝန္ဒနာ | ၁၄၀ |
| ၁-ရဟန္တာများကန်တော့ခဏ်း | ၁၄၀ |
| ၂-ပဋ္ဌာနဆုတောင်း | ၁၄၉ |
| ၃-ရွှေဘုံဝင်ဆုတောင်း လင်္ကာတော် | ၁၅၃ |
| ၄-သောတာပန် နတ်ဘီလူးကြီးအကြောင်း | ၁၅၄ |
| ၅-နတ်ဘီလူးကြီးပေးသော ဂုဏ်တော်ပွားနည်း | ၁၅၆ |
| ၆-ကျေးဇူးရှင် ဖားကူးဆရာ၏ (နဝင်္ဂုပေါသထ) | ၁၆၂ |
| ၇-မေတ္တာကမ္မဋ္ဌာန်း စီးဖြန်းပုံ | ၁၆၃ |
| ၈-သံလျင်မယ်တော် ပုတီးစိပ်နည်း | ၁၆၅ |
| (၁၀) နိဂမကထာ(ကျမ်းပြီးနိဂုံး) | ၁၆၇ |

မှတ်ချက်။ ။ဂုဏ်တော်ဘွင့်နှင့် ရောင်တော်ဘွင့်ဒေသနာကို ရေးသား ဟောကြားပြီးမှ ရဟန်း-ရှင်,လူများ တောင်း ပန်ကြ၍ ပဏ္ဏာမနှင့် ကန်တော့ခဏ်း စသည်ကို ထပ်မံ ရေးသားရ၍ အချို့စာများ နှစ်ခါ သုံးခါ ဆိုသလို ထပ် နေခြင်းဖြစ်ပါသည်။

၁။ ဂုဏ်တော်အစွမ်းဖြင့်-လမ်းမှန်ပါစေ။
၂။ ဂုဏ်တော်တရားကြောင့်-အမှားကင်းပါစေ။
၃။ ဂုဏ်တော်မြင့်သလို-တင့်ကြပါစေ။
၄။ ဂုဏ်တော်အေးသလို-အေးကြပါစေ။
၅။ ဂုဏ်တော်ဗုဒ္ဓကို-ဖူးရပါစေ။

ဘဝပြဿနာအဖုံဖုံကို ဂုဏ်တော်သာ ဖြေရှင်းနိုင်ပါသည်။

ဤကျမ်းစာ အောင်မြင်ရေးအတွက် (လက်နှိပ်စက်ဖြင့်) အစ-အဆုံး ကူညီသော တပည့်မောင်မေဓာဝီ၏ ကျေးဇူးဂုဏ် အင်ကို မှတ်တမ်းတင်လျက်—

ဗုဒ္ဓါနုဿတိ
အရှင်ခေမာစာရ။

# ပဏာမ ပုဗ္ဗကာဂန္ထာရမ္ဘ

---

ဝန္ဒေ မေ တေန ဗု ဓံ သံ၊ ဥဇုကံ ဟောတု ပါဏိနံ။
တိဋ္ဌတံ သာသနမင်္ဂံ၊ ဇောတေတု သာသနံ ဝရံ။

ဝိပုလာဂါထာ။

ဘန္တေ၊ မြတ်ဂုဏ်တော် တေဇာချွန်းပါတဲ့ ရွှေဘုန်းတော်ရှင်။ အဟံ၊ သာသနာရောင်လင်း အမှောင်ခွင်းသဖြင့် အောင်ခြင်း ပြုလိုသော တပည့်တော်သည်။ ဗု ဓံ သံ၊ ဘုရားတရားသံဃာအားဖြင့် သုံးပါးသော ရတနာမြတ်ကို။ ဝန္ဒေ-ဝန္ဒာမိ၊ မိစ္ဆာရောင် တကယ်ညှိုးစေဘို့ ရှိခိုးလိုက်ပါသည် ဘုရား။ မေ၊ ဘုရားတပည့်တော်၏။တေန၊ထိုသို့ ရှိခိုးရသည့် ပဏာမရှိန်စော် အာနုဘော်ကြောင့်။ ပါဏိနံ၊ ကောင်းတနိုးနိုးဖြင့် ကြောင်းကျိုး မသိရှာကြတဲ့ သတ္တဝါတို့အား။ ဥဇုကံ၊ သာသနာစခန်း မမှောင့်ရအောင် လမ်းဖြောင့်တော်မူနိုင်သည်။ဟောတု၊ ဖြစ်ပါစေသတည်း၊ (ဝါ) ဖြစ်ပါစေသား အရှင်ဘုရား။အင်္ဂံ၊ စက္ကဝါ အဆင့် အမှတ်တွင် မြင့်မြတ်တော် မူပေထသော။ သာသနံ၊ ဗုဒ္ဓမြတ်စွာ သာသနာတော်မြတ်ကြီးသည်။ တိဋ္ဌတံ၊ ငါးထောင် သာသနာ နှစ်ရှည် ကြာအောင် တည်ပါစေသတည်း။ ဝရံ၊ အမြတ်တကာ မယှဉ်သာလှသော။ သာသနံ၊ ဘုရားသြဝါ မြတ်သာသနာတော်ကြီးသည်။ (ဝါ) သတ္တဝါအပူဘေးတွေကို သူ အေးတော်မူနိုင်တဲ့ သာသနာတော်ကြီး

သည်။ ဇောတေတု၊ အတွင်းရန် အညွန်းပျောက်အောင် ထွန်းတောက်တော်မူပါစေသတည်း။

နမော တေ မိစ္ဆမဒ္ဒန္န၊ နမော တေ ကရုဏာကရ။
အတ္တာနံ တောသယိတ္ဘာန၊ ပရေ တောသေသိ စက္ခုမ။

ပထဗျာဝတ္တာဂါထာ။

မိစ္ဆမဒ္ဒန္န၊ မိစ္ဆာဉာဏ် ခြေအမှုန်းမှာဖြင့် ရွှေဘုန်းတင့်ပါတဲ့ မြတ်စွာဘုရား။ တေ၊ ရှင်တော်မြတ် ဘုရားအား။ နမော၊ သာသနာ အရောင်ဖြိုးစေဘို့ ရှိခိုးလိုက်ပါသည် ဘုရား။ ကရုဏာကရ၊ ကရုဏာ အသရေနှုန်းပါတဲ့ ရွှေဘုန်းတော်ရှင်။ တေ၊ ကရုဏာထွဋ်ထား မြတ်ဘုရားအား။ နမော၊ မိစ္ဆာတွေ ကယ်နိုင်နိုးရယ်နဲ့ ရှိခိုးလိုက်ပါသည် ဘုရား။ အတ္တာနံ၊ ကိုယ်တော်မြတ်သခင်ကို။ တောသယိတ္ဘာန၊ သဗ္ဗညုရွှေဉာဏ်အစစ်ရယ်ကြောင့် နှစ်သက်တော်မူပြီး၍။ စက္ခုမ၊ စက္ခု ငါးမျိုးတို့ကို အစိုးရပါတဲ့ ဘုန်းတော်ရှင်။ ပရေ၊ ထိတ်စရာအမှောင် ဇမ္ဗူတလွှားမှာဖြင့် မိစ္ဆာယောင် အယူမှားတွေကြောင့် တမူခြားနေရတဲ့ သတ္တဝါတွေကို။ တုံ၊ထောင်ရာမက နေလတန္နှုန်း တေဇာတော် ချုန်းပါတဲ့ ရွှေဘုန်းတော် သခင်သည်။ တောသေသိ၊ မပြတ် အခါခါ စာ အညစ်တွေကြောင့် မြတ်သာသနာ သဒ္ဓါအစစ်ရအောင် နှစ်သက်နိုင်ရပါစေဘုရား။

ဗုဒ္ဓေါ လောကေ သမုပ္ပန္နော၊ ဟိတာယ သဗ္ဗပါဏိနံ။
ဓမ္မော သံဃော ဥပ္ပန္နတ္တာ၊ ဥပ္ပဇ္ဇိံသု ပဘင်္ကရာ။

ပထဗျာဝတ္တာဂါထာ။

ဗုဒ္ဓေါ၊ ဘုရားမြတ် ရတနာသည်။ ဓမ္မော၊ တရားတော်မြတ်ရတနာသည်။ သံဃော၊ သံဃာတော်မြတ်ရတနာသည်။ လောကေ၊ လောကသုံးခွင် ဘုံသုံးပြင်၌။ သဗ္ဗပါဏိနံ၊ ခပ်သိမ်းများစွာ သတ္တဝါတို့၏။ ဟိတာဃ၊ အစီးအပွားအလို့ငှာ။ သမုပ္ပန္နော၊ ကောင်းစွာ ပွင့်တော်မူလာပါပေပြီ။ ဥပ္ပန္နတ္တာ၊ ပွင့်ထွန်း ပေါ်ပေါက်၍ လာခြင်းကြောင့်။ ပဘက်ရာ၊ မိစ္ဆာဉာဏ် အမှောင်ခွါကြမည့် အရောင်အဝါကြီးတို့သည်။ (ဝါ) ဂုဏ်တော်ဘွင့် ရောင်တော်ဘွင့် ကြီးတို့သည်။ (ဝါ) ဂုဏ်တော်ဘွင့် ရောင်တော်ဘွင့် တွေကြောင့် နောင်သော်အသင့် အမှောင် ခွါကြမည့် အရောင်အဝါကြီး တို့သည်။ ဥပ္ပဇ္ဇိံသု၊ မှောင်မှောင်ချေ တပြေလုံးမှာဖြင့် ထောင်ရောင်ဝေနေတန္ဒန်းကဲ့သို့ ရွှေဘုန်းတော် ဘွင့်ကြကုန်ပြီတကား။

## ဖွင့်-နှင့်-ဘွင့်

**မှတ်ချက်။** ။ဖွင့်နှင့်-ဘွင့် စပ်ဆိုင်၍ မှတ်သားစရာ သောတုဇနတို့ အတွက် ရေးသားပါမည်၊ ကန်တော်မင်းကျောင်း

ဆရာတော်၏ လောကသာရပျို့အဖြေတွင်-ကဏ္ဍတိုင်းမှာ၊ ထပ်မံကာ၊ မိပ္ပါဖွင့်၍သာ။ မိပ္ပါယ်ဘွင့်လှစ်၊ ရေးတုံလစ်၊ သံဝစ် နှစ်ဂေါဇာ- ဟူ၍ရှင်း၊ လယ်တီဆရာတော်ဘုရား၏ ဂမ္ဘီရကဗျာကျမ်းတွင်- အောင်ပွဲ မင်္ဂလာ၊ နိဒါန်းသာပိမ့်၊ ခြောက်ဖြာဘုန်းပွင့်၊ ဘဝဂ်မြင့်အောင်၊ ဘွင့်တော်မူပြီး၊ လူ့ဆိမီးလျှင်- ဟူ၍ရှင်း၊ ဝိသုဒ္ဓါရုံ အဆုံးအဖြတ်၌(ရောင်ခြည်တော်အဘွင့်)ဟူ၍ရှင်း၊မောဂ္ဂလ္လာန်

နိသျဉ်း အဘယာရာမဆရာတော်က(ယာဗျာချာ၊ အကြောင် အဘွင့် သံဝဏ္ဏနာကို)ဟူ၍ရင်း၊မင်ဘူး ဦးသြဘာသဆရာ တော်က (ဂုဏ်တော် အဘွင့်ကို ထုတ်ရေး၍ ပေးသည်) ဟူ၍ရင်း၊ ကျမ်းတတ်အကျော် ဆရာတော်ကြီး ဦးဗုမ်၏ ခုဒ္ဒသိက္ခာ နိသျဉ်း (အဋ္ဌကထာဘွင့်သောကြောင့်) ဟူ၍ ရင်းတွေ့မြင်ရသဖြင့် ဤကျမ်းဆရာက(ဘွင့်)ကို သဘော ကျမိပါသည်။

### ဖားကူးစေရ-ဝန္ဒနာ

အတ္တလေဏာနသိဿာနံ၊ မေတ္တောဒကေန သိဥ္စတ္တံ။
သမ္ဗန္ဓံ နာယကဂေန်၊ မယံ ဝန္ဒာမ အာစေရံ။

ဝတ္တဂါထာ။

အတ္တလေဏာနသိဿာနံ၊ ဆရာဘုရားကို အားထားကြည် ညိုသဖြင့် မှီခို နေကြကုန်သော တပည့်တို့အား။ မေတ္တော ဒကေန၊ မေတ္တာတော် ရေစင်ဖြင့်။ (ဝါ) ချမ်းသာကြရေး မှန်းကာတွေး၍ အေးကြစေရာ မေတ္တာ တည်းဟူသော ရေ ဇလာဖြင့်။ သိဥ္စတ္တံ၊ သွန်းဖျန်းတော်မူထသော။ နာယကဂေန်၊ နာယကအင်္ဂါ ဂုဏ်ခြောက်ဖြာနှင့်။ သမ္ဗန္ဓံ၊ သာသနာအတွက် ဖြင့် အသက်သေပစေဟဲ့လို့ ထေရ်မဟာ ရှိတဂုဏ်ပေမို့ (အံ့သြ ဘွယ်) ပြည့်စုံပေထသော။အာစေရံ၊ ဆရာသခင် ကျေးဇူးရှင် ကို။ (ဝါ) ပိဋကတ် သဘင်မဟာတွင် မယှဉ်သာလှတဲ့ ဆရာ မြတ်ကို။ (ဝါ) ဖားကူးဆရာတော်ဟု ထင်ပေါ်ကျော်ကြား လှသော ရန်ကုန်မြို့ ဘုရားကြီးကျောင်းတိုက် (မဟာနာယက

အဂ္ဂမဟာပဏ္ဍိတ) ကျေးဇူးဂုဏ်အင် စုံလင် တတ်ပြောင်း မြတ်ဆရာဘုရားကို။ မယံ၊ အမျှားအသိမှာဖြင့် တပါးကဝိရယ်လို့ သားတပည့်ဖြစ်ကြတဲ့ တပည့်တော်တို့သည်။ ဝန္ဒာမ၊ ပေးဘူးအစုံ အမှန်ရတာကြောင့် ကျေးဇူးဂုဏ် အနန္တတို့ဖြင့် ကြံဆကာ ရိုကျိုးလို့ ရှိခိုးလိုက်ကြရပါတော့သည် ဘုရား။

ဖွားကူး ဆရာတော်ဟု ထင်ပေါ် ကျော်ကြားတော်မူလှသော ရန်ကုန်မြို့ ဘုရားကြီးကျောင်းတိုက်မဟာနာယက(အဂ္ဂမဟာပဏ္ဍိတ) ကျေးဇူးရှင် ဆရာတော် ဘုရားအား (တပည့်ခေမာစာရ) ဤကျမ်းဖြင့်ကန်တော့ပန်း ဆင်ပါသည်ဘုရား။

သဒ္ဓမ္မ ဝုဒ္ဓိက သုကာရိတ ထေရဘူတံ၊
နိက္ကာယသင်္ဂဟတိပေဋကဓာရညာဏံ။
သောတူနလေဏဝရမောစရိယဥ္စ သေဋ္ဌံ၊
သမ္ပန္နထေရဆဂုဏောဟိ နမာမဟံ တံ။

ဝသန္တတိလကာဂါထာ။

အရှင် ဦးခေမာစာရ
မဟာခေမိကာရာမကျောင်းတိုက်
သံလျင်မြို့။

သာသနာ ၂၅၁၈–ခုနှစ်။
ကောဇာ ၁၃၃၆–ခုနှစ်။

# ဂုဏ်တော်ဘွင့်နှင့် ရောင်တော်ဘွင့်

---

နမော တဿ ဘဂဝတော အရဟတော
သမ္မာ သမ္ဗုဒ္ဓဿ။

## (၁) ပဏာမ

(က) ဗုဒ္ဓံ၊ ဘုရားမြတ်ရတနာကို။ အဟံ၊ ဘုရားတပည့်တော်သည်။ ဝန္ဒေ-ဝန္ဒာမိ၊ သဒ္ဓါရိုကျိုး လက်စုံမိုး၍ ရှိခိုးပါ၏ဘုရား။

(ခ) ဓမ္မံ၊ တရားတော်မြတ် ရတနာကို၊ အဟံ၊ ဘုရား တပည့်တော်သည်။ ဝန္ဒေ-ဝန္ဒာမိ၊ သဒ္ဓါ ရိုကျိုး လက်စုံမိုး၍ ရှိခိုးပါ၏ အရှင်ဘုရား။

(ဂ) သံဃံ၊ သံဃာတော်မြတ်ရတနာကို။ အဟံ၊ ဘုရား တပည့်တော်သည်။ ဝန္ဒေ-ဝန္ဒာမိ၊ သဒ္ဓါရိုကျိုး လက်စုံမိုး၍ ရှိခိုးပါ၏ အရှင်ဘုရား။

### ဘုရားပင့် အခဏ်း

### ၁-ရောင်ခြည်တော် ဘုရားပင့်

ဘန္တေ၊ ခြောက်ရောင်စုံ ဖူးအညွန့်ဘို့ပြင့် မြူးကြွန့်ပါတဲ့ ဘုန်းတော်ရှင်။ အင်္ဂီရသဿ၊ ကိုယ်တော်မြတ်မှာ မပြတ်

ပြိုးပြက် တလက်လက်ဖြင့် ထွက်ကြွရောင်ခြည် အင်္ဂီရသံ ဘွဲ့ထူး
ခံတဲ့ ဘုရားရှင်၏။ နီလာယောစ၊ ပတ္တမြားယပ် ညိုရောင်
မဟီကဲ့သို့ ညိုပျှတဲ့ နီလရောင်ခြည်တော်တို့သည်ရင်း။ ပီတာစ၊
နဘာံဘွေ့ဆီမှာ ရွှေရည်ကို သွန်းကာ ချသကဲ့သို့ ဝင်းဝါလှတဲ့
ပီတရောင်ခြည်တော် တို့သည်ရင်း။ လောဟိတာစ၊ တိမ်နဘာံ
ရေး နီတွေးရောင်ဖြာ ဘွေ့အာကာ၌ ကမ္ဗလာနီခြုံ လွှမ်းကာ
ရုံသကဲ့သို့ ဘုန်းတော်ဂုဏ် ပေါ်ပြည့်ဝသဖြင့် လောဟိတခေါ်·
တဲ့ ရောင်ခြည်တော် တို့သည်ရင်း။ ဩဒါတာစ၊ ကျော်ပေ
သည့် သမ္ဘာဘုန်းတွေကြောင့် ဘော်ငွေရည် အာကာဖုံးသကဲ့
သို့ အဖြူဆုံးရယ်လို့ ပြောကာပြကြတဲ့ ဩဒါတ ရောင်ခြည်
တော်တို့သည်ရင်း။ မဥ္ဇိဋ္ဌာစ၊ အမဲနဲ့ အနီပေါ်မှာ အညိုတော်
ပေါင်းကာပြသဖြင့် မှိုင်အုံ့ရီမှုန်တဲ့ မဥ္ဇိဋ္ဌ ရောင်ခြည်တော်တို့
သည်ရင်း။ ပဘဿရာစ၊ ဝိသာခါ ကြယ်ပြောင်နှင့် လဘို
ဆောင် ကြုံကာပရှာတဲ့ ကဆုန်လ နွေသဘင်၌ ဝေဟာပြင်
လျှပ်စစ်နွယ် ကူးသကဲ့သို့ အံ့ထူးခန့်ခိုင် ဘက်ပြိုင်သူ မာန်ဂုဏ်
ကျိုးရသဖြင့် ပြိုးပြိုးပြက်ပြက် တခဲနက်တဲ့ ပဘဿရ ရောင်
ခြည်တော်တို့သည်ရင်း။ နိက္ခမိံသု၊ အနန္တနယ သမန္တ ရွှေစာ
ကို ဖွေရှာကာ ဉာဏ်ဟုန်ကူးတော့မှ ထွက်ခွါကွန့်မြူးတော်မူ
ကြလေကုန်ပြီ။ သော၊ အင်္ဂီရသံ ဘွဲ့ထူးခံသည့် ရောင်လျှံ
သခင် ထိုဘုရားရှင်သည်။ မေ၊ ဘုရားတပည့်တော်၏။ သီသေ၊
မြတ်ရွှေပလ္လင် ဦးထိပ်အပြင်၌။ ဝိဟရတု၊ သီတင်းသုံးမွေ့
လျော် စံနေတော် မူလှည့်ပါဘုရား။ ဝိဟရိတွာ၊ စံနေတော်မူ
ပြီး၍။ မေ၊ ဘုရားတပည့်တော်အား။ သုခံ၊ ချမ်းသာသုခ

ဟူသမျှကို။ ဒေတု၊ ပေးတော်မူပါ အရှင်ဘုရား။ ဒေတု၊ပေး သနားတော်မူလိုက်ပါ သောင်းတိုက်တွင် နေတန္ထန်းကဲ့သို့ ရွှေ ဘုန်းတော်သခင်ဘုရား။

## ၂–ဗုဒ္ဓဝင် ဘုရားပင့်

ဘန္တေ၊ ထောင်ရာမက နေလတန္ထန်း တေဇာတော် ချုန်း ပါတဲ့ ရွှေဘုန်းတော်ရှင်။ လောကနာထော၊ လူသုံးပါးတို့၏ ကိုးစားရာ မြတ်စွာဘုရားသည်။ အပ္ပဋိမေယျေသု၊ အတိုင်း အဆအားဖြင့် နှိုင်းမရနိုင်ကုန်သော။ အတ္တဘာဝေသု၊ ကိုယ် တော်မြတ်အဖြစ်တို့၌။ သမတ္တိံသပါရမိယော၊ အမျှသုံးဆယ် နှုန်းမဆွယ်တဲ့ ပါရမီတော်တို့ကို။ ပူရေတွာ၊ ဖြည့်ကျင့်တော် မူပြီး၍။ လုမ္ဗိနိဝနေ၊ မြတ်လုမ္ဗိနီ နတ်ဘုံမှီသည့် ဂုဏ်ရည် သာမော ပန်းစုံငယ် ပေပါတဲ့ အင်ကြင်း တော၌။ ဝိဇာ ယိတွာ၊ မယ်မာယာဝမ်း ရွှေကြာခန်းမှာ သာလှမ်းတော်မူ ပြီး၍။ သောဠသဝဿကာလေ၊ တဆဲ့ခြောက်နှစ် တောက်သစ် မင်္ဂလာ မယှဉ်သာလှတဲ့ အရွယ်တော်၌။ တီသု ပါသာဒေသု၊ ရမ္မ သုရမ္မ သုဘမည်ခေါ် ရွှေနန်းတော် သုံးဆောင်တို့၌။ ဝသိတွာ၊ ယသော်ဓရာ နန်းတောင်ညာတို့နှင့် ကောင်းစွာ စံနေတော်မူပြီး၍။ ကူနတိံသဝဿော၊ ရွယ်တော်နှဖြိုး နှစ်ဆဲ့ ကိုး၌။ နိဗ္ဗိန္နဟဒယော၊ ရွှေနန်းဘုံကို ပေ့ခဏ်းစုံ ထင်တော်ရှိ တာကြောင့်။တိဏ္ဏိနဂရာနိစ၊ ဒေဝဒဟ ကောလိယနှင့် ကပိလ မည် ပြန့်ပြောစည်သည့် ရွှေပြည်ကြီး သုံးပြည်ထောင်တို့ကို ၎င်း။ ပိတရဉ္စ၊ သုဒ္ဓေါဒန ဘွဲ့သမည်ခေါ် ခမည်းတော် မင်း တြားကြီးကို၎င်း။ မာတရဉ္စ၊ မာယာဒေဝီ နတ်နန်းချီတော့

နို့ရည်တော် တိုက်ကျွေးသည့် မိထွေးတော် ဂေါတမီကိုရင်း။
ဒေဝိံ စ၊ ဘဒ္ဒကစ္စနာ ဗိမ္ဗာဒေဝီ မယောသီဟု ရွှေညီသက်ထား
နန်းမတော် မိဖုရားကြီး ကိုရင်း။ ဉာတကေစ၊ ဆွေတော်
ရှစ်သောင်း မျိုးတော်ပေါင်းတို့ကိုရင်း။ ဟိတွာ၊ သန်းခေါင်
အခါ၌ ပယ်ခွါစွန့်ပစ်တော်မူပြီး၍။ မဟာဘိနိက္ခမနံ၊ မြတ်
သော တောထွက်တော်မူခြင်းကို။ နိက္ခမိတွာ၊ မြင်းပျံကဏ္ဍက
မတ်ဆန္နတို့နှင့် မြန်းကြွတော် မူလိုက်ပြီး၍။ အနောမာနဒီ
တီရေ၊ အနောမာဟု သြဘာဟိတ်လျှမ်း ပွင့်စုံသန်းလှသော
ဆိပ်ကမ်းသာကြီး၌။ပဗ္ဗဇိတွာ၊ဃဋိကာရဗြဟ္မာ လှူဒါန်းသည့်
ကြာသင်္ကန်းတို့ဖြင့် မြတ်ရဟန်း ပြုပြီးသော်။ ဥရုဝေလာယံ၊
ဥရုဝေလ နာမကြိုင်ထုံမြိုင်ရဂုံ၌။ဆဗ္ဗဿာနိ၊ခြောက်နှစ်တို့ပတ်
လုံး။ မဟာပဓာနံ၊ဘုရားပွင့်လမ်း ကျင့်စခန်းဟု မြင့်လှသော
ကမ္မဋ္ဌာန်းကို။ ပဒဟိတွာ၊ တုခွင့်မမျှော် ကျင့်တော်မူပြီး၍။
အပရာဇိတပလ္လင်္ကေ၊ အပရာဇိတ အောင်မြေ ပလ္လင်ဘွဲ့၌။
သဗ္ဗကိလေသေ၊ တထောင့်ငါးရာ ကိလေသာတို့ကို။ ဘဉ္ဇိတွာ၊
လေးတန်ဉာဏ်မဂ် စိန်သန်လျက်ဖြင့် ပယ်ဖျက်ခုတ်ထွင် သုမ်
သင်ရှင်းလင်းတော်မူပြီး၍။ ဗုဒ္ဓတ္တံ၊ သောင်းတိုက် စကြာဝဠာ
မဟာပထဝီ မဟီဝသုံ သိမ့်သိမ့်တုန်လျက် အကုန်လှုပ်ရှား ဘုံ
သုံးပါး၌ မြတ်လှသော ဘုရားအဖြစ်သို့။ ပတ္တော၊ သစ္စာ
လေးဆင့် ခေါင်ဆုံးတင့်လျက် ပွင့်ခြင်းသို့ ရောက်တော်မူ
ပေပြီ။ သောဗုဒ္ဓေါ၊ ဝိမောက္ခန္တိက ဉာဏ်တေဇဖြင့် ဉေယျ
ငါးစင်း တရားရင်းကို အလင်းသိတတ် ထိုဘုရားရှင် ကိုယ်
တော်မြတ်သည်။ မေ၊ ဘုရားတပည့်တော်၏။ သီသကော၊

ဦးခေါင်းရတနာ ရွှေပလ္လင်သာ၌။ ရောစျ၊ ခြောက်ရောင်စုံ အညွန့်အဖူးတို့ဖြင့် ကွန့်မြူး စံပယ်တော်မူလျက်။ ကေတတု၊ သီတင်းသုံးတော် မူလှဲ့ပါဘုရား။ ကေတတု၊ ရွှေကျောင်း တည်ရာ ပြည်မဟာသို့ ကြည်သာရွှင်ပြုံး သီတင်းသုံးတော်မူ လှည့်ပါ၊ ရွှေသမ္ဘာ တေဇာတော် မဆုံးနိုင်တဲ့ ရွှေဘုန်းတော် သခင်ဘုရား။

**မှတ်ချက်။** ။ဝိမောက္ခန္တိက ဉာဏ်ဟူသည်-သဗ္ဗသော ပဋိ ပက္ခေဟိ ဝိမုစ္စတီတိ ဝိမောက္ခော၊ အဂ္ဂမဂ္ဂေါ၊ တဿ အန္တော အဂ္ဂဖလံ။ တတ္ထ ဘဝံ တသ္မိံလဒ္ဓေ လဒ္ဓဗ္ဗတော ဝိမောက္ခန္တိကဉာဏံ။ သဗ္ဗညုတဉာဏေန သဒ္ဓိံ သဗ္ဗမ္ပိ ဗုဒ္ဓဉာဏံ-ဟူ၍ မဟာဋီကာ၌ဆိုသဖြင့် အရဟတ္တမဂ်ကို ဝိမောက္ခ။ အရဟတ္တဖိုလ်ကို ဝိမောက္ခန္တ၊ အရဟတ္တဖိုလ် ရသော် အတူရခြင်းကြောင့်၊ သဗ္ဗညုတဉာဏ်နှင့်တကွ အလုံးစုံသော ဗုဒ္ဓဉာဏ်သည် ဝိမောက္ခန္တိကဉာဏ်မည်၏။

ဘုရားပင့်ပြီး၏။

---

## (၂) သီလဆောက်တည်ခန်း

### ၁-သီလတောင်း(ဘုရားထံတော်၌သာ)

ဘန္တေ၊ ဘုန်းတော်နေဝန်း ထိန်ထိန်ထွန်းပါတဲ့ မြတ်စွာ ဘုရား။ မေ၊ နိဗ္ဗာန်ရောက်ငြား အာရုံထားသော ဘုရား တပည့်တော်အား။ သီလံ၊ ပူပန်ခပ်သိမ်း အေးငြိမ်းစေတတ် (ငါးပါး) သီလတော်မြတ်ကို။ ဝါ၊ ပတ္တမြားမျက်ရှင် သိဒ္ဓိ

ပ၇၂၇

ဝင်သို့ တောင်းလျှင်ပြည့်ဝ ပူအေးမြသည့် ပဉ္စအင်္ဂါ သီလ တော်မြတ်ရတနာကို။ ဒေဝ၊ ပေးသနားတော်မူကြပါ အရှင် ဘုရား။ ဒေဝ၊ ညြှသလေးဖြာ သံသရာမှ မြန်စွာလွတ်ရေး အာရုံတွေး၍ ပေးသနားတော်မူကြပါ အရှင်ဘုရား။

မှတ်ချက်။ ။(ငါးပါး)နေရာတွင် ရှစ်ပါး-ကိုးပါး။ (ပဉ္စ အင်္ဂါ) နေရာတွင် အဋ္ဌအင်္ဂါ နဝအင်္ဂါ မိမိတို့ဆောက် တည်လိုရာ ထည့်၍ဆိုပါ။ သီလကို အနက်ပေးရာတွင်မူ-

သမယန္တိ ဝေသတ္တာနံ၊ ပရိဠာဟံ သုရက္ခိတံ။
ယံ သမေတိ ဣဒံ အရိယံ၊ သီလံ အစ္စန္တသီတလံ။

ဟူသော ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ စာမျက်နှာ-၁၀၊ (ဆဋ္ဌမူ)နှင့် ဣစ္စတိ ဘိက္ခဝေ သီလဝတော စေတောပဏိဓိ ဝိသုဒ္ဓတ္တာ- ဟူသော အင်္ဂုတ္တရပါဠိတော် ဒါနူပပတ္တိသုတ် စာမျက်နှာ-၇၁၊ (ဆဋ္ဌမူ)တို့ကို ထောက်ဆ၍ အနက်ပေးထားပါသည်။

## ၂-ပဏာမ

ညြှကာသ, ညြှကာသ,ညြှကာသ၊ကာယကံ-ဝစီကံ-မနော ကံ သဗ္ဗဒေါသ ခပ်သိမ်းသော အပြစ်တို့ကို ပျောက်ပါစေ ခြင်း အကျိုးငှာ ပထမ ဒုတိယ တတိယ၊ တကြိမ် နှစ်ကြိမ် သုံးကြိမ်မြောက်အောင် ဘုရားရတနာ တရားရတနာ သံဃာ ရတနာ တည်းဟူသော ရတနာမြတ်သုံးပါးတို့ကို အရိုအသေ အလေးအမြတ် လက်အုပ်မိုး၍ ရှိခိုးပူဇော် ဖူးမျှော်မာန်လျှော့ ကန်တော့ပါ၏ အရှင်ဘုရား။ ဤသို့ကန်တော့ရသော ပဏာမ

မဂ်လာ မြတ်ကုသိုလ် စေတနာတို့ကြောင့် အပါယ်လေးပါး ကပ်သုံးပါး ရပ်ပြစ်ရှစ်ပါး ရန်သူမျိုးငါးပါး ဝိပတ္တိတရား လေးပါး ဗျသနတရား ငါးပါးတို့မှ အခါခပ်သိမ်း ကင်း လွတ်ငြိမ်းသည်ဖြစ်၍ မဂ်တရား ဖိုလ်တရား နိဗ္ဗာန်တရား တော်မြတ်ကို ရပါလို၏ အရှင်ဘုရား။

အာမဘန္တေပါ အရှင်ဘုရား။

## ၃-ငါးပါးသီလ

၁။ အဟံ ဘန္တေ တိသရဏေန သဟ ပဉ္စသီလံ ဓမ္မံ ယာစာမိ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။

၂။ ဒုတိယံပိ အဟံ ဘန္တေ .................. မေ ဘန္တေ။

၃။ တတိယံပိ အဟံ ဘန္တေ .................. မေ ဘန္တေ။

အာမ ဘန္တေပါ အရှင်ဘုရား။

၄။ နမော တဿ ဘဂဝတော အရဟတော သမ္မာ သမ္ဗုဒ္ဓဿ။

(၃- ခေါက်ဆိုပါ)

၅။ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ။

၆။ ဒုတိယံပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဒုတိယံပိ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ ဒုတိယံပိ သံဃံ သရဏံ ဂစ္ဆာမိ။

၇။ တတိယံပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ တတိယံပိ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ တတိယံပိ သံဃံ သရဏံ ဂစ္ဆာမိ။

အာမဘန္တေပါ အရှင်ဘုရား

၁။ ပါဏာတိပါတာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။
၂။ အဒိန္နာဒါနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။
၃။ ကာမေသုမိစ္ဆာစာရာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။
၄။ မုသာဝါဒါ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။
၅။ သုရာမေရယ မဇ္ဇပမာဒဋ္ဌာနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

အာမ ဘန္တေပါ အရှင်ဘုရား။

[၅-ပါးသီလနှင့်စပ်၍ မှတ်သားဘွယ်ကား။ ။အပိစ နိဗ္ဗာနံ ပတ္ထယန္တေန သမာဒိန္နံ ပဉ္စသီလမ္ပိ အဓိသီလမေဝ-ဟူ၍ သင်္ဂါထာဝဂ္ဂ သံယုတ်အဋ္ဌကထာ၌ရှင်း။ အပိစ နိဗ္ဗာနံ ပတ္ထယန္တေန သမာဒိန္နံ ပဉ္စသီလမ္ပိ အဓိသီလမေဝ-ဟူ၍ သင်္ဂီတိသုတ် အဋ္ဌကထာ၌ရှင်း မိန့်တော် မူခြင်းကြောင့် နိဗ္ဗာန်တောင်းတ၍ ဆောက်တည်ကြသော ပဉ္စသီလ (ငါးပါးသီလ)သည် အဓိသီလမည်ပါသဖြင့် နိဗ္ဗာန်ရှေးပြည် ရောက်ကြောင်းရည်၍ ဆောက်တည်နိုင်ကြပါစေသတည်း]။

ငါးပါးသီလပြီးပြီ။

---

## ၄-ရှစ်ပါးသီလ (ဥပုသ်သီလ)

၁။ အဟံ ဘန္တေ တိသရဏေန သဟ အဋ္ဌင်္ဂသမန္နာဂတံ ဥပေါသထသီလံ ဓမ္မံ ယာစာမိ၊ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။
၂။ ဒုတိယံပိ အဟံ ဘန္တေ ………… မေ ဘန္တေ။

၃။ တတိယံပိ အဟံ ဘန္တေ ………… မေ ဘန္တေ။
အာမ ဘန္တေ ပါ အရှင်ဘုရား။

၄။ နမော တဿ ဘဂဝတော အရဟတော သမ္မာ သမ္ဗုဒ္ဓဿ။

(၃-ခေါက်ဆိုပါ)။

၅။ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ။

၆။ ဒုတိယံပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဒုတိယံပိ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ ဒုတိယံပိ သံဃံ သရဏံ ဂစ္ဆာမိ။

၇။ တတိယံပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ တတိယံပိ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ တတိယံပိ သံဃံ သရဏံ ဂစ္ဆာမိ။
အာမ ဘန္တေပါ အရှင်ဘုရား။

၁။ ပါဏာတိပါတာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။

၂။ အဒိန္နာဒါနာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။

၃။ အဗြဟ္မစရိယာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။

၄။ မုသာဝါဒါ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။

၅။ သုရာမေရယ မဇ္ဇပမာဒဋ္ဌာနာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။

၆။ ဝိကာလဘောဇနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

၇။ နစ္စ- ဂီတ- ဝါဒိတ-ဝိသုက- ဒဿန- မာလာဂန္ဓ-ဝိလေပန-ဓာရဏ-မဏ္ဍန-ဝိဘူသနဋ္ဌာနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

၇။ ဥစ္စာသယနမဟာသယနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

အာမ ဘန္တေ-ပါအရှင်ဘုရား။

ရှစ်ပါးသီလ (ဥပုသ်သီလ) ဆောက်တည်ပုံပြီးပြီ။

---

## ၅-ကိုးပါးသီလ နဝင် ဥပုသ်

၁။ အဟံ ဘန္တေ တိသရဏေန သဟ နဝင်္ဂသမန္နာဂတံ ဥပေါသထသီလံ ဓမ္မံ ယာစာမိ၊အနုဂ္ဂဟံကတွာ သီလံ ဒေထ မေ ဘန္တေ။

၂။ ဒုတိယံပိ အဟံ ဘန္တေ............မေ ဘန္တေ။

၃။ တတိယံပိ အဟံ ဘန္တေ............မေ ဘန္တေ။

အာမ ဘန္တေ-ပါအရှင်ဘုရား။

၄။ နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။ (သုံးခေါက်ဆိုပါ)။

၅။ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
ဓမ္မံ သရဏံ ဂစ္ဆာမိ။
သံဃံ သရဏံ ဂစ္ဆာမိ။

၆။ ဒုတိယံပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
ဒုတိယံပိ ဓမ္မံ သရဏံ ဂစ္ဆာမိ။
ဒုတိယံပိ သံဃံ သရဏံ ဂစ္ဆာမိ။

၇။ တတိယံပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
တတိယံပိ ဓမ္မံ သရဏံ ဂစ္ဆာမိ။

တတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ။

အာမ ဘန္တေ-ပါ အရှင် ဘုရား။

၁။ ပါဏာတိပါတာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

၂။ အဒိန္နာဒါနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

၃။ အဗြဟ္မစရိယာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

၄။ မုသာဝါဒါ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

၅။ သုရာမေရယ မဇ္ဇပမာဒဋ္ဌာနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

၆။ ဝိကာလဘောဇနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

၇။ နစ္စ-ဂီတ-ဝါဒိတ-ဝိသူက-ဒဿန-မာလာဂန္ဓ-ဝိလေပန-ဓာရဏ-မဏ္ဍန-ဝိဘူသနဋ္ဌာနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

၈။ ဥစ္စာသယနမဟာသယနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

၉။ မေတ္တာသဟဂတေန စေတသာ သဗ္ဗပါဏဘူတေသု ဖရိတွာ ဝိဟရဏံ သမာဒိယာမိ။

အာမ ဘန္တေ-ပါ အရှင်ဘုရား။

**နဝင်္ဂ သီလနှင့်စပ်၍ မှတ်သားဘွယ်ကား။** ။နဝဟိ ဘိက္ခဝေ အင်္ဂေဟိ သမန္နာဂတော ဥပေါသထော ဥပဝုတ္ထော မဟပ္ဖလော ဟောတိ မဟာနိသံသော မဟာဇုတိကော မဟာဝိပ္ဖာရောဟူ၍ အင်္ဂုတ္တရပါဠိတော် နဝက

နိပါတ် နဝင်္ဂပေါသထသုတ်၌ ရှင်တော်ဘုရားဟောကြား တော် မူခဲ့ခြင်းကြောင့် နဝင်္ဂဥပုသ်ဟူ၍ ဖြစ်ပေါ်လာပါ သည်၊ ကျေးဇူးရှင်ဖားကူးဆရာက သောတာပန္နသီလပ္ပကာ သနီကျမ်းတွင် နဝင်္ဂဥပုသ်ကို ဆောက်တည်သင့်ကြောင်း ဆုံးဖြတ်တော်မူပါသည်၊ သီလတော်တောင်းနည်းက စ၍ အကျယ် ရေးသားတော်မူသည်၊ ဤကျမ်း နောက်ပိုင်း တွင် အကျယ်ရေးသား ထားပါသည်၊ နဝင်္ဂဥပုသ်ကို စကြာမင်းများသာ ဆောက်တည်ကောင်း သလိုလို ပြောဆိုခြင်းများကိုလည်း ဆရာ၏ကျမ်းကရှင်းလင်းထား ပါသည်၊ ယခုရေးထားသော နဝင်္ဂဥပုသ်သည် ရှေးမူ ဖြစ်ပါသည်၊ မေတ္တာသဟဂတေန စေတသာ ယထာသတ္တိ ယထာဗလံ သဗ္ဗပါဏဘူတေသု ဖရိတွာ ဝိဟာရာမိ-ဟူ၍ ကျမ်းဂန်အရာတွင် လမ်းမှန်သော ပြလေ့ရှိသော ကျေးဇူး ရှင် ဖားကူးဆရာက ပါဠိတော်ကြီးများနှင့် အညီ ပြင် ထားပါသည်။

၉-ပါးသီလ (နဝင်္ဂပုဥပုသ်)ဆောက်တည်ပုံ ပြီး၏။

သီလဆောက်တည်ခဏ်း ပြီးပြီ။

---

## (၃) ဆွမ်းစသည် ကပ်လှူခဏ်း

### ၁-ဆွမ်း, ရေချမ်း, ပန်း,ဆီမီး, ကပ်လှူပုံ

အရဟံအစရှိသော ကိုးပါးသော ဂုဏ်တော်တို့နှင့် ပြည့်စုံ တော်မူသော သဗ္ဗညုတဉာဏသခင် ဘုရားရှင်အား ကိုယ်စား မှတ်၍ စေတီတော်မြတ်လေးပါးအား-

၁။ အဆင်းယနံ့ သင်းပျံ့ကြိုင်လျှမ်း ဤဆွမ်းခဲဘွယ် တို့ကို လှူဒါန်းပါကုန်၏အရှင်ဘုရား။ ဤကုသလံ မြတ်ပုညံသည် နိဗ္ဗာန်ရောက်အောင် ပို့ဆောင် နိုင်ပါစေသတည်း။

၂။ အဆင်းယနံ့ သင်းပျံ့ကြိုင်လျှမ်း ဤရေချမ်းတို့ကို။

၃။ အဆင်းယနံ့ သင်းပျံ့ကြိုင်လျှမ်း ဤပန်းတို့ကို။

၄။ အဆင်း အရောင် ဝင်းပြောင်ထိန်ညီး ဤဆီမီးတို့ကို။ (ခဲဘွယ် ဆွမ်းလှူဒါန်းသောနေရာ၌ ရေချမ်း-ပန်း- ဆီမီးတို့ကိုထည့်၍ဆိုပါ)။

## (တနည်း)

## ၂-ဆွမ်း, ရေချမ်း, ပန်း, ဆီမီး, ကပ်လှူပုံ

ဘန္တေ၊ ဘုန်းတော်ဂုဏ် အအေးခါတ်တို့ကို ပေးတော်မူ တတ်သော မြတ်စွာဘုရား။ အရဟာတာဒိ နဝဂုဏောဟိ၊ အရဟာ တာ-အစလာသော ကိုးဖြာသော ဂုဏ်တော်ပေါင်းတို့ဖြင့်။ ကိတ္တိဗျာပိတံ၊သိမ့်သိမ့်တုန်ခပ် ပဲ့တင်ထပ်မျှ နှံ့စပ်ကျော်ကြား တော်မူထသော။ ဗုဒ္ဓံ၊ သဗ္ဗညုတ ဉာဏသခင် ဘုရားရှင်ကို။ ဥဒ္ဒိဿ၊ ကိုးစားသမှု အာရုံပြု၍၊ စေတိယဿ၊စေတီတော်မြတ် လေးပါးအား။

၁။ ဣမာနိ၊ အဆင်းယနံ့ သင်ပျံ့ကြိုင်လျှမ်း ဤခဲဘွယ် ဆွမ်းတို့ကို။

၂။ ဣမာနိ၊ အဆင်းယနံ့ သင်းပျံ့ကြိုင်လျှမ်း ဤရေချမ်း တို့ကို။

၃။ ဣမာနိ၊ အဆင်းယနီ့ သင်းပျံ့ကြိုင်လျှမ်း ဤပန်း တို့ကို။

၄။ ဣမာနိ၊ အဆင်းအရောင်ဝင်းပြောင်ထိန်ညီးဤဆီမီး တို့ကို။ မယံ၊ တပည့်တော်တို့သည်။ ဒေမ၊ လှူဒါန်း ပါကုန်၏။ ပူဇေမ၊ ပူဇော်ပါကုန်၏ အရှင်ဘုရား။ မေ၊ ဘုရားတပည့်တော်၏။ ဣဒံပုညံ၊ ဤကောင်းမှု သည်၊ အာသဝက္ခယံ၊ ကာမာသဝ စသည် လေးတန် ကင်းဆိတ်ညံသော နိဗ္ဗာန် ရွှေပြည်ကို။ ဝဟံ၊ ရွက်ဆောင်နိုင်သည်။ ဟောတု၊ ဖြစ်ပါစေ သတည်း။

ဆွမ်းစသည် ကပ်လှူခဏ်းပြီးပြီ။

——

## (၄) ဘုရားရှိခိုးခဏ်း

### ၁-အစိန္တေယျ ရတနတ္တယ ဘုရားရှိခိုး

အစိန္တေယျ အစိန္တေယျ အစိန္တေယျ အပ္ပမေယျ အပ္ပ မေယျ အပ္ပမေယျ ကျေးဇူးတော်အစုံ ဂုဏ်တော်အနန္တတို့ကို အမှန်ရတော်မူပါသဖြင့် မဟာကရုဏာသမာပတ္တိဉာဏ်တော် သဗ္ဗညုတဉာဏ်တော် အစရှိသော ဉာဏ်တော်မြတ်အပေါင်း တို့ကို ကောင်းစွာ ဆောင်တော်မူတတ်ထသော ပုဂ္ဂလဝိသေသ ခန္ဓသန္တာန်တို့ဖြင့် အမှန်ပင် ထင်ရှားတော်မူသော ဘုရား မြတ်ရတနာ။

မဂ်လေးတန် ဖိုလ်လေးတန် နိဗ္ဗာန်ပရိယတ် ဆယ်ပါး သော တရားတော်မြတ်ရတနာ။

မဂ္ဂင်္ဂါန်လေးပါး ဖလင်္ဂါန်လေးပါးအားဖြင့် ရှစ်ပါးသော အရိယာ ပရမတ္ထသံဃာတော်နှင့်တကွ သမ္မုတိနှယ်လာ မြတ်သံဃာကို။အဟံ၊ ဘုရားတပည့်တော်သည်။ ဝန္ဒေ-ဝန္ဒာမိ၊ ဝင့်သံသရာ လွတ်ရန်သာဟု ကောင်းစွာမြတ်နိုး လက်စုံမိုး၍ ရှိခိုးပါ၏ အရှင်ဘုရား ။

## ၂-အစိန္တေယျ သစ္စာလေးပါး ဘုရားရှိခိုး

အစိန္တေယျ၊ အစိန္တိတ၊ ဇေဠသေဋ္ဌ၊ အတုလဟု၊ သုဂတမှန်ကူ၊ စံမတူသည့်၊ သယမ္ဘူမြတ်စွာ၊ စေသတ္တာသည်၊ သစ္စာလေးတန်၊ တရားမှန်ဟု၊ သာမုက္ကံသိကဒေသနာ၊ ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာ ဟု ဆိုအပ်သော၊ သစ္စာလေးဝ၊ အပိုင်ရတော်မူသဖြင့်၊ ဗုဒ္ဓရှင်ချစ်၊ ဓမ္မရာဇ်ဟု၊ စင်စစ်မသွေ၊ ဖြစ်တော်မူပါပေသည်၊ ကိုးထွေဂုဏ်အင်၊ စုံအလင်နှင့်၊ ဘုံတွင်ကျော်ကြား၊မြတ်စွာဘုရားကို။ အဟံ၊ ဘုရားတပည့်တော်သည်။ ဝန္ဒေ-ဝန္ဒာမိ၊ သွယ်ဖရောင်းခက်၊ ဆယ်ချောင်းလက်ဖြင့်၊ ထိပ်ထက်အဥ္ဇလီ၊ တင်ချီဂါဝရ၊ ပဏာမဖြင့်၊ ကြည်ဆွသဒ္ဓါ၊ ရှိခိုးပါ၏ အရှင်ဘုရား။

ပု-ဒိ-အာ

## ၃-ဝိဇ္ဇာ သုံးပါး ဘုရားရှိခိုး

အစိန္တေယျ အပ္ပမေယျ လောကကြက်သရေ တက်နေအသွင် အပရာဇိတရွှေပလ္လင်၌ နေမဝင်ခင် မာရ်ဘုရင်ကို အောင်မြင်တော်မူပြီး၍ ထန်သည်းတေဇာ ရွှေသမ္ဘာကြောင့်

ပြေခေမာအသိဖွေ့ပြီးလျှင် ကိလေသာ သုံးထောင်ဝက်တို့ကို တိုက်ဖျက်တော်မူခြင်းငှာ အာနာပါန ဘာဝနာကမ္မဋ္ဌာန်းတို့ကို ကြိုးပမ်းတော်မူလေလျှင် ရှေးစဉ်ကာလ ဘဝသံသရာ၌ ဖြစ်လာသမျှ ဒေသရပ်ရွာ ခန္ဓာပင်စည် အစချီသော ထို ဤ ပရမတ် ပညတ်အတန်တန် တရားအမှန်တို့ကို မမှားကေန် ထုတ်ဖွေတတ်သော (ညဉ့်ဦးယံ၌) ပုဗ္ဗေနိဝါသာနုဿတိ ဉာဏ်တော်။

သုံးတန်ဘုံသား ဝေနေအများတို့၏ ထူးခြားလှဘိ စုတိပဋိသန် လားရန်ဂတိ အစရှိသည်နှင့်တကွ ဒူရပဋိစ္ဆန္န သဏှာ သုခုမ၊ စသည်ထွေပြား၊ ရူပါရုံအများတို့ကို၊ ပိုင်းခြားကာ ဒိဋ္ဌရှုနိုင်သော (သန်းခေါင်ယာမ်၌) ဒိဗ္ဗစက္ခုဉာဏ်တော်။

လေးတန်အာသဝ လေးသြဃနှင့် ယောဂဂန္ထာ ဉပါဒါန ဆနီဝရဏာ သတ္တာနုသယ ဒသသံယောဇဉ် စုံလင်လှစွာ ခြေရံပါသော တထောင့်ငါးရာ ကိလေသာတို့ကို တိခြေကာ ပယ်သတ်လျက်၊ လေးရပ်သစ္စာ၊ အပိုင်ရပါသဖြင့် မဟာဝဇိရ ဉာဏာဝုဓ အမည်တော်ရသော အရဟတ္တမဂ် စိန်သံလျက်ဖြင့် ပယ်ဖျက်သုတ်သင် ခုတ်ထွင်ရှင်းလင်း အောင်ပွဲကျင်းလျက် ရှင်မင်းဘဂဝါ စိန္တေယျာသည် ရှိန်တေဇာဘဝဂ်မကာသဖြင့် (မိုးသောက်ယာမ်၌) အာသဝက္ခယဉာဏ်တော်။

တရားမမ္မက္ခန်တို့ကို အမှန်ရှုကြည့်ကာဖြင့် ပု, ဒိ, အာဟု ဆိုအပ်သော သုံးရပ်သော ဝိဇ္ဇာဉာဏ်ကို အမှန်ပင် ရတော်မူလျက် ဘိုးတော်အဥ္စနမင်း ဖြိုကြွင်းသက္ကရာဇ် ၁၀၃-ခုနှစ် တွက်စစ်အကြုံ၊ ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့အကုန် စန်းနှင့်

ဝိသာခါ အစုံဖက်၍ နေအရုဏ်တက်သည်နှင့် တပြိုင်နက် သုံးဆိုင်သော ဝဋ်ဘေးက လွတ်ပေတော်မူရသဖြင့် ဆအာသာ မာရဏ စတုဝေသာရဇ္ဇ ဒသဗလ ဆအာဘိညာ ဝိဇ္ဇာအဋ္ဌ စရဏတဆဲ့ငါး တရားရတနာတို့နှင့် ကောင်းစွာ ဆင်ယင် အပ်သော သဗ္ဗညုတ ရွှေဉာဏ်ဖြင့် ခေမာအမတံ အထူးတင့် အောင် ဦးကင်တော်ဖွင့်လှစ်၍ဓမ္မရာဇ်ထွတ်ထား မြတ်ဘုရား ဖြစ်တော်မူလေသတည်း။

တံ ဗုဒ္ဓံ၊ သစ္စာလေးရပ် အအေးခတ်ကို ပေးအပ်တော် မူတတ်သော ထိုမြတ်စွာဘုရားကို။ အဟံ၊ ဘုရားတပည့်တော် သည်။ ဝန္ဒေ ဝန္ဒာမိ၊ နိဗ္ဗာန်ရောက်ကြောင်း ဆုမွန်တောင်း၍ ညွတ်ပျောင်းဝန္ဒနာ ရှိခိုးပါ၏ဘုရား။

၄-ဘုရားဂုဏ်တော် ၉-ပါးဘုရားရှိခိုး

ဣတိပိသောဘဂဝါ၊ အရဟံ၊ သမ္မာသမ္ဗုဒ္ဓေါ၊ ဝိဇ္ဇာစရဏ သမ္ပန္နော' သုဂတော၊ လောကဝိဒူ၊ အနုတ္တရော ပုရိသ ဒမ္မသာရထိ၊ သတ္ထာဒေဝ မနုဿာနံ၊ ဗုဒ္ဓေါ၊ ဘဂဝါ။

၁။ သောဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဣတိပိ ဣမိ နာဝ ကာရဏေန၊ လူနတ်ဦးခိုက် ပူဇော်အထူးကို ခံတော်မူ ထိုက်သော ဤအကြောင်းကြောင့်လည်း။ အရဟံ၊ အရဟံ ဂုဏ်နှင့် ပြည်စုံတော်မူပါပေ၏။

၂။ သောဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဣတိပိ ဣမိ နာဝ ကာရဏေန၊ မြတ်ဓမ္မေတရားခပင်းတို့ကို မမှားမယွင်း သိတော် မူသော ဤအကြောင်း ကြောင့်လည်း။ သမ္မာ သမ္ဗုဒ္ဓေါ၊ သမ္မာသမ္ဗုဒ္ဓဂုဏ်နှင့် ပြည့်စုံတော်မူပါပေ၏။

၃။ သောဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဣတိပိ ဣမိနာ စ ကာရဏေန၊ ဝိဇ္ဇာစရဏဂုဏ်နှင့် ပြည့်စုံတော်မူသော ဤအကြောင်းကြောင့်လည်း။ ဝိဇ္ဇာစရဏသမ္ပန္နော၊ ဝိဇ္ဇာစရဏသမ္ပန္နဂုဏ်နှင့် ပြည့်စုံတော်မူပါပေ၏။

၄။ သောဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဣတိပိ ဣမိနာ စ ကာရဏေန၊ ပြည်ခေမာအောင်စခန်းသို့ ကြွလှမ်းတော်မူသော ဤအကြောင်းကြောင့်လည်း။ သုဂတော၊ သုဂတဂုဏ်နှင့် ပြည့်စုံတော်မူပါပေ၏။

၅။ သောဘဂဝါ၊ ထိုမြတ်စွာ ဘုရားသည်။ ဣတိပိ ဣမိနာ စ ကာရဏေန၊ လောကသုံးပါးအရှိကို အကုန်သိတော်မူသော ဤအကြောင်းကြောင့်လည်း။ လောကဝိဒူ၊ လောကဝိဒူဂုဏ်နှင့် ပြည့်စုံတော်မူပါပေ၏။

၆။ သောဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဣတိပိ ဣမိနာ စ ကာရဏေန၊ ဆုံးမထိုက်ဝေနေယျတို့ကို ပရမေဘဂဝါ ဆုံးမတော်မူသော ဤအကြောင်းကြောင့်လည်း။ အနုတ္တရော ပုရိသ ဒမ္မသာရထိ၊ အနုတ္တရောပုရိသဒမ္မသာရထိ ဂုဏ်နှင့် ပြည့်စုံတော်မူပါပေ၏။

၇။ သောဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဣတိပိ ဣမိနာ စ ကာရဏေန၊ နတ်ဗြဟ္မာလူတို့၏ မြတ်ဆရာတဆူ ဖြစ်တော်မူသော ဤအကြောင်းကြောင့်လည်း။ သတ္ထာဒေဝမနုဿာနံ၊ သတ္ထာဒေဝမနုဿာနဂုဏ်နှင့် ပြည့်စုံတော်မူပါပေ၏။

၇။ သောဘဂ္ဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဣတိပိ ဣမိနာ၀စ ကာရဏေန၊ လေးသစ္စာ တရားအမြတ်တို့ကို သိတတ်သိစေတော် မူတတ်သော ဤအကြောင်း ကြောင့်လည်း။ ဗုဒ္ဓေါ၊ ဗုဒ္ဓဂုဏ်နှင့် ပြည့်စုံတော်မူပါပေ၏။

၉။ သောဘဂ္ဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဣတိပိ ဣမိနာ၀စ ကာရဏေန၊ ဘုန်းတော်ဂုဏ်အနန္တတို့ကို အမှန်ရတော်မူသော ဤအကြောင်းကြောင့်လည်း။ ဘဂဝါ၊ ဘဂဝါဂုဏ်နှင့် ပြည့်စုံတော်မူပါပေ၏။

ဇိနဝဟိ ဂုဏေဟိ၊ ဤကိုးပါးသော ဂုဏ်တော်တို့နှင့်။ သမ္ပန္နာဂတံ၊ ပြည့်စုံတော် မူသော။ နာထံ၊ လူနတ်ဗြဟ္မာ သတ္တဝါတို့၏ ကိုးစားရာ မြတ်စွာဘုရားကို။ အဟံ၊ ဘုရားတပည့်တော်သည်။ ဝန္ဒေ ဝန္ဒာမိ၊ ဘယလာဘ ကုလ ကြည်ဝေး သံသာဘေးမှ လွတ်ရေးအာရုံ စိတ်မှာထုံလျက် ယုံကြည်မြတ်နိုး သဒ္ဓါတိုး၍ ရှိခိုးပါ၏ အရှင်ဘုရား။

## ၅-တရားဂုဏ်တော် ၆-ပါး ဘုရားရှိခိုး

သွာက္ခာတော ဘဂဝတာဓမ္မော၊ သန္ဒိဋ္ဌိကော၊ အကာလိကော၊ ဧဟိပဿိကော၊ ဩပနေယျိကော၊ ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ။

၁။ ဘဂဝတာ၊ ရွှေဘုန်းတော် သခင်သည်။ ဓမ္မော၊ မဂ်,ဖိုလ်နိဗ္ဗာန် ဓမ္မက္ခန်အား ဆယ်တရားကို။ သွာက္ခာတော၊ ဘေးသံသရာ အေးရန်ငှာဟု ကောင်းစွာ ဟောကြားတော်မူအပ်ပါသဖြင့် သွာက္ခာတဂုဏ်နှင့် ပြည့်စုံတော်မူပါ ပေ၏။

၂။ ဓမ္မော၊ မဂ်လေးပါး ဖိုလ်လေးပါး နိဗ္ဗာန်အားဖြင့် လောကုတ္တရာ ကိုးဖြာသော တရားရတနာသည်။ သန္ဒိဋ္ဌိကော၊ အရိယာ ရှုစ်ဖော်သာ ရှုမြင်တော်မူပါသဖြင့် သန္ဒိဋ္ဌိက ဂုဏ်နှင့် ပြည့်စုံတော်မူပါပေ၏။

၃။ ဓမ္မော၊ မဂ်ညာဏ်လေးပါး မြတ်တရားသည်။ အကာလိကော၊ မဂ်၏အခြားမဲ့၌ ဖိုလ်ဟု တကဲ့ကို အကျိုးပေးသော ကာလရှိသဖြင့် အကာလိကဂုဏ်နှင့်ပြည့်စုံတော် မူပါပေ၏။

၄။ ဓမ္မော၊ လောကုတ္တရာ ကိုးဖြာသော တရားရတနာ သည်။ ဧဟိပဿိကော၊ စန်းလအသွင် ပတ္တမြားမျက်ရှင်ကဲ့သို့ ရှုမြင် မဝသဖြင့် လာခဲ့စမ်းပါ ကြည့်စမ်းပါဟု ကောင်းစွာ ကိုင်ဆွဲ ရွှေလက်တွဲလျက် အမြဲထာဝစဉ် ပြနိုင်ဘိသဖြင့် ဧဟိ ပဿိကဂုဏ်နှင့် ပြည့်စုံတော်မူပါပေ၏။

၅။ ဓမ္မော၊ လောကုတ္တရာ ကိုးဖြာသော တရားရတနာ သည်။ ဩပနေယျိကော၊ ပုဆိုးဥသျှောင် မီးလောင်သော် လဲ မသတ်ဘဲနှင့် အမြဲရှုရ သဲကာတ္တကြောင့် ဩပနေယျိက ဂုဏ်နှင့် ပြည့်စုံတော်မူပါပေ၏။

၆။ ဓမ္မော၊ လောကုတ္တရာ ကိုးဖြာသော ရတနာသည်။ (ဝါ) တရားရတနာကို။ ဝိညူဟိ၊ အရိယာတို့သည်။ ပစ္စတ္တံ ဝေဒိတဗ္ဗော၊ အသီးအသီး မိမိစိတ်၌ သိမှီးလျက် မငြီးနေ့ည ခံစားရှုမြင်အပ်သော သကတ္တာကြောင့် (ဝါ) ရွှေနိဗ္ဗာန်အမတ ဓာတ်ကို ဖလသမာပတ်ဖြင့် ခံစားတော် မူအပ်သဖြင့် ပစ္စတ္တံဝေဒိတဗ္ဗဂုဏ်နှင့် ပြည့်စုံတော်မူပါပေ၏။

ဧဝံ ဆယဟိ ဂုဏောဟိ၊ ဤခြောက်ပါးသော ဂုဏ်တော်တို့နှင့်။ သမ္ပန္နာဂတာ၊ပြည့်စုံတော်မူသော။သမ္ပတ္တိဒါယကာ၊လူနတ်နိဗ္ဗာန် သုံးတန်ချမ်းသာ ပေးတတ်စွာသော၊၊ ဓမ္မံ၊ တရားတော်မြတ်ရတနာကို။ အဟံ၊ ဘုရားတပည့်တော်သည်။ ဝန္ဒေဝန္ဒာမိ၊ ဘယလာဘ ကုလကြဉ်ဝေး သံသာဘေးမှ လွတ်ရေးအာရုံ စိတ်မှာထုံလျက် ယုံကြည်မြတ်နိုး သဒ္ဓါတိုး၍ ရှိခိုးပါ၏အရှင်ဘုရား။

၆-သံဃဂုဏ်တော် ၉-ပါး ဘုရားရှိခိုး

သုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊ ဥဇုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊ ဉာယပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊ သာမိစိပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊ ယဒိဒံ စတ္တာရိ ပုရိသယုဂါနိ အဋ္ဌပုရိသပုဂ္ဂလာ၊ ဧသ ဘဂဝတော သာဝကသံဃော၊ အာဟုနေယျော၊ ပါဟုနေယျော၊ ဒက္ခိဏေယျော၊ အဉ္ဇလိ ကရဏီယော၊ အနုတ္တရံ ပုညက္ခေတ္တံ လောကဿ။

၁။ ဘဂဝတော၊ မြတ်စွာဘုရား၏။ သာဝကသံဃော၊ တပည့်အရိယာ မြတ်သံဃာသည်။ သုပ္ပဋိပန္နော၊ ဆိုးမတိုင်း ကျင့်တော်မူကြသဖြင့် သုပ္ပဋိပန္နဂုဏ်နှင့် ပြည့်စုံတော် မူပါပေ၏။

၂။ ဥဇုပ္ပဋိပန္နော၊ ဖြောင့်မှန်စွာ ကျင့်တော်မူကြသဖြင့် ဥဇုပ္ပဋိပန္နဂုဏ်နှင့် ပြည့်စုံတော်မူပါပေ၏။

၃။ ဉာယပ္ပဋိပန္နော၊ နိဗ္ဗာန်အကျိုးငှာ ကျင့်တော်မူကြသဖြင့် ဉာယပ္ပဋိပန္နဂုဏ်နှင့် ပြည့်စုံတော်မူပါပေ၏။

၄။ သာမိစိပ္ပဋိပန္နော၊ ရိုသေထိုက်အောင် ကျင့်တော်မူကြသဖြင့် သာမိစိပ္ပဋိပန္နဂုဏ်နှင့် ပြည့်စုံတော် မူပါပေ၏။

စတ္တာရိ၊ လေးယောက်ကုန်သော။ ယဒိဒံ ယာ နိဋ္ဌမာနိ ပုရိသယုဂါနိ၊ အကြင်ပုဂ္ဂိုလ်အစုံတို့သည်။ အဋ္ဌ၊ ရှစ်ယောက်ကုန်သော။ ယဒိဒံယေ ဋ္ဌမေ ပုရိသပုဂ္ဂလာ၊ အကြင် အသီးအသီးသော ပုဂ္ဂိုလ်တို့သည်။ သန္တိ၊ ရှိကုန်၏။ ဘဂဝတော၊ မြတ်စွာဘုရား၏။ သေ သော သာဝကသံဃော၊ ထို အစုံလေးပါး သီးခြားရှစ်ဖော် မြတ်သံဃာတော်သည်။

၅။ အာဟုနေယျော၊ ဝေးရပ်ဆောင် မြတ်ဒါနကို-ခံတော်မူထိုက်သော သာဝကတွေကြောင့် အာဟုနေယျ ဂုဏ်နှင့် ပြည့်စုံတော်မူပါပေ၏။

၆။ ပါဟုနေယျော၊ ဝေးဧည့်သည်သူအမြိုက်ကို လှူထိုက်သော သာဝကတွေကြောင့် ပါဟုနေယျဂုဏ်နှင့် ပြည့်စုံတော်မူပါပေ၏။

၇။ ဒက္ခိဏေယျော၊ ချမ်းသာရန် သူမျှော်ဖန်သည့် လှူတော်ခံသာဝကတွေကြောင့် ဒက္ခိဏေယျဂုဏ်နှင့် ပြည့်စုံတော်မူပါပေ၏။

၈။ အဉ္ဇလိကရဏီယော၊ အဉ္ဇလိ ညွှန် ပဏာဖြင့် ဝန္ဒနာ ပြုရသော သာဝကတွေကြောင့် အဉ္ဇလိကရဏီယ ဂုဏ်နှင့် ပြည့်စုံတော်မူပါပေ၏။

၉။ လောကဿ၊ ပါရမီရှင် သူတော်စင်၏။ အနုတ္တရံ၊ တုဘက်မရ နှိုင်းမမျှသော။ ပုညက္ခေတ္တံ၊ ကောင်းမှု မျိုး၏

စိုက်ပျိုးကြရာ လယ်တာ မြေကောင်းအတူ ဖြစ်တော်မူရ သကတ္တကြောင့် ပုညက္ခေတ္တာဂုဏ်နှင့် ပြည့်စုံတော်မူပါပေ၏။

ဧဝံ နဝဟိ ဂုဏေဟိ၊ ဤကိုးပါးသော ဂုဏ်တော်တို့ဖြင့်။ ဝိသုတံ၊ ထင်ရှား ကျော်ကြားတော်မူထသော။ ဇိနေ ရသံ၊ မြတ်စွာသင်းကျစ် ဓမ္မရာဇ်၏ သားချစ်ရတနာမြတ်သံဃာကို။ အဟံ၊ ဘုရားတပည့်တော်သည်။ ဝန္ဒေ ဝန္ဒာမိ၊ ဘယလာဘ ကုလကြဉ်ဝေး သံသာဘေးမှ လွတ်ရေးအာရုံ စိတ်မှာ ထုံလျက်ယုံကြည်မြတ်နိုး သဒ္ဓါတိုး၍ ရှိခိုးပါ၏အရှင်ဘုရား။

(တနည်း)

၇–ဘုရားဂုဏ်တော်ကိုးပါး ဘုရားရှိခိုး
(ပုတီးစိပ်အတွက်)

၁။ အရဟံ၊ လူနတ်ဦးခိုက် ပူဇော်အထူးကို ခံတော်မူထိုက်သော မြတ်စွာဘုရား–မြတ်စွာဘုရား–မြတ်စွာဘုရား။

၂။ သမ္မာသမ္ဗုဒ္ဓေါ၊ မြတ်ဓမ္မတရားခပင်းကို မမှားမယွင်း သိတော်မူသော မြတ်စွာဘုရား–မြတ်စွာဘုရား–မြတ်စွာဘုရား။

၃။ ဝိဇ္ဇာစရဏသမ္ပန္နော၊ ဝိဇ္ဇာစရဏဂုဏ်တို့နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား–မြတ်စွာဘုရား–မြတ်စွာဘုရား။

၄။ သုဂတော၊ ပြည်ခေမာအောင်စခန်းသို့ ကြွလှမ်းတော်မူသော မြတ်စွာဘုရား၊ မြတ်စွာဘုရား၊ မြတ်စွာဘုရား။

၅။ လောကဝိဒူ၊ လောကခံတတ်ဘုံအရှိကို အကုန်သိတော်မူသော မြတ်စွာဘုရား- မြတ်စွာဘုရား- မြတ်စွာဘုရား။

၆။ အနုတ္တရော ပုရိသဒမ္မသာရထိ၊ ဆုံးမထိုက် ဝေနေယျာတို့ကို ပရမေဘဂဝါ ဆုံးမတော်မူသော မြတ်စွာဘုရား-မြတ်စွာဘုရား-မြတ်စွာဘုရား။

၇။ သတ္ထာဒေဝမနုဿာနံ၊ နတ်ဗြဟ္မာလူတို့၏ မြတ်ဆရာတဆူဖြစ်တော်မူသော မြတ်စွာဘုရား-မြတ်စွာဘုရား မြတ်စွာဘုရား။

၈။ ဗုဒ္ဓေါ၊ လေးသစ္စာတရားအမြတ်တို့ကို သိတတ်,သိစေတော်မူတတ်သော မြတ်စွာဘုရား-မြတ်စွာဘုရား- မြတ်စွာဘုရား။

၉။ ဘဂဝါ၊ ဘုန်းတော်ဂုဏ် အနန္တတို့ကို အမှန်ရတော်မူသော မြတ်စွာ ဘုရား-မြတ်စွာ ဘုရား-မြတ်စွာဘုရား။

ဤဂုဏ်တော် ကိုးပါးနှင့် ပြည့်စုံတော်မူသော ဘုရားရတနာကို။ အဟံ၊ ဘုရားတပည့်တော်သည်။ ဝန္ဒေ ဝန္ဒာမိ၊ နိဗ္ဗာန်အကျိုး ရည်မျှော်ကိုး၍ ရှိခိုးပါ၏အရှင်ဘုရား။

မှတ်ချက်။ ။ဤ ဂုဏ်တော်ကိုးပါး ဘုရားရှိခိုးသည် ဗုဒ္ဓါနုဿတိ ပွားများရာ၌ အခြေခံဖြစ်ပါ၍မိမိရရ ကျက်ထားစေလိုပါသည်။

## ဂ–အစိန္တေယျလေးပါး ဘုရားရှိခိုး(မြန်မာ)

ဘန္တေ၊ အစိန္တေယျ ဂုဏ်တို့နှင့် ပြည့်စုံပါတဲ့ ဘုန်းတော်ရှင် ဝါစာအစိန္တေယျ ရူပအစိန္တေယျ ဉာဏအစိန္တေယျ ဣဒ္ဓိ အစိန္တေယျဟု ဆိုအပ်သော အစိန္တေယျ– လေး၀ ဂုဏ်လျှံ ဘဝင်ပျံ၍ ဘက်စုံမမြင် အနန္တ်သခင်ဟု ဘုံတွင်ထွဋ်ထား မြတ်ဘုရားအား ဝပ်တွားသဒ္ဒါ ရှိခိုးပါ၏အရှင်ဘုရား၊ ဤသို့ရှိခိုးရသော အစိန္တေယျ ပဏာမစေတနာ ရှိန်တေဇာတို့ကြောင့် ဘုရားတပည့်တော်သည် အတုမရှိသောစကား အတုမရှိသော အဆင်း အတုမရှိသောဉာဏ် အတုမရှိသော တန်ခိုးတို့နှင့် ပြည့်စုံရသည်။အမှို၊ ဖြစ်ရပါလို၏ အရှင်ဘုရား။

## ဃ–အစိန္တေယျလေးပါး ဘုရားရှိခိုး

ဝါစာဝါစာ ဝိလာသဂ္ဂ၊ ဝါစာစိန္တေယျသံယုတံ။
ဝန္ဒေ သာရဂုဏောပေတံ၊ တေနမှာတုလဝါစကော။

ဝါစာဝါစာ ဝိလာသဂ္ဂ ဝါစာစိန္တေယျသံယုတံ၊ ပကတိသော်စကား အလွန်တင့်တယ်သောစကား မြတ်သောစကား မကြံစည်နိုင်သော စကားနှင့် ပြည့်စုံတော်မူသော။ သာရဂုဏောပေတံ၊ ကျေးဇူးတော်စစ် ဂုဏ်တော်နှစ်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားကို။ အဟံ၊ အကျွန်ုပ်သည်။ ဝန္ဒေ ဝန္ဒာမိ၊ ရှိခိုးပါ၏။ တေန၊ ထိုသို့ ရှိခိုးရသော ကောင်းမှုကြောင့်။ အတုလဝါစကော၊ အတုမရှိသော စကားနှင့် ပြည့်စုံသည်။ အမှို၊ ဖြစ်ရပါလို၏။

ရူပရူပ ဝိလာသဂ္ဂ၊ ရူပါစိန္တေယျ သံယုတံ။
ဝန္ဒေ သာရဂုဏောပေတံ၊ တေနမှာတုလရူပဝါ။

ရူပရူပဝိလာသဂ္ဂ ရူပါစိန္တေယျသံယုတံ၊ ပကတိသော အဆင်း အလွန်တင့်တယ်သောအဆင်း မြတ်သော အဆင်း မကြုံစည်နိုင်သော အဆင်းနှင့် ပြည့်စုံတော်မူသော။ သာရ ဂုဏောပေတံ၊ ကျေးဇူးတော်စစ် ဂုဏ်တော်နှစ်နှင့် ပြည့်စုံ တော်မူသော မြတ်စွာဘုရားကို။ အဟံ၊ အကျွန်ုပ်သည်။ ဝန္ဒေ ဝန္ဒာမိ၊ ရှိခိုးပါ၏။ တေန၊ ထိုသို့ ရှိခိုးရသောကောင်းမှု ကြောင့်။ အတုလရူပဝါ၊ အတုမရှိသော အဆင်းနှင့် ပြည့်စုံ သည်။ အမို၊ ဖြစ်ရပါလို၏။

ဉာဏဉာဏဝိလာသဂ္ဂ၊ ဉာဏာစိန္တေယျ သံယုတံ။
ဝန္ဒေ သာရဂုဏောပေတံ၊ တေနမှာတုလဉာဏဝါ။

ဉာဏဉာဏဝိလာသဂ္ဂ ဉာဏာစိန္တေယျ သံယုတံ၊ ပကတိ သောဉာဏ် အလွန် တင့်တယ်သောဉာဏ် မြတ်သောဉာဏ် မကြုံစည်နိုင်သော ဉာဏ်နှင့် ပြည့်စုံတော် မူသော။ သာရ ဂုဏောပေတံ၊ ကျေးဇူးတော်စစ် ဂုဏ်တော်နှစ်နှင့် ပြည့်စုံ တော်မူသော မြတ်စွာဘုရားကို။ အဟံ၊ အကျွန်ုပ်သည်။ ဝန္ဒေ ဝန္ဒာမိ၊ ရှိခိုးပါ၏။ တေန၊ ထိုသို့ ရှိခိုးရသော ကောင်းမှု ကြောင့်။ အတုလဉာဏဝါ၊ အတုမရှိသော ဉာဏ်နှင့် ပြည့်စုံ သည်။ အမို၊ ဖြစ်ရပါလို၏။

ဣဒ္ဓိဣဒ္ဓိဝိလာသဂ္ဂ၊ ဣဒ္ဓိစိန္တေယျသံယုတံ။
ဝန္ဒေသာရဂုဏောပေတံ၊ တေနမှာတုလဣဒ္ဓိမာ။

ဣဒ္ဓိဣဒ္ဓိဝိလာသဂ္ဂ ဣဒ္ဓိစိန္တေယျသံယုတံ၊ ပကတိသော တန်ခိုး အလွန် တင့်တယ်သော တန်ခိုး မြတ်သော တန်ခိုး မကြံစည်နိုင်သော တန်ခိုးနှင့် ပြည့်စုံတော်မူသော။ သာရ ဂုဏောပေတံ၊ ကျေးဇူးတော်စစ် ဂုဏ်တော်နှစ်နှင့် ပြည့်စုံ တော်မူသောမြတ်စွာဘုရားကို။ အဟံ၊ အကျွန်ုပ်သည်။ ဝန္ဒေ ဝန္ဒာမိ၊ ရှိခိုးပါ၏။ တေန၊ ထိုသို့ ရှိခိုးရသော ကောင်းမှု ကြောင့်။ အတုလဣဒ္ဓိမာ၊ အတုမရှိသော တန်ခိုးနှင့် ပြည့်စုံ သည်။ အမှို၊ ဖြစ်ရပါလို၏။ ။(ရှေးဆရာတော်ကြီးများ ရေးသောမူအတိုင်း ဖော်ပြလိုက်ပါသည်)။

၁၀-ပဏာမ (ဒုတိယ)

၁။ ဗုဒ္ဓံ၊ ဘုရားမြတ် ရတနာကို။ အဟံ၊ ဘုရားတပည့် တော်သည်။ ဝန္ဒေ-ဝန္ဒာမိ၊ သဒ္ဓါရိုကျိုး လက်စုံမိုး၍ ရှိခိုးပါ၏အရှင်ဘုရား။

၂။ ဓမ္မံ၊ တရားတော်မြတ်ရတနာကို။ အဟံ၊ဘုရားတပည့် တော်သည်။ ဝန္ဒေ-ဝန္ဒာမိ၊ သဒ္ဓါရိုကျိုး လက်စုံမိုး၍ ရှိခိုးပါ၏ အရှင်ဘုရား။

၃။ သံဃံ၊ သံဃာတော်မြတ် ရတနာကို။ အဟံ၊ ဘုရား တပည့်တော်သည်။ ဝန္ဒေ-ဝန္ဒာမိ၊ သဒ္ဓါရိုကျိုး လက် စုံမိုး၍ ရှိခိုးပါ၏အရှင်ဘုရား။

မှတ်ချက်။ ။ဘုရားပင့် သီလတောင်း ဆွမ်းစသည်ကပ်လှူ ဘုရားရှိခိုး စသည်ပြီးလျှင် ဤပဏာမကိုဆို၍ ကန်

တော့ပါ၊ ကန်တော့ပြီးလျှင် အမျိုးသား ဆိုပါကထိုင်၍ အမျိုးသမီးဆိုပါက ပင်ကိုနေကျ အတိုင်းနေပြီး ဗြဟ္မဝိဟာရတရားကို ပွားများပါ၊ ဗြဟ္မစိုရ်တရား ပွားများပြီးလျှင် ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်း စီးဖြန်းကြပါလေ။

## (၅) ဘာဝနာခဏ်း

### ၁-ဗြဟ္မဝိဟာရလေးပါး ပွားများပုံ

၁။ အဟံ အဝေရော ဟောမိ၊ အဗျာပဇ္ဇော ဟောမိ။
အနီဃော ဟောမိ၊ သုခီ အတ္တာနံ ပရိဟာရာမိ။ (မေတ္တာ)
ဒုက္ခာ မုစ္စာမိ။ (ကရုဏာ)
ယထာလဒ္ဓသမ္ပတ္တိတော မာဝိဂစ္ဆာမိ။ (မုဒိတာ)
ကမ္မဿကော။ (ဥပေက္ခာ)

၂။ မမ မာတာပိတု အာစရိယာ၊ ဉာတိမိတ္တ သမူဟာ
အဝေရာ ဟောန္တု၊ အဗျာပဇ္ဇာ ဟောန္တု။
အနီဃာ ဟောန္တု၊ သုခီ အတ္တာနံ ပရိဟရန္တု။
ဒုက္ခာ မုစ္စန္တု။
ယထာ လဒ္ဓ သမ္ပတ္တိတော မာဝိဂစ္ဆန္တု။
ကမ္မဿကာ။

၃။ ဘူမဋ္ဌ ဒေဝတာ၊ ရုက္ခဋ္ဌ ဒေဝတာ၊
အာကာသဋ္ဌ ဒေဝတာ၊ အာရက္ခဋ္ဌ ဒေဝတာ၊
အဝေရာ (ပ) ကမ္မဿကာ။

၄။ (က) သဗ္ဗေ သတ္တာ၊ သဗ္ဗေပါဏာ၊ သဗ္ဗေ ဘူတာ၊
သဗ္ဗေ ပုဂ္ဂလာ၊ သဗ္ဗေ အတ္တဘာဝပရိယာ ပန္နာ၊
(အနောဓိဖရဏာ)

(ခ) သဗ္ဗာဃူတ္တိယော၊ သဗ္ဗေပုရိသာ၊ သဗ္ဗေ အရိယာ၊
သဗ္ဗေ အနရိယာ၊ သဗ္ဗေ ဒေဝါ၊ သဗ္ဗေ မနုဿာ၊
သဗ္ဗေ ဝိနိပါတိကာ၊ (သြဓိဖရဏာ)
အဝေရာ(ပ)ကမ္မဿကာ။

၅။ ပုရတ္ထိမာယ ဒိသာယ၊ ပစ္ဆိမာယ ဒိသာယ။
ဥတ္တရာယ ဒိသာယ၊ ဒက္ခိဏာယ ဒိသာယ။
ပုရတ္ထိမာယ အနုဒိသာယ၊ ပစ္ဆိမာယ အနုဒိသာယ။
ဥတ္တရာယ အနုဒိသာယ၊ ဒက္ခိဏာယ အနုဒိသာယ။
ဟေဋ္ဌိမာယ ဒိသာယ၊ ဥပရိမာယ ဒိသာယ။
(ဒိသာ-ဖရဏာ)
သဗ္ဗေ သတ္တာ၊ (ပ) သဗ္ဗေ ဝိနိပါတိကာ
အဝေရာ(ပ)ကမ္မဿကာ။

မှတ်ချက်။ ။ဗြဟ္မဝိဟာရလေးပါး အနက်ပါ ရပါမှ သာ၍ ကောင်းသဖြင့် အနက်ပါ ရေးလိုက်ပါသည်။

၁။ အဟံ၊ ငါသည်။ အဝေရော၊ ရန်မရှိသည်။ အဗျာပဇ္ဇော၊ စိုးရိမ်ကြောင့်ကြ မရှိရသည်။ အနီဃော၊ ဆင်းရဲမရှိသည်။ ဟောမိ၊ ဖြစ်ရပါစေ။ သုခီ၊ ကိုယ်ချမ်းသာခြင်းရှိသည်ဖြစ်၍။ အတ္တာနံ၊ မိမိကိုယ်ကို။ ပရိဟရာမိ၊ ရွက်ဆောင်နိုင်ရပါစေ။ ဒုက္ခာ၊ ဆင်းရဲခြင်းမှ။ မုစ္စာမိ၊ လွတ်ရပါစေ။ ယထာလဒ္ဓသမ္ပတ္တိတော၊ အကြင်အကြင်ရမြဲတိုင်းချမ်းသာမှ။ မာဝိဂစ္ဆာမိ၊ မကင်းကွာမဆုတ်ယုတ်ရပါစေ။ ကမ္မဿကော၊ ကံသာလျှင် မိမိဥစ္စာရှိချေ၏။

၂။ မမ၊ ငါ၏။ မာတာပိတု-အာစရိယာ၊ အမိ, အဘ, ဆရာသမားတို့သည်။ ဉာတိမိတ္တာသမူဟာ၊ ဆွေမျိုး အပေါင်း မိတ်ဆွေ အပေါင်းတို့သည်။ အဝေရာ၊ ရန်မရှိကြကုန်သည်။ အဗျာပဇ္ဇာ၊ စိုးရိမ်ကြောင့်ကြ မရှိကြကုန်သည်။ အနီဃာ၊ ဆင်းရဲမရှိကြကုန်သည်။ ဟောန္တု၊ ဖြစ်ကြပါစေ။ သုခီ၊ ကိုယ်ချမ်းသာခြင်း ရှိကြကုန်သည်ဖြစ်၍။ အတ္တာနံ၊ မိမိကိုယ်ကို။ ပရိဟရန္တု၊ ရွက်ဆောင်နိုင်ကြပါစေ။ ဒုက္ခာ၊ ဆင်းရဲခြင်းမှ၊ မုစ္စန္တု၊ လွတ်ကြပါစေ။ ယထာလဒ္ဓသမ္ပတ္တိတော၊ အကြင် အကြင် ရမြဲတိုင်း ချမ်းသာမှ။ မာဝိဂစ္ဆန္တု၊ မကင်းမကွာ မဆုတ်ယုတ်ကြပါစေကုန်သတည်း။

၃။ ဘုမ္မဋ္ဌဒေဝတာ၊ ဘုမ္မစိုး နတ်တို့သည်။ ရုက္ခဋ္ဌ-ဒေဝတာ၊ ရုက္ခစိုး နတ်တို့သည်။ အာကာသဋ္ဌဒေဝတာ၊ အာကာသစိုး နတ်တို့သည်။ အာရက္ခဋ္ဌဒေဝတာ၊ စောင့်ရှောက်ကုန်သော နတ်တို့သည်။ အဝေရာ၊ (ပ)ရှိကြကုန်၏။

၃။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ သတ္တာ၊ ခန္ဓာငါးရပ် ငြိကပ်သောသူတို့သည်။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ ပါဏာ၊ ထွက်သက်ဝင်သက်ရှိကုန်သော သူတို့သည်။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ ဘူတာ၊ ကံ-ကိလေသာ တို့ကြောင့် ဖြစ်ကုန်သောသူတို့သည်။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ ပုဂ္ဂလာ၊ ငရဲ၌ ဖြစ်တတ်သော ပုဂ္ဂိုလ်တို့သည်။ သဗ္ဗေ၊ ခပ်သိမ်း ကုန်သော။ အတ္တဘာဝပရိယာပန္နာ၊ ခန္ဓာငါးရပ် အတ္တဘော၌ အတွင်းဝင်ကုန်သောသူတို့သည်။ သဗ္ဗာ၊ ခပ်သိမ်းကုန်သော။ ဣတ္ထိ

ယော၊ မိန်းတို့သည်။ သဗ္ဗေ၊ ခပ်သိမ်း ကုန်သော။ ပုရိသာ၊ ယောကျ်ားတို့သည်။ သဗ္ဗေ၊ ခပ်သိမ်း ကုန်သော။ အရိယာ၊ အရိယာပုဂ္ဂိုလ်တို့သည်။သဗ္ဗေ၊ခပ်သိမ်းကုန်သော။အနရိယာ၊ ပုထုဇဉ်ပုဂ္ဂိုလ်တို့သည်။ သဗ္ဗေ၊ ခပ်သိမ်း ကုန်သော။ ဒေဝါ၊ နတ်တို့သည်။ သဗ္ဗေ၊ ခပ်သိမ်း ကုန်သော။ မနုဿာ၊ လူတို့ သည်။ သဗ္ဗေ၊ ခပ်သိမ်း ကုန်သော။ ဝိနိပါတိကာ၊ ဖရိုဖရဲ ကြဲ၍ကြကုန်သော အပါယ်ဘုံသားတို့သည်။ အဝေရာ၊ (ပ) ရှိကြကုန်၏။

၅။ ပုရတ္ထိမာယဒိသာယ၊ အရှေ့ အရပ်၌။ ပစ္ဆိမာယ ဒိသာယ၊ အနောက်အရပ်၌။ ဥတ္တရာယဒိသာယ၊ မြောက် အရပ်၌။ ဒက္ခိဏာယဒိသာယ၊ တောင်အရပ်၌။ ပုရတ္ထိမာယ အနုဒိသာယ၊ အရှေ့တောင်ထောင့် အရပ်၌။ ပစ္ဆိမာယ အနု ဒိသာယ၊ အနောက်မြောက်ထောင့် အရပ်၌။ ဥတ္တရာယအနု ဒိသာယ၊ အရှေ့မြောက်ထောင့် အရပ်၌။ ဒက္ခိဏာယ အနု ဒိသာယ၊ အနောက်တောင်ထောင့် အရပ်၌။ ဟေဋ္ဌိမာယ ဒိသာယ၊ အောက်အရပ်၌။ဥပရိမာယဒိသာယ၊ အထက်အရပ် ၌။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ (ပ) ကမ္မဿကာ၊ ၏။

မြဟ္မဝိဟာရလေးပါး ပွားများပုံ ပြီး၏။

---

## ၂–ဗုဒ္ဓါနုဿတိဘာဝနာ ဂုဏ်တော်ပွားနည်း

၁။ ဆုတောင်းပတ္ထနာ။ ။ဗုဒ္ဓါနုဿတိ ဘာဝနာ ကုသလစေတနာကြောင့် ခေမာအမတ နိဗ္ဗာန်သို့ ရောက်ရ ပါစေသော်။ (ကျက်ထားပါ)

၂။ ဘုရားဂုဏ်တော် (၉) ပါး
ဣတိပိ သောဘဂဝါ (ဣတိပိ တပုဒ်၊ သောဘဂဝါ တပုဒ်ခွဲ ဆိုပါ)။

၁။ အရဟံ
၂။ သမ္မာသမ္ဗုဒ္ဓေါ (သမ်မာ သမ်ဗုဒ်ဓော)
၃။ ဝိဇ္ဇာ စရဏ သမ္ပန္နော (ဝိဇ်ဇာ စရဏ သမ်ပန် နော)
၄။ သုဂတော
၅။ လောကဝိဒူ
၆။ အနုတ္တရော ပုရိသ ဒမ္မ သာရထိ (အနုတ်တရော ပုရိသ ဒမ်မ သာရထိ)
၇။ သတ္ထာ ဒေဝ မနုဿာနံ (သတ်ထာ ဒေဝ မနုသ် သာနံ)
၈။ ဗုဒ္ဓေါ (ဗုဒ်ဓော)
၉။ ဘဂဝါ။

မှတ်ချက်။ ။ပါဠိမှန်ဘို့ အရေးကြီးပါသဖြင့် အသံထွက်ပါ ရေးထားပါ၍ ကြိုးစားကြစေ လိုပါသည်၊ ကောစမ္မော ဘိက္ခဝေ ဘာဝိတော ဗဟုလီကတော ဧကန္တ နိဗ္ဗိဒါယ ဝိရာဂါယ နိရောဓာယ ဥပသမာယ အဘိညာယ သမ္ဗော ဓာယ နိဗ္ဗာနာယ သံဝတ္တတိ။ ကတမော ဧကဓမ္မော၊ ဗုဒ္ဓါနုဿတိ-ဟူသော အင်္ဂုတ္တရ ပါဠိတော်၊ ဧကနိပါတ ဧကဓမ္မပါဠိ ပဌမဝဂ္ဂ။ ။ယသ္မိံ မဟာနာမ သမယေ အရိယသာဝကော တထာဂတံ အနုဿရတိ။ နေဝဿ

တသ္မိံ သမယေ ရာဂပရိယုဋ္ဌိတံ စိတ္တံ ဟောတိ။ န ဒေါသ ပရိယုဋ္ဌိတံ စိတ္တံ ဟောတိ၊ န မောဟပရိယုဋ္ဌိတံ စိတ္တံ ဟောတိ။ ဥဇုဂတမေဝဿ တသ္မိံ သမယေ စိတ္တံ ဟောတိ–
–ဟူသော မဟာနာမသုတ် အင်္ဂုတ္တရပါဠိတော် ဆက္က နိပါတ အာဟုနေယျဝဂ္ဂ–

သုပ္ပဗုဒ္ဓံ ပဗုဇ္ဈန္တိ၊ သဒါ ဂေါတမသာဝကာ။
ယေသံ ဒိဝါ စ ရတ္တော စ၊ နိစ္စံ ဗုဒ္ဓဂတာ သတိ။

ဟူသော ဓမ္မပဒပါဠိတော်အဆိုအမိန့်အရ ဗုဒ္ဓဘာသာဝင် သူတော်စင်များသည် အိပ်ရာထစ အိပ်ရာဝင်မှစ၍ အလေ့ အကျက်ပြုနေပါလျှင် ဗုဒ္ဓဝန္ဒနာ ဘုရားရှိခိုးသော အချိန် တွင် ဗုဒ္ဓဂုဏ်ကိုကိုယ်လိုထိုလျက် အာရုံပြုနိုင်ပါလိမ့်မည်။ (ကာယဝါစာစိတ္တေဟိ သတ္ထုဂုဏာနိဿတာ) ဟူသော အနုဋီကာဆရာကြီးများ၏ မှာထားချက်ကို လေးနက်စွာ စဉ်းစား၍ ကြိုးစားနိုင်ကြပါစေ။

၃–ဂုဏ်တော် ၉–ပါးအနက် (ပုတီးစိပ်အတွက်)

၁။ အရဟံ၊ လူ့နတ်, ဦးခိုက် ပူဇော်အထူးကို ခံတော်မူထိုက် သော မြတ်စွာဘုရား– မြတ်စွာ ဘုရား– မြတ်စွာဘုရား။

၂။ သမ္မာသမ္ဗုဒ္ဓေါ၊ မြတ်ဓမ္မတရား ခပ်င်းတို့ကို မမှား မယွင်း သိတော်မူသော မြတ်စွာဘုရား– မြတ်စွာဘုရား– မြတ်စွာဘုရား။

၃။ ဝိဇ္ဇာစရဏသမ္ပန္နော၊ ဝိဇ္ဇာစရဏဂုဏ်တို့နှင့် ပြည့်စုံတော် မူသော မြတ်စွာဘုရား– မြတ်စွာဘုရား– မြတ်စွာဘုရား။

၄။ သုဂတော၊ ပြည်ခေမာ အောင်စခန်းသို့ ကြွလှမ်းတော်မူသော မြတ်စွာဘုရား- မြတ်စွာ ဘုရား- မြတ်စွာဘုရား။

၅။ လောကဝိဒူ၊ လောကဓာတ်ဘုံအရှိကို အကုန်သိတော်မူသော မြတ်စွာဘုရား-မြတ်စွာဘုရား-မြတ်စွာ ဘုရား။

၆။ အနုတ္တရော ပုရိသဒမ္မသာရထိ၊ ဆုံးမထိုက် ဝေနေယျာတို့ကို ပရမေဘဂဝါ ဆုံးမတော်မူသော မြတ်စွာ ဘုရား-မြတ်စွာဘုရား-မြတ်စွာဘုရား။

၇။ သတ္ထာဒေဝမနုဿာနံ၊ နတ်ပြဟ္မာလူတို့၏ မြတ်ဆရာတဆူဖြစ်တော်မူသော မြတ်စွာဘုရား-မြတ်စွာဘုရား-မြတ်စွာဘုရား။

၈။ ဗုဒ္ဓေါ၊ လေးသစ္စာ တရားအမြတ်တို့ကို သိတတ်, သိစေတော်မူတတ်သော မြတ်စွာဘုရား- မြတ်စွာ ဘုရား-မြတ်စွာဘုရား။

၉။ ဘဂဝါ၊ ဘုန်းတော်ဂုဏ်အနန္တတို့ကို အမှန်ရတော်မူသော မြတ်စွာဘုရား-မြတ်စွာဘုရား-မြတ်စွာဘုရား။

## ၄-ပုတီး စိပ်နည်း

ဗုဒ္ဓါနုဿတိ ပွားများလိုသော ယောဂီသည် ဗုဒ္ဓပုံတော်၌ အာရုံမထားမူ၍ (မထားကောင်း၍မဟုတ်ပါ)၊ ကြည်ညိုမှု (ပင်ကို)စိတ်များဖြင့် ပွားများရ ပါသည်။ အရဟံ၊ လူနတ်ဦးခိုက် ပူဇော်အထူးကို ခံတော်မူထိုက်သော မြတ်စွာဘုရား-မြတ်စွာဘုရား-မြတ်စွာဘုရား-ဟု (အနည်းဆုံး) တခေါက်ဆိုပါ။ မြတ်စွာဘုရားပုဒ်ကို ဖြေးဖြေး အေးအေး လေးလေး

ဆိုရပါသည်။ ပြီးလျှင် (အရဟံ)ဂုဏ်တော်ကို ၁၀၈-လုံး ပုတီးကုံးဖြင့် ပွားများပါ။ ဤ (အရဟံ) နည်းကဲ့သို့ ကျန်သောဂုဏ်တော်များကို ပွားရပါသည်။ ဤ ပွားနည်းသည် (နံနက်တချိန် ပွားများနည်းဖြစ်ပါသည်) ။ဂုဏ်တော် ၉-ပါး ပွားများ၍ပြီးလျှင် ဆုတောင်းပတ္ထနာကို ဆိုရပါသည်။

**ဆုတောင်းပတ္ထနာ။** ။ဗုဒ္ဓါနုဿတိ ဘာဝနာ ကုသလ စေတနာကြောင့် ခေမာအမတ နိဗ္ဗာနသို့ ရောက်ရပါစေသော်-။

**မှတ်ချက်။** ။ဤ ပွားများနည်းသည် နံနက်တချိန် အတွက် ပွားနည်းဖြစ်ပါသည်၊ နေ့လည် တချိန်၌လည်း (အားထုတ်ခွင့် သာသော်) နံနက်အတိုင်းပွားများ အားထုတ်ကြပါလေ။

### ၅-ညဥ့်တချိန်ပွားများနည်း

၁။ ဗုဒ္ဓါနုဿတိ ဘာဝနာ ကုသလ စေတနာကြောင့် ခေမာအမတ နိဗ္ဗာနသို့ ရောက်ရပါစေသောဝ်။

၂။ ခန္ဓာငါးပါး ဟူသော်ကား-

- ၁။ ရူပက္ခန္ဓာ။
- ၂။ ဝေဒနာက္ခန္ဓာ။
- ၃။ သညာက္ခန္ဓာ။
- ၄။ သင်္ခါရက္ခန္ဓာ။
- ၅။ ဝိညာဏက္ခန္ဓာ။

ရုပ်အဌဝိသသည် ရူပက္ခန္ဓာ၊ ဝေဒနာစေတသိက်သည် ဝေဒနာက္ခန္ဓာ၊ သညာစေတသိက်သည် သညာက္ခန္ဓာ၊ ဝေဒနာ

သညာမှကြွင်းသော စေတသိက် ၅၀-သည် သင်္ခါရက္ခန္ဓာ၊ စိတ်တခု ယုတ်ကိုးဆယ်သည် ဝိညာဏက္ခန္ဓာ။

၃။ အာယတန ၁၂-ပါးဟူသော်ကား-

၁။ စက္ခာယန။ ၇-ရူပါယတန။
၂။ သောတာယတန။ ၈-သဒ္ဒါယတန။
၃။ ဃာနာယတန။ ၉-ဂန္ဓာယတန။
၄။ ဇိဝှါယတန။ ၁၀-ရသာယတန။
၅။ ကာယာယတန ၁၁-ဖောဋ္ဌဗ္ဗာယတန။
၆။ မနာယတန။ ၁၂-ဓမ္မာယတန။

စက္ခုပသာဒရုပ်သည် စက္ခာယတန၊ သောတပသာဒ ရုပ်သည် သောတာယတန၊ဃာနပသာဒရုပ်သည် ဃာနာယတန၊ ဇိဝှါပသာဒရုပ်သည် ဇိဝှါယတန၊ ကာယပသာဒ ရုပ်သည် ကာယာယတန၊ စိတ်တခု ယုတ် ၉၀-သည် မနာယတန၊ ရူပါရုံသည် ရူပါယတန၊ သဒ္ဒါရုံသည် သဒ္ဒါယတန၊ ဂန္ဓာရုံသည် ဂန္ဓာယတန၊ ရသာရုံသည် ရသာယတန၊ ဖောဋ္ဌဗ္ဗာရုံသည် ဖောဋ္ဌဗ္ဗာယတန၊ စေတသိက် ဒွေပညာသ သုခုမရုပ် သောဠသ၊ နိဗ္ဗာန်သည် ဓမ္မာယတန။

၄။ ဓာတ် (၁၈)ပါး ဟူသော်ကား-

၁။ စက္ခုဓာတ်။ ၅။ ကာယဓာတ်။
၂။ သောတဓာတ်။ ၆။ ရူပဓာတ်။
၃။ ဃာနဓာတ်။ ၇။ သဒ္ဒဓာတ်။
၄။ ဇိဝှါဓာတ်။ ၈။ ဂန္ဓဓာတ်။

| | |
|---|---|
| ၉။ ရသဓာတ်။ | ၁၄။ ဇိဝှါဝိညာဏဓာတ်။ |
| ၁၀။ ဖောဋ္ဌဗ္ဗဓာတ်။ | ၁၅။ ကာယဝိညာဏဓာတ်။ |
| ၁၁။ စက္ခုဝိညာဏဓာတ်။ | ၁၆။ မနောဓာတ်။ |
| ၁၂။ သောတဝိညာဏဓာတ်။ | ၁၇။ ဓမ္မဓာတ်။ |
| ၁၃။ ဃာနဝိညာဏဓာတ်။ | ၁၈။ မနောဝိညာဏဓာတ်။ |

စက္ခုပသာဒရုပ်သည် စက္ခုဓာတ်၊ သောတပသာဒ ရုပ်သည် သောတဓာတ်၊ ဃာနပသာဒရုပ်သည် ဃာနဓာတ်၊ ဇိဝှါပသာဒရုပ်သည် ဇိဝှါဓာတ်၊ ကာယ ပသာဒရုပ်သည် ကာယဓာတ်၊ ရူပါရုံသည် ရူပဓာတ်၊ သဒ္ဒါရုံသည် သဒ္ဒဓာတ်၊ ဂန္ဓာရုံသည် ဂန္ဓဓာတ်၊ ရသာရုံသည် ရသဓာတ်၊ ဖောဋ္ဌဗ္ဗာရုံသည် ဖောဋ္ဌဗ္ဗဓာတ်၊ စက္ခုဝိညာဏ်ဒွေသည် စက္ခုဝိညာဏဓာတ်၊ သောတဝိညာဏ်ဒွေသည် သောတဝိညာဏဓာတ်၊ ဃာနဝိညာဏ်ဒွေသည် ဃာနဝိညာဏဓာတ်၊ ဇိဝှါဝိညာဏ်ဒွေသည် ဇိဝှါဝိညာဏဓာတ်၊ ကာယဝိညာဏ်ဒွေသည် ကာယဝိညာဏဓာတ်၊ ပဉ္စဒွါရာဝဇ္ဇန်း သမ္ပဋိစ္ဆိုင်းဒွေသည် မနောဓာတ်၊ စေတသိက်ဒွေပညာသ၊ သုခုမရုပ်သောဠသ နိဗ္ဗာန်သည် ဓမ္မဓာတ်၊ ဒွေပဉ္စဝိညာဏ်တဆယ် မနောဓာတ် သုံးခု ကြဉ်သော စိတ်(၇၆)ခုသည် မနောဝိညာဏဓာတ်။

၅။ သစ္စာ ၄-ပါး ဟူသော်ကား-

၁။ ဒုက္ခသစ္စာ။

၂။ သမုဒယသစ္စာ။

၃။ နိရောဓသစ္စာ။

၄။ မဂ္ဂသစ္စာ။

လောကီစိတ် ကောသီတိ၊ လောဘကြဉ်သော စေတသိက် ၈ကပညာသ၊ ရုပ်အဋ္ဌဝီသသည် ဒုက္ခသစ္စာ၊ လောဘ စေတသိက်သည် သမုဒယသစ္စာ၊ နိဗ္ဗာန်သည် နိရောဓသစ္စာ၊ မဂ်စိတ် လေးခု၌ရှိသော မဂ္ဂင်တရားကိုယ် ၈-ပါးသည် မဂ္ဂသစ္စာ။

၆။ ၃၂-ကောဋ္ဌာသ ဟူသော်ကား-

အတ္ထိ ဣမသ္မိံ ကာယေ—

၁။ ကေသာ၊ လောမာ၊ နခါ၊ ဒန္တာ၊ တစော။

၂။ မံသံ၊ နှာရု၊ အဋ္ဌိ၊ အဋ္ဌိမိဉ္ဇံ၊ ဝက္ကံ။

၃။ ဟဒယံ၊ယကနံ၊ ကိလောမကံ၊ ပိဟကံ၊ ပပ္ဖါသံ။

၄။ အန္တံ၊ အန္တဂုဏံ၊ ဥဒရိယံ၊ ကရီသံ၊ မတ္ထလုင်္ဂံ။

၅။ ပိတ္တံ၊ သေမှံ၊ ပုဗ္ဗော၊ လောဟိတံ၊သေဒေါ၊မေဒေါ။

၆။ အဿု၊ဝသာ၊ခေဠော၊ သိင်္ဃာနိကာ၊လသိကာ၊မုတ္တံ။

၇။ ဣမသ္မိံ ကာယေ၊ အိုးရ, နာရ, သေရအံ့သော ဤကိုယ်ကြီး၌-

၁။ ဆံပင်, အမွေး, ခြေသည်း,လက်သည်း,သွား,အရေ။

၂။ အသား,အကြော,အရိုး,ခြင်ဆီ,အညှို။

၃။ နှလုံး,အသည်း,အမြှေး,အဖျဉ်း,အဆုတ်။

၄။ အူမ,အူသိမ်, အစာသစ်,အစာဟောင်း,ဦးနှောက်။

၅။ သည်းခြေ,သလိပ်,ပြည်,သွေး,ချွေး,အဆီခဲ။

၆။ မျက်ရည်, ဆီကြည်, တံထွေး, နှပ်, အစေး,ကျင်ငယ် ဟု ဆိုအပ်သော ရွံဘွယ်ရာ အစုသည်သာလျှင်။ အတ္ထိ၊ ရှိချေ၏။

ဂ။ နံနက်တချိန်အတိုင်း (ဂုဏ်တော်ကို) ပွားများပါ ပွားများပြီးလျှင်(ဝိပဿနာ) ဆက်ပွားပါ။

## ၆-ဝိပဿနာ

ဃ။ ဤဂုဏ်တော်ကို ပွားများသော ငါသည် ရုပ်အစု နာမ်အစု သာလျှင် ဖြစ်ချေ၏၊ ရုပ်-နာမ်ဓမ္မ သင်္ခါရပါတကား။

အနိစ္စ-အမြဲမရှိ။
ဒုက္ခ-ဆင်းရဲခြင်း။
အနတ္တ-အစိုးမရပါတကား။
၁။ သဗ္ဗေ သင်္ခါရာ အနိစ္စာ။
၂။ သဗ္ဗေ သင်္ခါရာ ဒုက္ခာ။
၃။ သဗ္ဗေ ဓမ္မာ အနတ္တာ။
အနိစ္စာဝတသင်္ခါရာ၊ ဥပ္ပါဒါဝယဓမ္မိနော။
ဥပ္ပဇ္ဇိတွာ နိရုဇ္ဈန္တိ၊ တေသံ ဝူပသမော သုခေါ။

သတိ-ဤဂုဏ်တော် ပွားများနည်းသည် အသန့်ရှင်းဆုံး၊ အကောင်းဆုံးဖြစ်ပါသည်၊ အရဟံသိဒ္ဓိ-စသည် ပွားများကြသော စူဠဂန္ဓာရီ, မဟာဂန္ဓာရီ-ဂိုဏ်းဆရာကြီးများ၏ ပွားနည်းကား များလှပါသည်၊ များသည့်အတိုင်း ဆရာမရှိလျှင် အန္တရာယ်အတိပြီးသော နည်းဖြစ်ပါ၍ ဆရာကောင်းနှင့် နည်းကောင်းတွေ့မှ ပွားကြစေလိုပါသည်။

## ၇-ဆုတောင်း

ဣဒံမေပုညံ အာသဝက္ခယာ ဝဟံ ဟောတု။ မေ၊ ဘုရားတပည့်တော်၏။ ဣဒံ ပုညံ၊ ဤကောင်းမှုသည်။ အာသဝက္ခ

ယာ၊ ကာမာသဝ စသည်လေးတန် ကင်းဆိတ် ညံသော နိဗ္ဗာန်ရွှေပြည်ကို။ ဝဟံ၊ ရွက်ဆောင်နိုင်သည်။ ဟောတု၊ ဖြစ်ပါစေသတည်း။ (အာသဝက္ခယာဝဟံ၊ ကာမာသဝ-စသည် လေးတန် ကင်းဆိတ်ညံသော နိဗ္ဗာန်ရွှေပြည်သို့ ရောက်သည့် တိုင်အောင် ရွက်ဆောင်နိုင်သည်)။ ဟောတု၊ ဖြစ်ပါပေ သတည်း။ (မြိမိတ္တိုနှစ်သက်ရာ ကျက်နိုင်ပါသည်)။

မှတ်ချက်။ ။ကျမ်းတတ် အကျော် ဆရာတော်-ဦးဗုမ်၏ ဘာဝနာ ဖလုပ္ပတ္တိကျမ်း၌ အာသဝက္ခယာ အာသဝေါ လေးပါး၏ ကုန်ရာနိဗ္ဗာန်ကို။ ဝဟံ၊ ရွက်ဆောင်နိုင်သည် ဟု အနက်သမ္ဘန်တော် မူသည်ကို သဘောကျ သဖြင့် ရေးသားလိုက်ပါသည်။ ဣဒံ မေ ဒါနံ အာသဝက္ခယာ ဝဟံ ဟောတု-ဟူ၍ နိဒါနဝဂ္ဂ သံယုတ် အဋ္ဌကထာ၌ လာပါသည်၊ သံယုတ် ဋီကာဆရာကြီးက ဣဒံ မေ ပုညံ နိဗ္ဗာနာဝဂါမာယ ပစ္စယော ဟောတု တမျိုးတဖုံ ဆိုပါ သေးသည်။ ပညာရှိများ သတိထားကြပါစေ သတည်း။

## ဂ-ပူဇော်ခြင်း ပဏာမ (တတိယ)

ဣမာယ၊ ဘာဝနာ အပေါင်းတို့တွင် အကောင်းဆုံး ဖြစ်ပါသော ဗုဒ္ဓါနုဿတိ ဘာဝနာနှင့်တကွ ဒါန, သီလ,ပဋိပတ် ဤအကျင့်မြတ်ဖြင့်။ ဗုဒ္ဓံ၊ ဘုရားမြတ် ရတနာကို။ အဟံ၊ ဘုရားတပည့်တော်သည်။ ပူဇေမိ၊ ပူဇော်ပါ၏ အရှင်ဘုရား။

ဓမ္မံ၊ တရားတော်မြတ် ရတနာ့ကို။ အဟံ၊ ဘုရား တပည့်တော်သည်။ ပူဇေမိ၊ ပူဇော်ပါ၏ အရှင် ဘုရား။

သံဃံ၊ သံဃာတော်မြတ် ရတနာကို။ အဟံ၊ ဘုရား တပည့်တော်သည်။ပူဇေမိ၊ ပူဇော်ပါ၏ အရှင်ဘုရား။

## ၉-အမျှဝေ

ဤသို့ပြုရ ဘိုဘာဂကို မိဘ,ဆရာ,ဉာတကာနှင့်ကောင်းစွာ စောင့်ကြပ် ကိုယ်စောင့်နတ်ဟု အိမ်နတ်မကြွင်း ပေးဝေ လျှင်း၏၊ ဝတီ°စိုးနှင်း သိကြားမင်းနှင့် စတုလောကပါလ နတ်မင်းလေးပါး နှစ်ကျိပ်ရှစ်ပါးသော နတ်စစ်မှူး တို့အား ရည်စူးစေတနာ ဝေငှပါသည်၊ ဝိဇ္ဇာအပေါင်း ဆရာကောင်း တို့အား အောင်ကြောင်းဇေယျတု ပေးဝေ ပြုလျက် သာဓု သံသာ ဝမ်းမြောက်စွာဖြင့် ရာဇာယမ သူကစ၍ ကေတီ°သေ ဘုံအခြေတွင် သဗ္ဗေသတ္တာ သတ္တဝါတို့ ချမ်းသာစေမှု အာရုံ ပြုလျက် ဤကုသလ မြတ်ပုညကို ရကြပါစေ (အမျှ-အမျှ- အမျှဝေသည်) ဝေနေသာဓု ခေါ်စေသော်-၊သာဓု-သာဓု- သာဓုပါ-ဘုရား။

**မှတ်ချက်။** ။ဤ ဂုဏ်တော်ပွားနည်းသည် သံလျင်မြို့ မဟာ ခေမိကာရာမကျောင်းတိုက် ဆရာတော်နှင့် သံဃာတော် များ၊ တပည့် ဒါယကာ-ဒါယိကာမများတို့ နေ့စဉ် ပွားနေကြသောနည်း ဖြစ်ပါသည်၊ နိဗ္ဗာနာဓိဂမ ပါရမီ အစ ကလျာဏ စခန်းဖြစ်၍ ဖြောင့်တန်းလှပါသည်)။

## ၁၀-အရေးတကြီး သတိပေးချက်

ဗုဒ္ဓါနုဿတိ ဘာဝနာသည် အလွန်မြင့်မြတ် အလွန် စင်ကြယ်ပါသဖြင့် (ခြင်္သေ့ဆီ သိင်္ဂီရွှေခွက်)မှာ နားသလို ယောဂါဝစရ ပုဂ္ဂိုလ်သည် စင်ကြယ်လေလေ ကောင်းလေ လေဟု သတိထား၍ ကြိုးစားကြစေ လိုပါသည်။ ၎င်းပြင် ပြုပြင်ရမည့် တရားကား- (ဇာတက အဋ္ဌကထာ၌ လာသော ဥမ္မတ္တက ၈-မျိုးဖြစ်ပါသည်။

၁။ ကာမုမ္မတ္တက....လောဘ အလို လိုက်မှု။
၂။ ကောဓုမ္မတ္တက....ဒေါသ အလို လိုက်မှု။
၃။ ဒိဋ္ဌုမ္မတ္တက....ဖောက်ပြန်သော အလို လိုက်မှု။
၄။ မောဟုမ္မတ္တက....မသိမှု အလို လိုက်မှု။
၅။ ယက္ခုမ္မတ္တက....ဘီလူး အလို လိုက်မှု။
၆။ ပိတ္တုမ္မတ္တက....သည်းခြေ အလို လိုက်မှု။
၇။ သုရုမ္မတ္တက....သေအရက် အလို လိုက်မှု။
၈။ ဗျသနုမ္မတ္တက....သောက အလို လိုက်မှု- ဟူသော ဥမ္မတ္တက ရှစ်ပါးကို ကြိုးစား၍ပြင်ပါ၊ ၎င်း ရှစ်ပါးကို အနတ္တကာရက ဂုဏ်ပရိမ်သကဟု ခေါ်ပါသည်။

### စိတ်၏ ဥပက္ကိလေသ ၅-ပါး

အင်္ဂုတ္တရပါဠိတော်၌လာသော ကာမစ္ဆန္ဒ၊ ဗျာပါဒ၊ ထိနမိဒ္ဓ၊ ဥဒ္ဓစ္စ၊ ကုက္ကုစ္စ၊ ဝိစိကိစ္ဆာဟူ၍ ဥပက္ကိလေသတရားငါးပါး လည်း တမျိုးအားဖြင့် ဆိုးလှပါ၍ ကြိုးစား ပြင်ပေးပါ။

ဤသို့လျှင် ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်း၌ (သဲလွန်စ အားဖြင့်) ကျမ်းဂန်အရ၊ ဉာဏ်စွမ်းအရ လမ်းပြလိုက်ပါ သတည်း။ (ဤ သတိပေးချက်သည် ရဟန်းတော်များနှင့် အများဆုံး သက်ဆိုင်ပါသည်၊ ကျင့်နိုင်လျှင် လူပုဂ္ဂိုလ်များအတွက်လည်း ကောင်းသည်သာ ဖြစ်ပါသည်)။

## ဗုဒ္ဓါနုဿတိ ဘာဝနာ၏ မဟပ္ဖလ

## ၁၁-သုဘူတိထေရ-အရှင် သုဘူတိ၏ ရှေးဖြစ်ဟောင်း

၁။ အရှင် သုဘူတိရဟန္တာသည် ကမ္ဘာတသိန်းထက် ကာလ၌ကောသိယရသေ့ဘဝဖြင့် ဟိမဝန္တာတောင်၏အနီး နိသဘမည်သောတောင်ကြီး၌ အဖော်မမှီး တယောက်တည်းသာ ထန်သည်းသော အကျင့်ကောင်းဖြင့် သခ်မ်းကျောင်း ဆောက်၍ နေ၏။ အသီး အမြစ်,အရွက်တို့ကို ဆွတ်ခြွေတူးဆွ ခူးယူခြင်းဖြင့် မသုံးဆောင်ဘဲ အလိုလို လေခ,သဖြင့် ကြွေကြသော သစ်သီးများကိုသာ ကောက်ယူပြီး မှီဝဲသုံးဆောင်လျက် အသက်မွေးပါသည်၊ ငါသည် အသက်ဇီဝ စွန့်ရငြားသော်လည်း အာဇီဝပါရိသုဒ္ဓိ (အသက်မွေးမှု စင်ကြယ်ခြင်း)ကို မဖျက်ဆီးပါ၊ မရှာမှီးအပ်သည်ကို ကြဉ်ရှောင်ပါသည်။

## မမှားရအောင် တရားပြခြင်း

(က) အကြွင်အခါ၌ ငါအား ရောဂစိတ်များ ဖြစ်ပေါ် လာ၏၊ ထိုအခါ ကိုယ်တိုင် သာလျှင် ဉာဏ်ဖြင့် ဆင်ခြင်၏၊ငါသည် သမာဓိရှိသည်ဖြစ်၍ ထိုရောဂကို ဆုံးမပါ၏။

(ခ) နှစ်သက်ဖွယ်၌ နှစ်သက်ငြားအံ့၊ အမျက်ထွက်ဖွယ်၌ အမျက်ထွက်ငြားအံ့။ တွေဝေဖွယ်၌ တွေဝေငြား ငြားအံ့၊ သင်သည်ပန်းစုံပေါတဲ့တောမှာ ထွက်ပါ။

(ဂ) အရည့ဝါသီ တောအရပ်မှီ၍ နေခြင်းသည် စင် ကြယ်၍ အညစ်အကြေး ကင်းကုန်သော ရသေ့- ရဟန်းတို့၏ ပျော်မြန်းရာဒေသ ဖြစ်ပါသည်၊ စင် ကြယ်သူများကို မဖျက်ငြားနှင့် သင်သည် ပန်းစုံ ပေါတဲ့ မြိုင်မှာ ထွက်ပါ။

(ဃ) သင်သည် အကြွင်အခါ၌ အိမ်ရာထောင်သူ လူဖြစ် ပါမူကား သားသမီးများရလတ္တံ့၊ထိုအခါ၌ သင့်သည် အကျိုးနှစ်ပါး မချွတ်ယွင်းစေလင့်၊ သင်သည် ပန်းစုံလှိုင်တဲ့ မြိုင်မှာ ထွက်ပါ။

(င) ထင်းကုလားတုံးသည် မည်သည့် ကိစ္စမျှ မသုံးနိုင်၊ ရွာ၌,တော၌ အသုံးမကျရှိချေ၏။

(စ) သင်သည် ထင်းကုလားတုံးတမူ တူပါမူကား လူ, မမည် ရှင်မဟုတ်နှင့် လူဖြစ်ရကျိုး၊ ရသေ့-ရဟန်း ပြုရကျိုးဟူ ကောင်းကျိုး နှစ်ပါးမှာ လွတ်ရ

ငြားလျက် သင်သည် မြိုင်အတွင်းမှာ ချက်ချင်း ထွက်ပါ။

(ဆ) သင်၏ ကောင်းမှုကံကို အဘယ်သူ သိနိုင်အံ့နည်း၊ ပျင်းရိခြင်း များသော်လည်း ငါ၏ သဒ္ဓါတရား သည် ဝန်ကိုရွက်ဆောင်၏ဟူသော အကြံ အစည် သည် သင့်အား ဖြစ်အံ့သည်သာတည်း။

(ဇ) မြို့ကြီးသူ ယဉ်အလှတို့သည် မစင်ကို စက်ဆုပ်ကြ သကဲ့သို့ သင့်လို-လူအယုတ်ကို ပညာရှိများ စက် ဆုပ်ကြလတ္တံ့၊ ရသေ့တို့ဆဲ့ငင်၍ အပြစ်တင်ကြ လတ္တံ့။

(ဈ) ပညာရှိ တသင်းတို့သည် အဆုံးအမ ကျော်နင်း သောသင့်ကို စွပ်စွဲခြင်းပြုကြလတ္တံ့၊ ရသေ့သူတော် ကောင်းတို့နှင့် မပေါင်းသင်းရသော် သက်တော် အသို ရှည်အံ့နည်း။

(ည) ဆင်ပြောင်ကြီးသည် အနှစ် ခြောက်ဆယ်၌ အား ယုတ်နေသောဆင်အိုကို ဆင်အုပ်ထိုထိုမှ နှင်ထုတ် လိုက်ပါမူ အနှင်ခံရသော ဆင်ကြီး ခမျာသည် သာယာဖွယ်သုခကို သူမရပါဘဲ ဆင်းရဲ ကြီးစွာ နှလုံးမသာမယာဖြင့် ကြံမှိုင်ကာ အတွေး ထုတ် ပြီး တုန်လှုပ်ရသကဲ့သို့။

(ဋ) တထေဝ၊ ထို့အတူသာလျှင် ရသေ့သူတော်ကောင်း တို့သည် ပညာမဲ့ သင်ရဲ့သို့ယုတ်ကို တောအရပ်မှာ

နှင်ထုတ်လတ္တံ့၊ အနှင်ခံ သင့်ဘဝသည် သာယာ ဖွယ်ချမ်းသာကို မရလတ္တံ့။

( ၄ ) ဆင်အုပ်မှ နှင်ထုတ်ခံရသော ဆင်ဒုက္ခိတကြီး ပမာ အခါခပ်သိမ်း သောကကြောင့် အထူးသည် စူးဝင်အပ်သည်ဖြစ်၍ ထက်ဝန်းကျင် ပူပန်မှုတသိုက် ဖြင့် လောင်မြိုက်ပေလတ္တံ့။

( ၃ ) ကောက်ကျစ်စဉ်းလဲ ပေသောရွှေစင်သည် ပြုပြင်ရာ ကိစ္စ၌ မထွန်းပ မပြီးနိုင်သကဲ့သို့ သီလညစ်စွ သင့်ဘဝသည် ကိစ္စမှန်သမျှ၌ မတောက်ပ လတ္တံ့။

( ၆ ) အိမ်-ရာထောင် လူဘောင် နေသော် လည်း— အစာယ်သို့ အသက်မွေးအံ့နည်း၊ အမွေဥစ္စာ မရှိ ခြေတကား။

( ၇ ) ချွေးတပြိုင်ပြိုင်နှင့် လုပ်ကိုင် ရငြား မတော်ပါ တကား၊ ဤကဲ့သို့ ကိုယ့်ကိုယ်ကို ထုံးပြလျက် ဆုံးမ ပြီးနေပါသတည်း၊ မမေ့မလျော့ ဤကဲ့သို့ နေလာ လိုက်ထာ အနှစ်သုံးသောင်း ကြာပါသတဲ့။

## ပဒုမုတ္တရရှင်တော်ဘုရား ကြွလာပြီ

၂။ မမေ့မယွင်း တရားတော်ဖြင့် သီတင်းသုံး နေသော ငါ၏အထံသို့ ပဒုမုတ္တရရှင်တော်ဘုရား ကြွတော် မူလာပါ သည်၊ ကြွတော်မူလာပြီးလျှင် အာကာဝေဟင် ထက်ကောင်း ကင်၌ စင်္ကြံကြွလျက်နေပါသည်၊ စင်္ကြံကြွနေတဲ့ ဘုရားရှင့်ကို လူလေလား၊ နတ်လေလား မခွဲခြားနိုင်စဉ် ဗေဒင်ဖြင့် ဆင်

ခြင်တော့ ဘုရားမှန်း သိပြီးလျှင် အထူးထူးသော ပန်းတို့ဖြင့် (ပန်းနေရာတော်)ခင်းပြီး ကြွဆင်းလျက် သီတင်းသုံးဘို့ပင့်တဲ့အခါ ပဒုမုတ္တရရှင်တော် ဘုရားသည် ကောင်းကင်မှဆင်းသက်တော်မူခါ ပန်းနေရာတော်၌ ၇-ရက် ပတ်လုံးနိရောဓသမာပတ်ဝင်စားပြီး သီတင်းသုံးပါသည်၊ ကောသိယရသေ့လည်း ၇-ရက်ပတ်လုံး အမြတ်တနိုးဖြင့် ရှိခိုးလျက်နေသည်၊ ရှင်တော်ဘုရားသည် ၇-ရက်စေ့သောအခါ သမာပတ်မှထတော်မူပြီး ကောသိယ ရသေ့အား (ဗုဒ္ဓါနုဿတိ) တရားအမြိုက်ဆေးကို တိုက်ကျွေးတော်မူသည်။

၃။ ဘာဝေတိ ဗုဒ္ဓါနုဿတိံ၊ ဘာဝနာ နမနုတ္တရံ။
ဣမံ သတိံ ဘာဝယိတွာ၊ ပူရယိဿသိ မာနသံ။
(အပဒါန)

ကောသိယ၊ ချစ်သား ကောသိယ။ တွံ၊ သင်ချစ်သားသည်။ ဘာဝနာနံ၊ ဘာဝနာတကာတို့ထက်။ အနုတ္တရံ၊ အတုမရ မြတ်လှပေသော။ဗုဒ္ဓါနုဿတိံ၊ ဗုဒ္ဓါနုဿတိဘာဝနာကို။ ဘာဝေဟိ၊ ပွားလိုက်ပါလော။ တွံ၊ သင်ချစ်သားသည်။ ဣမံ သတိံ၊ ဤဘာဝနာကို။ ဘာဝယိတွာ၊ ပွားရသည် ဖြစ်၍။ မာနသံ၊ စိတ်၏ဆန္ဒ မှန်သမျှသည်။ ပူရယိဿသိ၊ ပြည့်စုံရပေလတ္တံ့။

ကောသိယရသေ့ဘဝကစပြီး ဗုဒ္ဓ၏ဂုဏ် စိတ်မှာထုံလျက်အာရုံတော်မပြတ်ထားသဖြင့် ပွားများရသော ဘာဝနာမယကုသလစေတနာနှင့် မြတ်ပတ္တနာ တို့ကြောင့် မြတ်စွာ ဗုဒ္ဓဂေါတမဟု လောကထွဋ်ထား ဘုရားပွင့်သော အခါ၌ ဥစ္စာ

ပေါင်း ကုဋေရှစ်ဆယ်ကို စွန့်ပယ်ပစ်ထားပြီး သုဘူတိ သူဌေး သားသည် ဘုရားသာသနာ၌ ရဟန်း ပြုလေလျှင် (သုဘူတိ) ရဟန္တာဟု ထင်ရှားဖြစ်လာပါသည်။ လေးပါးအာသဝ ကင်း ကွာရလျက် ဒက္ခိဏေယျ တေဒဂ်နှင့် အရဏဝိဟာရ တေဒဂ် ရွှေဘွဲ့တော်နှစ်ချက်ရပြီးလျှင် လက်ျာတော်ရံ မဟာသာဝက စာရင်းဝင် အရှင်သုဘူတိရဟန္တာဟု ဖြစ်ထွန်း၍ လာရပါ သည်။ ဗုဒ္ဓါနုဿတိ ဘာဝနာအစွမ်းကြောင့် ရဟန္တာဖြစ်ရ ပါတော့သည်။

၄။ သုဘူတိမထေရ် စံစားခဲ့ရသော ချမ်းသာများ-

၁။ နတ်ဘဝပေါင်း ကမ္ဘာ (၃၀၀၀၀) သုံးသောင်း။
၂။ သိကြားမင်းဘဝပေါင်း အကြိမ် (၈၀) ရှစ်ဆယ်။
၃။ စကြာမင်းဘဝပေါင်း အကြိမ်(၁၀၀၀)တထောင်။
၄။ ပဒေသရာဇ် ဘဝပေါင်း အသင်္ချေ-အနန္တ။
၅။ ဘဝတိုင်း ချမ်းသာသည်။
၆။ ကမ္ဘာတသိန်း အပါယ်မကျခဲ့ရ။

ဤချမ်းသာများသည် ဗုဒ္ဓါနုဿတိဘာဝနာကိုပွားသဖြင့် ချမ်းသာခဲ့ရသော ဘဝများဖြစ်ပါသည်။ သို့အတွက် ဆင်းရဲ နှင့် ငရဲကင်းသော တရားမင်း ဗုဒ္ဓဂုဏ်ကို ယုံယုံကြည်ကြည် နှင့် မနသိမပြတ်ထားပြီး (ကောသိယကဲ့သို့) ပွားနိုင်ကြပါ စေသတည်း။

ဆောင်ပုဒ်လင်္ကာ။ ။ကမ္ဘာသုံးသောင်း၊ နတ်ဖြစ်ကြောင်း တည်း၊ ကြိမ်ပေါင်း ရှစ်ဆယ်၊ နတ်မင်း ဝယ်မှတ်၊

ထောင်နှယ်စကြာ၊ ရာဇာ၊ ပဒေသရာဇ်၊ ဖြစ်ရသချေ၊ ကြုံလေဘဝ၊ များသုခတည်း။ ကမ္ဘာ့တသိန်း၊ အပါယ် ငြိမ်း၍၊ ပွားကိန်းချမ်းသာ၊ ကြုံရပါသည်၊ ဂုဏ်ဝါဗုဒ္ဓ အကျိုးတည်း။

မှတ်ချက်။ ။သုဘူတိမထေရ် အကြောင်းအရာကို အပဒါန် ပါဠိတော် ရှိသည့်အတိုင်း ဘာသာပြန်လိုက် ပါသည်၊ အဋ္ဌကထာတွင် တမျိုးအားဖြင့် ထူးခြားစွာ လာပါသေး သည်၊ အလိုရှိမူ အဋ္ဌကထာတွင်ယူပါလေ။ ။အဋ္ဌကထာ တွင် နန္ဒရသေ့ ဆိုပါသည်။ ဂေါတမ မြတ်စွာဘုရား ရှေ့လက်ထက်တော်၌ (ဇေတဝန်ကျောင်းဒကာ) ညီငယ် သုဘူတိ–ဟု အကျယ်လာပါသည်။

သုဘူတိတ္ထေရ–အပဒါန် ပြီးပြီ။

---

## ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၌ လာသော ၁၂–ဗုဒ္ဓါနုဿတိ ဘာဝနာ အကျိုးများ

၁။ မြတ်စွာဘုရား၌ ရိုသေတုံ့ဝပ်ခြင်းရှိ၏။
၂။ သဒ္ဓါ၊သတိ၊ပညာ၊ပုည–ပြန့်ပြောခြင်းကိုရ၏။
၃။ နှစ်သက်ဝမ်းမြောက်ခြင်းများလှ၏။
၄။ ဘေးကြီး ဘေးငယ်ကို နှိပ်နင်းနိုင်၏။
၅။ ဒုက္ခကို သည်းခံခြင်းငှာ စွမ်းနိုင်၏။
၆။ မြတ်ဘုရားနှင့်အတူနေရသော အမှတ်ကိုရ၏။
၇။ စေတီအိမ်နှင့်တူ၍ အပူဇော်ကို ခံထိုက်၏။

၈။ ဗုဒ္ဓဘူမိ ဘုရားအဖြစ်၌ စိတ်ညွတ်၏။

၉။ လွန်ကျူးအပ်သော ဝတ္ထုနှင့် တွေ့လတ်သော် (ဝါ) မကောင်းမှုကို ပြုအံ့သော်-မျက်မှောက်တွင် မြတ်စွာဘုရား ထင်လာ၍ အရှက်အကြောက် ရှေ့ရှုထင်၏။

၁၀။ အထက်တရား သစ္စာလေးပါးမသိလျှင် လူ့ခွင် နတ်ရပ် လည်းလျှောင်းတတ်၏။

ဆောင်ပုဒ်။ ။ဘုရားရှိသေ၊ သဒ္ဓေပြန့်ပြော၊ နှစ်သက်ေသောဟု၊ ဒုက္ခောသည်းခံ၊ တူနေမှန်၏၊ စေတီယံနှယ်၊ ဘုရားဝယ်ညွတ်၊ဟိရောတ္တပ်ထင်၊ လေးအင်မကပ်၊ လူနတ်ဘုံသာ၊ ကျင်လည်ရာသည်၊ ဗုဒ္ဓါနုဿတိ အကျိုးတည်း။

ဤမျှသော စကားအစဉ်ဖြင့် မင်္ဂလာအဖွဲ့ တပည့်များ တောင်းပန်၍ ဗုဒ္ဓဘာသာဝင်များအတွက် ရေးသားချက်ကား ပြီးပါပြီ။ ။ရှေးကို ဆရာတော်ဘုရား ဟောကြားတော်မူအပ်သော (ဂုဏ်တော်ဘွင့်နှင့် ရောင်တော်ဘွင့်) တရားကို ကြိုးစား၍ဖတ်ပါဦး၊ ထူးခြားခက်ခဲ နက်နက် ဆန်းကြယ် သိဖွယ်ရာကား များသှဘိသော ဗုဒ္ဓါနုဿတိ ဘာဝနာပါတကား-ဟု ထင်ရှားပါအံ့သတည်း။

ဤကျမ်းစာကို ကောင်းစွာ ဖြစ်လာရေးအတွက် (အစ-အဆုံး)လက်နှိပ်စက်ဖြင့် ကူညီဘိသော တပည့် မောင်မေဓာဝီ၏-ကျေးဇူးဂုဏ်အင်ကို မှတ်တမ်းတင်လျက်-

ဗုဒ္ဓါနုဿတိ-အရှင်ခေမာ။

## ဂုဏ်တော်ဘွင့်နှင့် ရောင်တော်ဘွင့်-ဒေသနာ
## (၆) ဂုဏ်တော်ဘွင့်

၁။ ဗုဒ္ဓေါ လောကေ သမုပ္ပန္နော၊
ဟိတာယ သဗ္ဗပါဏိနံ။
ဓမ္မော လောကေ သမုပ္ပန္နော၊
သုခါယ သဗ္ဗပါဏိနံ။
သံဃော လောကေ သမုပ္ပန္နော၊
ပုညာယ သဗ္ဗပါဏိနံ။

ဗုဒ္ဓေါ၊ ဘုရားမြတ် ရတနာသည်။ လောကေ၊ လောက သုံးခွင် ဘုံသုံးပြင်၌။ သဗ္ဗပါဏိနံ၊ ခပ်သိမ်းများစွာ သတ္တဝါတို့၏။ ဟိတာယ၊ အစီးအပွား အလို့ငှာ။ သမုပ္ပန္နော၊ ကောင်းစွာ ပွင့်တော်မူလာပေပြီ။ ဓမ္မော၊ တရားတော်မြတ် ရတနာသည်။ လောကေ၊ လောကသုံးခွင် ဘုံသုံးပြင်၌။ သဗ္ဗပါဏိနံ၊ ခပ်သိမ်း များစွာ သတ္တဝါတို့၏။ သုခါယ၊ ချမ်းသာ စေခြင်း အကျိုးငှာ။ သမုပ္ပန္နော၊ ကောင်းစွာ ပွင့်တော်မူလာပေပြီ။ သံဃော၊ သံဃာတော်မြတ် ရတနာ သည်။ လောကေ၊ လောကသုံးခွင် ဘုံသုံးပြင်၌။ သဗ္ဗပါဏိနံ၊ ခပ်သိမ်း များစွာ သတ္တဝါတို့၏။ ပုညာယ၊ ကောင်းမှု ပုည ပြုကြစေခြင်းအကျိုးငှာ။ သမုပ္ပန္နော၊ ကောင်းစွာ ပွင့်တော် မူလာပေပြီ။

၂။ စိန္တိတံ သတ္တသချေယျံ၊ နဝသင်္ချေယျ ဝါစကံ။
ကာယဝါစိ စတုချာတံ၊ ဗုဒ္ဓတ္တံ သမုပါဂမိ။

သတ္တသင်္ချေယျံ၊ ခုနစ်သင်္ချေ ကာလပတ်လုံး။ စိန္တိတံ၊ ဘုရားဖြစ်ဘို့ရန် စိတ်တော်ဖြင့်ကြံစည်ခဲ့ရသည် ဖြစ်၍။ နဝ-သင်္ချေယျဝါစကံ၊ ကိုးသင်္ချေကာလပတ်လုံး ဘုရားဖြစ်ဘို့ရန် နှုတ်တော်ဖြင့် ပန်ခဲ့ရသည်ဖြစ်၍။ စတုချာတံ၊ လေးသင်္ချေနှင့် များထွေကာလ ကမ္ဘာတသိန်း သမယပတ်လုံး။ ကာယဝါစံ၊ ကိုယ်နှုတ် အစွမ်းဖြင့် နိယတဗျာဒိတ်ပန်း ဆင်မြန်းခဲ့ရသည် ဖြစ်၍။ ဗုဒ္ဓတ္တံ၊ လောက ထွဋ်ထား မြတ်ဘုရား အဖြစ်သို့။ သမုပါဂမိ၊ ကောင်းစွာကပ်ရောက်ရပေပြီ။

ဘုရားတဆူ ပွင့်တော်မူဘို့ရာ စိတ်တော်ဖြင့် ပန်ခဲ့ရတာက နန္ဒအသင်္ချေ၊ သုနန္ဒအသင်္ချေ၊ ပထဝီအသင်္ချေ၊ မဏ္ဍအသင်္ချေ၊ ဓရဏီအသင်္ချေ၊ သာဂရအသင်္ချေ၊ ပုဏ္ဍရိက အသင်္ချေ-ဟု ၇-သင်္ချေတွင်း ပွင့်လင်းတော် မူကြသော ဗြဟ္မဒေဝ အစ-ရှိသော ရှင်တော် ဘုရားပေါင်း တသိန်း, နှစ်သောင်း, ငါးထောင်။ နှုတ်တော်ဖြင့် ပန်ခဲ့ရတာက သဗ္ဗဘဒ္ဒအသင်္ချေ၊ သဗ္ဗဖုလ္လအသင်္ချေ၊ သဗ္ဗရတနအသင်္ချေ၊ ဥသဘက္ခန္ဓအသင်္ချေ၊ ခန္ဓုတ္တမအသင်္ချေ၊ မာဏိတအသင်္ချေ၊ ဘဒ္ဒအသင်္ချေ၊ ပဒုမအသင်္ချေ၊ သဗ္ဗဘလ္လအသင်္ချေ-ဟု ၉-သင်္ချေတွင်း၌ ပွင့်လင်းတော်မူကြသော ပေါရာဏသကျ ဂေါတမ-ဘုရား အစရှိသော ဘုရားပေါင်း သုံးသိန်း, ရှစ်သောင်း, ခုနစ်ထောင်။ ကိုယ်နှုတ်နှစ်ပါး အစွမ်းဖြင့် နိယတဗျာဒိတ်ပန်းကို ဆင်မြန်းခဲ့ရတာက သေလအသင်္ချေ၊ ဘာသအသင်္ချေ၊ ဇေယျအသင်္ချေ၊ ရုစိယအသင်္ချေ-ဟု လေးသင်္ချေ ကမ္ဘာတသိန်းတွင်း ပွင့်လင်းတော်မူကြသော ဒီပင်္ကရာဘုရား အစရှိသော ဘုရားရှင်ပေါင်း

နှစ်ကျိပ်ခုနှစ်ဆူတဲ့။ ။ကာလအားဖြင့် သင်္ချေ နှစ်ဆယ်နှင့် ကမ္ဘာတသိန်း၊ ဘုရားအားဖြင့် (ငါးသိန်း, တသောင်း, နှစ်ထောင်, နှစ်ကျိပ်, ခုနစ်ဆူ) တို့၏ ထံတော် ပါးတွင် ဝပ်တွားမှ ရခဲ့သဖြင့် ဘုရားတဆူ ပွင့်တော်မူလာဘို့ (အင် မတန်) ခဲယဉ်းလှပါတယ်။

သုခေါ ဗုဒ္ဓါန မုပ္ပါဒေါ။ ။ဗုဒ္ဓါနံ၊ ဘုရားရှင် တို့၏။ ဥပ္ပါဒေါ၊ ပွင့်ထွန်း၍ လာရခြင်းသည်။ သုခေါ၊ ချမ်းသာလှ ပါပေ၏။ ဘဒ္ဒကမ္ဘာတွင် လေးဆူမြောက် (ဂေါတမဘုရား ရယ်လို့) လောကတလွှားမှာ ထင်ရှားပွင့်လာတော့ နိယျာ- နိက ဗုဒ္ဓမြတ်စွာ သာသနာတော်ကြီးနှင့်ကြုံပြီးနေရတဲ့ အခိုက် အမြိုက် အမတာနန်းဆီသို့ လှမ်းကြရအောင် မြတ်ဗုဒ္ဓဂုဏ် ကိုယ်လုံးထုံလျက် ယုံကြည်သော စိတ်ထားဖြင့် ပွားများနိုင် ကြဘို့ ဓမ္မမိုက်ဆေး တိုက်ကျွေးတဲ့ အရှင်မြတ် ကတော့ သံလျင်မြို့ မဟာခေမိကာရာမ ကျောင်းတိုက် ဆရာတော် ဦးခေမာစာရ- အရှင်သူမြတ် ဖြစ်ပါတယ်၊ အရှင်သူမြတ် ဟောကြားတော်မူအပ်သော တရားတော်မြတ် ကေသရိ ဆိကို ဋ္ဌေဝိသိဂ္ဂီ သောတဓာတ်ဖြင့် ဟောသမျှမှတ်ခါ သဒ္ဓါဖြူဖြူဖြင့် နာယူနိုင်ကြပါစေ-လို့။

## ဗုဒ္ဓဝင် ဘုရားပင့်

ဘန္တေ၊ ထောင်ရာမက နေလတန္ခန်း တေဇာတော်ချွန်း ပါတဲ့ ရွှေဘုန်းတော်ရှင်။ လောကနာဒထာ၊ လူသုံးပါးတို့၏ ကိုးစားရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည်။ အပ္ပရိမေ

ယျေသု၊ အတိုင်းအဆအားဖြင့် နှိုင်းမရနိုင်ကုန်သော။ အတ္တဘာဝေသု၊ ကိုယ်တော်မြတ် အဖြစ်တို့၌။ သမတ္တိံသပါရမိယော၊ အမျှသုံးဆယ် နှုန်းမဆွယ်တဲ့ ပါရမီတော် တို့ကို။ ပူရေတွာ၊ ဖြည့်ကျင့်တော်မူပြီး၍။ လုမ္ဗိနီဝနေ၊ မြတ်လုမ္ဗိနီ နတ်ဘုံမှိုသည့် ဂုဏ်ရည်သာမော ပန်းစုံငယ် ပေါပေါ်တဲ့ အင်ကြင်းတော၌။ ဝိဇာယိတွာ၊ မယ်မာယာဝမ်း ရွှေကြာခန်းမှ သာလှမ်းတော်မူပြီး၍။ သောဠသဂဏသကာလေ၊တဆဲ့ခြောက်နှစ် တောက်သစ်မင်္ဂလာ မယှဉ်သာလှတဲ့ အရွယ်တော်၌။ တီသုပါသာဒေသု၊ ရမ္မ သုရမ္မ သုဘမည်ခေါ် ရွှေနန်းတော် သုံးဆောင်တို့၌။ ဝသိတွာ၊ ယသော်မရော နန်းတောင်ညာ တို့နှင့် ကောင်းစွာ စံနေတော်မူပြီး၍။ ကေူနတိံသဝဿေ၊ ရွယ်တော်နှုဖြိုး နှစ်ဆဲ့ကိုး၌။ နိဗ္ဗန္ဒဟာဒယော၊ ရွှေနန်းဘုံကို ပေ့ွခဏ်းစုံ ထင်တော်ရှိတာကြောင့်။ တိဏ်ိနဂရာနိစ၊ ဒေဝဒဟ ကောလိယနှင့် ကပိလမည် ပြန့်ပြောစည်လှသည့် ရွှေပြည်ကြီး သုံးပြည်ထောင်တို့ကိုရင်း။ ပိတရဉ္စ၊သုဒ္ဓေါဒန ဘွဲ့သမည်ခေါ် ခမည်းတော် မင်းတြားကြီးကိုရင်း။ မာတရဉ္စ၊ မာယာဒေဝီ နတ်နန်းချီတော့ နှိုရည်တော် တိုက်ကျွေးသည့် မိထွေးတော် ဂေါတမီကိုရင်း။ ဒေဝိံစ၊ ဘဒ္ဒကဉ္စနာ ဗိမ္ဗာဒေဝီ မဟေသီဟု ရွှေညီသက်ထား နန်းမတော် မိဖုရားကြီးကိုရင်း။ ဉာတကေစ၊ ဆွေတော်ရှစ်သောင်း မျိုးတော်ပေါင်း တို့ကိုရင်း။ ဟိတွာ၊ သန်းခေါင်အခါ၌ ပယ်ခွါစွန့်ပစ်တော်မူပြီး၍။ မဟာဘိနိက္ခမနံ၊ မြတ်သော တောထွက်ခြင်းကို။ နိက္ခမိတွာ၊ မြင်းပျံကဏ္ဍက မတ်ဆန္နတို့နှင့် မြန်းကြွတော် မူလိုက်ပြီး။ အနောမာ

နဒီတီရေ၊ အနောမာဟု ဩဘာဟိတ်လျှမ်း ပွင့်စုံသန်းလှတဲ့ ဆိပ်ကမ်းသာကြီး၌။ ပဗ္ဗဇိတွာ၊ဆဋ္ဌိကာလှူဒါန်း ကြာသက်န်း တို့ဖြင့် မြတ်ရဟန်းပြုပြီးသော်၊၊ ဥရုဝေလာယံ၊ ဥရုဝေလ နာမ ကြိုင်ထုံ မြိုင်ရဂုံ၌။ ဆဗ္ဗဿာနိ၊ ခြောက်နှစ်တို့ ပတ်လုံး။ မဟာပဓာန်၊ ဘုရားပွင့်လန်း ကျင့်စခန်းဟု မြင့်လှသော ကမ္မဋ္ဌာန်းကို။ ပဒဟိတွာ၊ တုခွင့်မမျှော် ကျင့်တော် မူပြီး၍။ အပရာဇိတပလ္လင်္ကေ၊ အပရာဇိတအောင်မြေ ပလ္လင်ဘွေ၌။ သဗ္ဗကိလေသေ၊ တထောင့်ငါးရာ ကိလေသာတို့ကို။ ဘဥ္ဇိတွာ၊ လေးတန်ဉာဏ်မဂ် စိန်သံလျက်ဖြင့် ပယ်ဖျက် ခုတ်ထွင် သုမ်သင်ရှင်းလင်းတော်မူပြီး၍။ ဗုဒ္ဓတ္တံ၊ သောင်းတိုက် စကြ ဝဠာ မဟာပထဝီ မဟီဝသုံ သိမ့်သိမ့်တုန်လျက် အကုန်လှုပ်ရှား ဘုံသုံးပါး၌ မြတ်လှသော ဘုရားအဖြစ်သို့။ ပတ္တော၊ သစ္စာ လေးဆင့် ခေါင်ဆုံးတင့်လျက် ပွင့်ခြင်းသို့ ရောက်တော် မူပေပြီ။ သောဗုဒ္ဓေါ၊ ရွှေဘုန်းတေဇာ ဝေဖြာ တတ်ပြြား ထိုမြတ်စွာဘုရားသည်။မေ၊ ဘုရားတပည့်တော်၏။ သီသကေ၊ ဦးခေါင်းရတနာ ရွှေပလ္လင်သာ၌။ ရောစျ၊ ခြောက်ရောင်စုံ အညွန့်အဖူးတို့ဖြင့် ကွန့်မြူးစမ္ပါယ်တော်မူလျက်။ ကေဘာတု၊ သီတင်း သုံးတော်မူလှဲ့ပါ ဘုရား။ ကေတတု၊ ရွှေကျောင်း တည်ရာ ပြည်မဟာသို့ ကြည်သာရှင်ပြုံး သီတင်းသုံးတော် မူလှဲ့ပါ၊ ရွှေသမ္ဘာ တေဇာတော် မဆုံးနိုင်တဲ့ ရွှေဘုန်းတော် သခင်ဘုရား။

## ၁–ဗုဒ္ဓဝံသ ဒေသနာတော်

တထာဂတော ဇိနော ဘဂဝါ သမ္မာသမ္ဗုဒ္ဓ အနုတ္တရ မဟေသီ အစချီ၍ ဂုဏ်ရည်မဆုံး ဘွဲ့ရှောဘုန်းနှင့် ခေတ်သုံး အနန္တ စံမရသော ဂေါတမဘဂဝါ ရှင်မြတ်စွာသည် မြတ်လှ ရတနာဟု ဆိုရသော ဉာဏဘဒ္ဒကမ္ဘာမှာ စကာ, ရေတွက်လျှင် လေးသင်္ချေကမ္ဘာတသိန်းထက်၌ ကိန်းအဆက်သာမက အမှန် ပြရလျှင် သာရမဏ္ဍကမ္ဘာဝယ် အမှန်တကယ် ဘေးအပူ ပျောက်စေဘို့ လေးဆူမြောက် အမည်တွင်လာတဲ့ ဒီပင်္ကရာ ရှင်တော်ဘုရား ထင်ရှားလျက်သော် သက်တော် တသိန်း တန်း၌ ငြိမ်းချမ်းစရာ ပွင့်တော်မူလာပါတယ်၊ ပွင့်တော်မူတဲ့ သမယအမှီ အမရဝတီ ရွှေပြည်တော်၌ ထင်ပေါ်ကာ အရေး ထားရတဲ့ သူဌေးသား သမုဆွေကလျာမှာ သုမေဓာ ပညာရှိ ဖြစ်တော်မူရှာသတဲ့။

အလောင်းအလျာ သုမေဓာပညာရှိဟာ သင်စရာ ပညာ စခန်း အစွမ်းကုန်ကြိုးစားပြီး အားထားဘို့ အသွယ်သွယ် အရွယ်တော်ထောက် အချိန်အခါ ရောက်လာတော့ နှစ်ဖြာ မိဘ ကွယ်လွန် ကြလေလျှင် ပစ္စည်းအမျိုးစုံ အဖုံဖုံပြပြီး စာရင်း ရှင်းကြတော့ ဟယ်–ပစ္စည်းတွေ စုရုံး အကုန်လုံး ထားခဲ့၍ တပြား တချပ်မှ ယူသွားတတ်သူ မရှိကြပါ ကလား–လို့ ထင်ရှားသောသတိဖြင့် ပညာရှိ သုမေဓာက အပြုစေတနာ တမူခြားပြီး ငါတော့ဖြင့် ယူသွားမယ်–လို့တဆူ ထူးစရာသတင်း လျှပ်သဖြင့် မင်းမြတ်ထံ သံတော်ဦးတင်ပြီး

မှူးအရှင် သုမေဓာက ဆုချေစရာ ဓာတ်အမတာ မှန်လှတော့ မြတ်ဒါနံ လှူသဘင်ပွဲကို ဆင်နွှဲလိုက်တယ်-တဲ့။

တနေ့သောအခါ သုမေဓာပညာရှိဟာ မြင့်စွာသော ပြာသာဒ်အပြင် ဆိတ်ငြိမ်ရာဝင်ပြီး တင်ပလ္လင်ခွေ ထိုင်နေတော်မူလျက် ကြံစည်တော်မူချက်ကတော့ အို-ပညာရှိ သုမေဓာ ဘဝသစ်မှာ ပဋိသန္ဓေယူရတာလဲ ဆင်းရဲတယ်၊ ဖြစ်လေသမျှ ဘုံဘဝမှာ သေရတာလဲ ဆင်းရဲတယ်၊ ဇာတိဇရာ ဗျာဓိမရဏ ဒုက္ခအဖုံဖုံနဲ့ တွေ့ကြုံခဲ့ရတဲ့ငါသည်၊ ဇာတိအဖြာဖြာ ကင်းကွာလိုသဖြင့် မအိုမနာ မသေရာမှန်တဲ့ ရွှေပြည်နိဗ္ဗာန်ကို ကေန်ရှာသင့်တယ်လို့ အမြင့်တကယ်မချွတ် ကေန်ဖြင့် အမှန်မုချ ဘဝမှာလွတ်ကင်းရာမှန်တဲ့ နိဗ္ဗာန်ရောက်ကြောင်း လမ်းကောင်းတခုတော့ ရှိမှုဖြင့် မှန်ပါလိမ့်မယ် စံအမတာမနှေးဖင့်ရအောင် တွေးချင့်တော် မူလိုက်တယ်တဲ့။

လောကသံသရာအရှုပ်ဘဝတွင် ဒုက္ခနှင့်ဆန့်ကျင်မှုပြသော သုခဆိုတာရှိရသလို ဘဝတရား၏ဆန့်ကျင်ဘက် ဝိဘဝဆိုတာ ရှိရမှာဘဲလို့ သိစရာတမူမှာတော့ အပူရှိလျှင် အအေးရှိတာလို ရာဂအစရှိတဲ့ တဆဲ့တသီး တကဲ့မီးတို့၏ ငြိမ်းကြီးငြိမ်းရာ မှန်တဲ့ နိဗ္ဗာန်ဆိုတာ ရှိမှာပါဘဲ-လို့၊ ပါပဓမ္မနှင့်ဆန့်ကျင်စွာသော ကလျာဏဓမ္မဆိုတာ ရှိပါဘိသကဲ့သို့ ဇာတိတရား ရှိပါငြားက ထင်ရှားလှဘိ အဇာတ်ခေါ်တဲ့ ပြည်ကျော် နိဗ္ဗာန်ဟာ အမှန်ပင်ရှိမှာပါဘဲလို့ ပညာဂုဏ်အမှန်ဇွဲဖြင့် ကြံမြဲကြံတော်မူလိုက်တယ်တဲ့။

သုမေဓာပညာစွမ်းဖြင့် အဆန်းတကြယ် ကြံစည်ခြင်း ကတော့–

၁။ ကျင်တွင်းနစ်ငြား၊ ထိုယောကျ်ားကား၊ ဆေးငြား ဘို့ရာ၊ ကန်ရှိပါလျက်၊ မဆေးရက်၊ ကန်တွက် မဟုတ်ပေ။

၂။ ကိလေညစ်ကြေး၊ ဆေးကြောဘို့ရန်၊နိဗ္ဗာန်ကန်ကြီး၊ ရှိပြီးလျက်လည်း၊မရှာမှီး၊ကန်ကြီးအပြစ်မဟုတ်ပေ။

၃။ ရန်သူဝိုင်းထား၊ ထိုယောကျ်ားကား၊ ပြေးသွား ဘို့ရာ၊ လမ်းရှိပါလျက်၊ မပြေးရက်၊ လမ်းတွက် မဟုတ်ပေ။

၄။ ကိလေဝိုင်းထား၊ ထိုယောကျ်ားကား၊ ပြေးသွား ဘို့ရာ၊ လမ်းရှိပါလျက်၊ မပြေးရက်၊ လမ်းတွက် မဟုတ်ပေ။

၅။ ရောဂါရှိငြား၊ ထိုယောကျ်ားကား၊ သမားရှိလျက်၊ မရှာရက်၊ သမားအတွက်မဟုတ်ပေ။

၆။ ကိလေသာဗျာဓိ၊ နှိပ်စက်ဘိငြား၊ ထိုယောကျ်ား ကား၊ သမားဆရာ၊သူမရှာ၊ ဆရာအတွက်မဟုတ်ပေ။

၇။ သုမေဓာလောင်းလျာက ကောင်းစရာကြံစည်ခြင်း မှာတော့ သန့်ရှင်းတဲ့အမျိုးသားဟာ လည်ပင်းမှာ ဆွဲထားတဲ့သူသေပုပ်ကို ဖယ်ထုတ်ခါ ချမ်းသာရာသို့ သွားရရှာသလို ဤကိုယ်ကောင်ပုပ် စက်ဆုပ် ဖွယ်ကြီး စွန့်ထားလို့ နိဗ္ဗာန်မြို့ကြီးကို သွားမှာ့ တော်မယ်။

၈။ ကျင်ကြီးကျင်ငယ်ကို ရှုံစဘွယ် စွန့်ထုတ်ကြသလို ပုပ်လှတဲ့ ကိုယ်ကောင်ကြီး မငဲ့ကွက် စွန့်ပြီးလျှင် နိဗ္ဗာန်မြို့ကြီးကိုသွားမှာတော်မယ်။

၉။ လှေသူကြီးထိုထိုတို့ လှေအိုကို စွန့်ကြသလို ဒွါရ ထိုထိုမှာ တစိုစိုယိုနေတဲ့ ကိုယ်ကောင်ကြီးစွန့်ထားလို့ ပြည်နိဗ္ဗူသွားမှာတော်မယ်။

၁၀။ သူခိုးအပေါင်းနှင့် ခရီးတကြောင်း မသွားကြသလို မှားလှတဲ့ စောရကာယေကို သဘောမကျသဖြင့် ခွါစေပြီး အမတာပြေသွားမှာတော်မယ်။

ဒါလို-သံဝေဂတရား လက်ကိုင်ထားပြီး စဉ်းစားသမှု ပြုနေရှာတဲ့ (အလောင်းတော်) သုမေဓာပညာရှိဟာ မြင့်စွာ သော ပြာသာဒ်အပြင် ဆိတ်ငြိမ်ရာဝင်ပြီး တင်ပလ္လင်ခွေ ထိုင်နေတော်မူလျက် ကြံစည်တော် မူချက်အတိုင်း ဘဝ အဆက်ဆက်က ဇာတိဇရာ ဗျာဓိမရဏ ဒုက္ခမျိုးစုံတို့ဖြင့် တွေ့ကြုံခဲ့ရသောင်ါသည် မဒိုမနာ မသေရာမှန် ရွှေပြည် နိဗ္ဗာန်ကို ကေန်ရှာသင့်တယ်-လို့ လောကအခွင့်အရ ဒုက္ခနှင့် သုခ ရှိရတာကို သတိမှာထားပြီး တဆဲ့တသိး တကဲ့မိးတို့၏ ငြိမ်းကြီးငြိမ်းရာ ခေမာနဂရ အဘယသာခေါင် မီးမလောင် သည့် ငွေသောင်ကမ်းမ အနိမိတ္တ အပ္ပဏိဟိတ သုညတခေတ် အောင်ဇေယျာဉက္ကဌ် ပြည်နိဗ္ဗူနန်းမြတ်တော့ စခမ်းသတ်ရှိ မှာဘဲ-လို့ အားခဲကာ အေးရအောင် တွေးဆတော်မူပြီး သယမ္ဘူလောင်းလျာက များစွာသောဥစ္စာ ရတနာတွေ

စွန့်လှူလျက် ကြည်ဖြူဒါန လွန်အားရပြီး အမရာဝတီ ရွှေပြည်တော် သာစခမ်းမှာ့ ဟိမဝန္တာလမ်း တယောက်ထည်းကြွ မြန်းလို့ ဆန်းလှသည့် ကျောင်းသင်္ခမ်း ဝိသကြုံအစွမ်းကြောင့် ရတော်မူပြီး ဓမ္မိကတောင်ယံတွင် (ရသေ့ဘဝနှင့်) ခပျော်စံတော်မူ (နောက်တခါ) ရုက္ခမူဝင် အကျင့်တော် စင်တော့ ခုနစ်ရက်အတွင်းတွင် ရှစ်အင်သောသမာပတ်နှင့် ငါးရပ်သော အဘိညာဉ်ရပြီး တာပသဘုန်းခဟ့ ရှင်ရသေ့မှာ ပျော်မွေ့တော်မူရပါတယ်တဲ့။

သုမေဓာတာပသက ဈာနသုခဖြင့် စံနေတော်မူစဉ် ဒီပင်္ကရာ မြတ်စွာဘုရား ထင်ရှားပွင့်တော်မူလာပါရောတဲ့၊ လောကထွဋ်ထား ဒီပင်္ကရာ မြတ်စွာဘုရားသည် များလှတွက်ကိန်း လေးသိန်းသောရဟန္တာများနှင့် ကြွသွားဒေသစာရီ လှည့်လည်တော် မူစဉ်က များဖြင်သာလှ ရမ္မဝတီနေပြည်တော်က သုဒဿန ရွှေကျောင်း၌ ကိန်းအောင်းမွေ့လျော် စမွယ်တော်မူလိုက်တယ်တဲ့။

ရမ္မဝတီ ပြည်သူပြည်သား အပေါင်းတို့ကလဲ ဒါနပူဇော်ဘို့ စီမံကြတယ်၊ ဗုဒ္ဓပရမေ အစိန္တေကြွမဲ့လမ်းကို ငွေ့သဲတွေဖြန်းလမ်းကြမ်းတွေညီအောင်ဖို့ တောင်ပို့ခလုပ်ကံဇင်း အားလုံးရှင်းပြီး ပန်းပေါက်ပေါက် ဖြန့်ကျင်း သန့်ပြန့်တဲ့မြေတလင်းမှာ အဆင်းစုံတံခွန်ကုက္ကားနှင့် မလေးပွားရေပြည့်အိုးငှက်ပျောမျိုး အစုံထားလို့ ကြိုးစားနေကြတဲ့ အခိုက်မှာ အမြိုက်အစုဖွေရှာတဲ့ သုမေဓာရှင်ရသေ့ကလဲ အသွင်မဲလေ့ အာကာလမ်းဖြင့် ပျံသန်းပြီး သွားလိုက်တော့ အားစိုက်ခါ

ကြံဆမနေသီဖြင့် ရမ္မဝတီပြည်သူပြည်သားတို့ ကြိုးစားဒါမြင် ရတော့ ဝေဟင်ကဆင်းပြီး အကြောင်းရင်းမေးလိုက်တယ်တဲ့၊ မေးမြန်းတဲ့အခါကျတော့ ရမ္မဝတီ ပြည်သူ ပြည်သားတွေက အို-ရှင်ရသေ့ ပညာရှိ မသိဘူးလား၊ လောက တလွှားမှာ ဒီပင်္ကရာ မြတ်စွာဘုရား ထင်ရှားပွင့်နေတယ် ရှင်ရသေ့ရဲ့လို့ ပြောကြတဲ့အခါ ရှင်ရသေ့ခမျာမှာ ဝမ်းမြောက်တဲ့ပီတိတွေ ဖြာပြီး မြတ်စွာဘုရား- မြတ်စွာဘုရား- မြတ်စွာဘုရားနဲ့ ပြောကြားကာ ရွတ်ဆိုလျက်။

ဗုဒ္ဓေါတိဝစနံ သုတွာန၊ ပီတိ ဥပ္ပဇ္ဇိ တာဝဒေ။
ဗုဒ္ဓေါ ဗုဒ္ဓေါတိ ကထယန္တော၊ သောမနဿံ ပဝေဒယိံ ။
(ဗုဒ္ဓဝံသ)

ဗုဒ္ဓေါတိဝစနံ၊ မြတ်စွာဘုရားဆိုတဲ့စကားသံကို။ သုတွာန၊ ကြားလိုက်ရ၍။ တာဝဒေ၊ ထိုခဏ၌။ ပီတိ၊ နှစ်သက်လှ ပါတယ်ဆိုတဲ့ ပီတိသည်။ ဥပ္ပဇ္ဇိ၊ ဖြစ်ပေါ်၍ လာခဲ့ပေပြီ။ ဗုဒ္ဓေါ-ဗုဒ္ဓေါတိကထယန္တော၊ ဘုရား ဘုရားနဲ့ တ သတော် မူလျက်။ သောမနဿံ၊ ဝမ်းမြောက်လှပါတယ်ဆိုတဲ့ အခြင်း အရာကို။ ပဝေဒယိံ၊ ဘုံတခွင် စခန်းတထောက်မှာဖြင့် ဝမ်းမြောက်ဘွယ် သိစေလိုက်ပေတော့သတည်း။

သို့ကလို ပြောကြားပြီး အားရပါးရ လမ်းစကလေးတခု တောင်းလို့ ကောင်းအောင် ပြင်မယ်လို့-ဆိုတဲ့ စေတနာဖြင့် ပြင်စရာလမ်းအပျက်ကို ပြင်လျက်နေတဲ့အခါ သောင်းတိုက် ပရမေ အစိန္တေယျ သမ္ဗုဒ္ဓဟု လောက ထွဋ်တင် ဒီပင်္ကရာ

ဘုရားရှင်သည် စံခွင်သာလှ ရဟန္တာလေးသိန်း ခြံရံခလျက် သုဒဿန ကျောင်းတော်မှလျှင် ရာ့ရှစ်ကွက်ရွှေ ထိန်ထိန် ဝေ၍ ပရမေသခင် ရွှေတောင်ကြီးအသွင်လို ခြောက်ခွင်သော ရောင်ခြည်တော် ဖူးအညွန့်တို့ဖြင့် မြူးကွန့် လိုက်တယ်-တဲ့။

## ၂-ရောင်တော်ဝန္ဒနာ

နီလာယော ပီတရံသိ ယော၊
လောဟိတော ဒါတ မဉ္ဇိဋ္ဌာ။
ပဘဿရာ နိက္ခမန္တိ၊
ဝန္ဒာမိ ဓမ္မနာယကံ။

ဗုဒ္ဓဿ၊ ငါးမာရ်ဇိနေ အောင်ဘွဲ့ချွေခဲ့တဲ့ အပရာဇိတေ ပလ္လင်ဘွေ့ရှဲ့သခင် ဘုရားရှင် ကိုယ်တော်မြတ်ကြီး၏။ နီလာ ယောစ၊ ပတ္တမြားညိုရောင် မဟီကဲ့သို့ ညိုလှတဲ့ နီလ ရောင် ခြည်တော် တို့သည်ရင်း။ ပီတရံသိယောစ၊ နဘာံပြေဆီမှာ ရွှေရည်ကို သွန်းကာချသကဲ့သို့ ဝင်းလှတဲ့ ပီတရောင်ခြည်တော် တို့သည်ရင်း။ လောဟိတာစ၊ တိန်နဘာံရေး နီတွေး ရောင်ဝါ ဘွေ့အာကာ၌ ကမ္ဗလာနီခြုံလွှမ်းကာရုံသကဲ့သို့ဘုန်းတော်ဂုဏ် ပေါပြည့်ဝသဖြင့် လောဟိတခေါ်တဲ့ ရောင်ခြည်တော်တို့သည် ရင်း။ ဩဒါတာစ၊ ကျော်ပေသည် သမ္ဘာဘုန်းတွေ့ကြောင့် ဘော်ငွေရည် အာကာဖုံးသကဲ့သို့ အဖြူဆုံးရယ်လို့ ပြောကာ ပြကြတဲ့ ဩဒါတ ရောင်ခြည်တော် တို့သည်ရင်း။ မဉ္ဇိဋ္ဌာစ၊ အမဲနှင့် အနီပေါ်မှာ အညိုတော် ပေါင်းကာ ပြသကဲ့သို့၊

မှိုင်းအုံ့ရီမှုံ့တဲ့ မဥ္ဇူဋ္ဌ ရောင်ခြည်တော်တို့ သည်ရင်း။ ပဘဿရာစ၊ ဝိသာခါကြယ်ပြောင်နှင့် လ,ဘုံဆောင်ကြုံကာပ,ရှာတဲ့ ကဆုန်လနေ့သဘင်၌ ဝေဟာပြင် လျှပ်စစ်နွယ် ကူးသကဲ့သို့ အံ့ထူး ခံ့ခိုင် ဘက်ပြိုင်သူ မာန်ဂုဏ် ကျိုးရသဖြင့် ပြိုးပြိုး ပြက်ပြက် တခဲနက်တဲ့ ပဘဿရ ရောင်ခြည်တော်တို့သည့် ရင်း။ နိက္ခမန္တိ၊ အနန္တနယ သမန္တရွှေစာကို ဖွေရှာကာ ဉာဏ်ဟုန်ကူးတော့မှာ့ ထွက်ခွါ ကွန့်မြူးတော်မူကြလေကုန် သတည်း။ ဓမ္မနာယကံ၊ ဓမ္မမူးပိုင် ဦးကိုင်သခင် အင်္ဂီရသံ ဘွဲ့ထူးခံတဲ့ ဘုရားရှင်ကို။ ဝန္ဒာမိ၊ မြူးပျော်ရာ လျှံအကြော့တွေကြောင့် ဖူးမျှော်ကာ မာန်လျှော့လို့-ကန်တော့လိုက်ရပါတော့သည် ဘုရား။

ဒါလို ရောင်ခြည်တော် ခြောက်ဆိုင်တို့ဖြင့် မှိုင်မှိုင်ကြီး ကွန့်မြူးလို့ အလွန့်အလွန် ထူးလှတဲ့ ကြက်သရေတော်-တဲ့၊ မက်မပြေစရာ ဖြစ်တဲ့ ၃၂-ဖြာသော လက္ခဏာတော်ကြီး၊ (၈၀)သော လက္ခဏာတော်ငယ် ဗျာမပ္ပဘာရောင်ခြည်တော် အသွယ်သွယ်တို့ဖြင့် တင့်တယ်တော်မူလှတဲ့ ဗုဒ္ဓအသရေတော် အထူးတို့ကို ကြည်နူးပြီး ပူးနေတဲ့အခိုက် လမ်းအဆိုက်ကလဲ မပြီးသေးတော့ ထန်သည်းသော စေတနာဖြင့် ဘောဂ္ဂါမြန်းလျှင်လဲ မြန်းရပါစေ၊ ဆန်းလှတဲ့ ညွှန်အတွင်း (ဘုရားနဲ့ ရဟန္တာများ) မနင်းကြပါစေနဲ့ ဆိုတဲ့ စေတနာ အရင်းကြောင့် ညွှန်အတွင်းမှာ သစ်နက်ရေခဲလး ခင်းပြီး အလျားစင်းလို့ တံတားခင်းလိုက်တယ်-တဲ့၊ ပတ္တမြား အသွင်နဲ့ တူတဲ့ ငါ့ကျောပြင်ကြီးနင်းလို့ ကြွခြင်းကြီးကြွပါစေ-တဲ့။

သတ္ထာ သ သာဝကသံဃော ကာလလံ အနုက္ကမိတွာ
မံ အက္ကမန္တော ဂစ္ဆတု။

သသာဝကသံဃော၊ အေးငြိမ်း စရာ လေးသိန်းသော သာဝကနှင့်အတူ။ သတ္ထာ၊ ကြည်ညိုလို့ မဆုံးတဲ့ ရွှေဘုန်းတော်သခင်သည်။ ကာလလံ၊ ညွန်အပြင်ကို။ အနုက္ကမိတွာ၊ မနင်းပါဘဲ။ မံ၊ ပတ္တမြား အသွင်နဲ့ တူတဲ့ ငါ့ကျောပြင်ကြီးကို။ အက္ကမန္တော၊ နင်းတော်မူလျက်။ ဂစ္ဆတု၊ ကြွပါစေသတည်း။

ကိုင်း–သုမေဓာရသေ့တပါးက အလျားစဉ်း တံတားခင်းလိုက်ပါရော၊ တံတားခင်း နေရင်းက သေဉ်နင်း မြတ်စွာဘဂဝါ၏ ကြည်ညိုစရာဖြစ်တဲ့ မဟာအသရေအစုံ အာရုံပြုပြီး သဗ္ဗညုတဉာဏထွင့်ရှတင် ဒီပင်္ကရာ ဘုရားရှင်ကဲ့သို့ **သဗ္ဗညုတဉာဏမဏ္ဍိုင်** အရကိုင်ပြီး လေးဆိုင်သြဃ နစ်မျောကြတဲ့ ဝေနေယျကို ကယ်မတော်မူမယ်လို့။

သံသာရသောတံ ဆိန္ဒိတွာန၊ ဝိဒ္ဓံသေတွာ တယော ဘဝေ။
ဓမ္မနာဝံ သမာရုယှ၊ သန္တာရေဿံ သဒေဝကံ။

(ဗုဒ္ဓဝံသ)

သံသာရသောတံ၊ မျောချီစုံချီနှင့် တည်ရာကိုမထင်နိုင်ကြတဲ့ သံသရာတည်းဟူသော ရေအယဉ်ကို။ ဆိန္ဒိတွာန၊ အရဟတ္တမဂ်တည်းဟူသော ရေကာတော်တာရိုးဖြင့် ဖျက်ချိုးတော်မူလိုက်ပြီး၍။ တယောဘဝေ၊ လူ့ဘဝ နတ်ဘဝ ဗြဟ္မာဘဝလို့ဆိုကြတဲ့ ဘဝသုံးခွင် ဘုံသုံးပြင်တို့ကို။ ဝိဒ္ဓံသေတွာ၊

အရဟတ္တမဂ် ဉာဏ်စဉ်တော်စိန်စက်ဖြင့် ပယ်ဖျက်တော်မူလိုက်ပြီး၍။ မေ့နာဝံ၊ အောင်လံတော်အတူလွှင့်ပါလို့ အောင်ခွင့်က အလီလီ အောင်စည်တော်ရိုက်တီး၍ အအောင်ကြီး အောင်တော်မူခဲ့ပြန်သဖြင့် ကမ္ဘာတခွင်မှာ မဂ္ဂင်ရှစ်တန်လို့ဆိုကြတဲ့ ရွှေဖောင်ပျံကြီးကို။ သမာရုယ်၊ ပါရမီတော်အညွန့်အဖူးတွေနှင့် အထူးပင်စီးတော်မူလိုက်ပြီး၍။ သဒေဝကံ၊ လူရော နတ်ရော ဗြဟ္မာရောစုံညီကြတဲ့ ဘုံဝသီသတ္တဝါအပေါင်းကို။ (ဝါ) သံသရာနဒီကြောဿ မျောချင်တိုင်း မျောနေကြတဲ့ သတ္တဝါအပေါင်းကို။ သန္တာရေသာ၊ နိဗ္ဗာန်သောင် အောင်မြို့သို့ ဆောင်ပို့လိုက်ပေအံ့သတည်း။

ရှင်သုမေဓာ သူမြတ်စွာသည် မဟာဥက္ကဋ္ဌ ဗုဒ္ဓဆုကြီး တောင်းတ,တော်မူလျက် ညွန့်ဗွက်အတွင်းမှာ အလျားစဉ်း တံတားခင်း လိုက်တော့ အမင်းမင်းတို့၏ဆရာ ဒီပင်္ကရာ မြတ်စွာဘုရားက ခေါင်းရင်းနားက ရပ်တော်မူပြီး သယမ္ဘူ ဘဂဝါက အနာဂတံသ,ရွှေဉာဏ်ဖြင့် ကေန်ပင်သိတော်မူတော့-

ပဿထ ဣမံ တာပသံ၊
ဇဋိလံ ဥဂ္ဂတာပနံ။
အပရိမေယျေ ဣတော ကပ္ပေ၊
ဗုဒ္ဓေါ လောကေ ဘဝိဿတိ။

ဘိက္ခဝေ၊ ရန်ကိလေဆိုးအယုတ်ကို မျိုးဖြုတ်လို့ငြား အို-ချစ်သားတို့။ ဇဋိလံ၊ မင်ပတုံးရှောင် မျက်စဉ်းတောင်

ကဲ့သို့ ညိုမှောင်စုရုံး ဆံကျစ်ကိုထုံးပေထသော။ ဥဂ္ဂတာပန်၊ အဝတ်အစား မကြွားမဝါ တရားသာထောက်ချင့်၍ ခြိုးခြံသောအကျင့်လည်းရှိပေဘသော။ ဣမံ တာပသံ၊ ဈာနဘာဂီဝသီဘုန်းဟော့ ဤရသေ့ကို။ ပဿထ၊ ရှုကြကုန်လော။ ဣတော၊ ဤသာရမဏ္ဍကမ္ဘာမှ။ အပရိမေယျေ၊ ဤမျှဤမျှဂဏန်းချ၍ နှိုင်းဆခြင်းငှာ မတတ်ရာသော။ ကပ္ပေ၊ သင်္ချေလေးရပ် တသိန်းကပ်၌။ လောကေ၊ လောကဓာတ်စကြာဘုံမဟာ၌။ ဗုဒ္ဓေါ၊ ဂေါတမဟု လောကထွဋ်ထား မြတ်စွာဘုရားသည်။ ဘဝိဿတိ၊ လေးသစ္စာ ရောင်စုံတင့်သဖြင့် ပွင့်တော်မူရပေလိမ့်သတည်း။ (အပဒါန ကထာ)။

ဤကဲ့သို့ အင်္ဂါရှစ်ပါး ဘုရားတံဆိပ် နိယတ ဗျာဒိတ်ကို ခပ်နှိပ်အပ်သောဂုဏ်နှင့် ပြည့်စုံသော အလောင်းတော်အား ဗျာဒိတ်တော် မြတ်တံဆိပ်ကို ခပ်နှိပ်တော်မူလိုက် တယ် တဲ့။ အမရဝတီ ပြည်အဝင်နဂရာမှာ ဒီပင်္ကရာ မြတ်စွာ ဘုရားက ဗျာဒိတ်စကား ကြားတော်မူလိုက်တဲ့အခါ သုမိတ္တာ သူဌေးသမီးကလေးက ရှုမငြီးစရာ သဒ္ဓါမြိုင်မြိုင်ဖြင့် (ရှင်သုမေဓာ) အား ကြာငါးခိုင်တဲ့၊ ဒီပင်္ကရာ ရှင်တော်ဘုရားအား ကြာသုံးခိုင်တဲ့ လှူဒါန်းပြီး ဗျာဒိတ်ခံဏ်းဝင်လိုက်တယ်၊ တပည့်တော်မအလှူရတနာ သုမိတ္တာသည် ရွှေကြာကို လှူရသည့် အတွက် (ရှင်သုမေဓာ)နဲ့ ဘဝအဆက်ဆက် ပါရမီ ဖြည့်ဘက်ချည်းဖြစ်ပါရစေ–တဲ့။

## ၁-ယသောဓရာ ဆုတောင်း

ပဉ္စဟတ္ထာ တဝ ဟောန္တု၊ တယော ဟောန္တု မမ ဣလသော။
တေန သဒ္ဓိံ သမာ ဟောတု၊ ဗောဓတ္ထာယ တဝ ဣလသော။
(ယသောဓရာထေရီ)

ဣလသေ၊ ဗုဒ္ဓကုံရ ဘဝသခင်မယ့်အရှင်။ တဝ၊ ပါရမီ ဖြည့်ဘက် အသက်သခင် မယ့်အရှင်အား။ ပဉ္စဟတ္ထာ၊ အဆင်းရနံ့သင်းပျံ့ကြိုင်လှိုင် ကြာငါးခိုင် တို့သည်။ ဟောန္တု၊ ပါရမီအောင်စခန်းဆီသို့ ဆောင်မြန်း နိုင်ကြပါစေ ဘုရား။ မမ၊ သုမိတ္တာဟု အလှုရတနာ မောင့်သက်လျာအား။ တယော-ဟတ္ထာ၊ ဘဝသံသရာ အဆုံးတိုင်မဲ့ ကြာသုံးခိုင် တို့သည်။ ဟောန္တု၊ ရွှေနိဗ္ဗာန်အောင်ပွဲသို့ ဆောင်နွှဲနိုင်ကြပါစေဘုရား။ ဣလမိနာ၊ ရွှေကြာပန်းကို လှူဒါန်းပါရ မြတ်ဒါန၏ ကောင်းလှုတဲ့စေတနာကြောင့်။ တေန၊ ယခုနေအခါတွင် ဆုတော်တွေ ဝေဖြာလှုတဲ့ သုမေဓာမယ့်အရှင်နဲ့။ သဒ္ဓိံ၊ သံသရာဆောင်ယံဘုံ၌ မောင်နှံ့စုံ ဘဝသာလျှင်။ သမာ၊ ဇမ္ဗူတန်မှာ အတူတွဲကာ။ ဟောန္တု၊ ချစ်မေတ္တာ စွေသဖြင့် ဖြစ်ပါ စေသား အရှင်ဘုရား။ ဣလသေ၊ နိဗ္ဗူတာ ဘုံကြွင့်နန်းကို စုံမြန်းလိုတဲ့ မယ့်သခင်။ ဗောဓတ္ထာယ၊မြတ်ဗောဓိရွှေဉာဏ်ကို ဝေကန်ရစေခြင်းအကျိုးငှာ။ ဟောတု၊ ဖြစ်ပါစေသား အရှင်ဘုရား။ ဟောတု၊ ပရမေသခင် အဆောင်ဆောင်နဲ့မြန်းရမဲ့ ရွှေပလ္လင်ညောင်တနန်းကိုဖြင့် အောင်ပန်းဆင်ရပါစေ သဘည်း။

သို့ကလို သုမိတ္တာအလှုဆန်းက ဗျာဒိတ်ပန်း ဆင်သပြီးဒီပင်္ကရာရှင်တော်ဘုရားကလဲ ဗုဒ္ဓဗီဇ ဗုဒ္ဓကုံရ တာပသအမေ်

ရသေ့ကျော်ကို ဗျာဒိတ်တော်များထုတ်ပြီး ရှစ်ဆုပ်သော ပန်းတို့ဖြင့်ပူဇော်ကာ လကျာ်တော် ရစ်သန်းပြီး ကြွမြန်း တော်မူ၊ လေးသိန်းသော သာဝကအဆူဆူတို့ကလဲ ကြည် ဖြူစွာ ပူဇော်လို့ ကြွတော်မူတယ်-တဲ့။

နိယတဗျာဒိတ် ခပ်နိုပ်တဲ့အောင်သဘင်ကြီး ဆင်ယင်လို့ ပြီးတဲ့အခါကျတော့ ပါရမီတော်တွေကို စုချွေမယ် ဆိုတဲ့ သုမေဓာရှင်ရသေ့က အစဖြည့်စရာ ပါရမီကိုရှာတော့ ဒါန ပါရမီကအစထားပြီး ပါရမီဆယ်ပါးအပြားသုံးဆယ်ကို နှလုံး ဝယ် ကိန်းတည်၍ အလီလီဆင်ခြင်တော် မူသောအလောင်း တော်၏ အာနုဘော် တန်ခိုးကြောင့် ထစ်ကြိုး တော်လဲ ကမ္ဘာကြီး ကွဲခတတ် တဖျတ်ဖျတ် တုန်လှုပ်ခါ မြေဝသုန် ငြိမ့်ငြိမ့်ကြွေးပြီး ကောင်းကြီးပေးလိုက်တယ်-တဲ့၊ သုမေဓာ ရှင်ရသေ့ဘဝကစပြီး ဒသသုံးလီပါရမီတော်တို့ကို စာဂီတော် အလေ့ထားသဖြင့် (လေးသင်္ချေနှင့် ကမ္ဘာတသိန်းတိုင်တိုင်) ကြိုးစားပြီး လာလိုက်ထာ ဝေဿန္တရာမင်းဘဝကို ရတော် မူတယ်၊ ဝေဿန္တရာမင်းကြီးဘဝမှာ ပစ္စယဆင်ဖြူတော်အစ ထားလို့ ဇနီးမယားနှင့် သမီးသားပါမကျန် မြတ်ဒါနံအလှူပွဲ စွန့်ကြဲလိုက်ပြီးတော့ လူ့ပြည်ငြိး၍ နတ်ထီးခိုလှုံတဲ့အခါ တုသိတာနတ်ပြည်တွင်(သေတကေတု)နတ်မင်းကြီးဖြစ်လျက် နတ်တို့၏ အရေအတွက် အားဖြင့် (အနှစ်လေးထောင်) လူတို့၏ အရေအတွက် အားဖြင့် (ငါးဆဲ့ခုနစ်ကုဋေအနှစ် ခြောက်သန်း ကာလပတ်လုံး) ရွှင်ပြုံးရိပ်ငြိမ် နတ်စည်းစိမ်ဘုံ စံစားတော်မူပြီး ဘုရားဖြစ်ရန် အားသစ်ဘို့အချိန်သာတော့

စကြဝဠာ တိုက်တသောင်းက နတ်ပြဟ္မာ အပေါင်းတို့ လာရောက်ပြီး။

ကာလော ဒေဝ မဟာဝီရ၊ ဥပ္ပဇ္ဇ မာတုကုစ္ဆိယံ။
သဒေဝကံ တာရယန္တော၊ ဗုဇ္ဈဿု အမတံ ပဒံ။
(ဓမ္မပဒအဋ္ဌကထာ)

မဟာဝီရ၊ ကြီးမြတ်သော လုံ့လရှိတော်မူထသော။ ဒေဝ၊ အလောင်းတော်မြတ် ဗောဓိသတ်။ ကာလော၊ ဘုရားဖြစ်ရန် အချိန်တန်ပါပြီ။ မာတုကုစ္ဆိယံ၊ မေမာယာဝမ်း ရွှေကြာခန်း၌။ ဥပ္ပဇ္ဇ၊ ပဋိသန္ဓေတည်နေတော်မူလိုက်ပါ။ သဒေဝကံ၊ လူနတ်ပြဟ္မာ သတ္တဝါအပေါင်းကို။ တာရယန္တော၊ သံသရာ နဒီဦးမှကူးစေတော်မူလျက်။ အမတံပဒံ၊ နိဗ္ဗာန်ရောက်ကြောင်း အကျင့်ကောင်းကို။ ဗုဇ္ဈဿု၊ သိစေတော်မူလိုက်ပါ အလောင်း တော်နတ်သား။

ဒါလို နတ်ပြဟ္မာအပေါင်းတို့က တောင်းပန်ကြတယ်တဲ့၊ တောင်းပန်တဲ့အခါကျတော့ အလောင်းတော်မြတ် ဗောဓိသတ်က (ကာလ-ဒီပ-ဒေသ-ကုလ- မာတုအာယုပရိစ္ဆေဒ) ဆိုတဲ့ ကြည့်ခြင်းကြီးငါးပါးကို ထင်ရှားအောင်ကြည့်တော်မူလျက် ကပိလဝတ်ပြည်ကြီး၏ အရှင် ဘုရင်သုဒ္ဓေါဒန၏ နန်းမဒေဝီ မဟေသီအကျော်ဖြစ်တဲ့ မယ်တော်မာယာ၏ ရွှေကြာတိုက်၌ ကိန်းပိုက်တော်မူလိုက်တယ်တဲ့၊ ကိန်းပိုက် တော်မူလို့ (၉-လ,လွယ် ဆယ်လ, ရောက်တော့) လုမ္ဗိနီ သာစခန်းမှာ ရှင်လန်း သန့်စင် ဖွားမြင်တော်မူပြီး တဆူ

အလောင်းကလျာ၏ အကြောင်း အရာဆိုလျှင် သိဒ္ဓတ္ထကုမာရဟု ရွှေဘွဲ့တော်သ,ပြီး လောက ကြက်သရေတို့ကို မက်မပြေ စံစားနေတဲ့အချိန် သာကိန္ဒအသွင်တော်မှာတော့ အရွယ်တော်ပျိုမြစ် (၁၆)နှစ်ရောက်လျှင် ထွန်းတောက်ပါလှ ဘုန်းတေဇဖြင့် (ရမ္မ-သုရမ္မ-သုဘ) မည်ခေါ် ရွှေနန်းတော်သုံးဆောင်တို့၌ ဘုန်းခေါင်ကြင်ဘော် ခင်ယသော်တို့နှင့် ပျော်ပျော်ကြီးစံစားလို့ နေလိုက်တယ်-တဲ့၊ ဒေဝဒဟပြည့်ရှင် ဘုရင်သုပ္ပဗုဒ္ဓနှင့် အမိတာဒေဝီ မဟေသီမိဖုရားတို့၏ သမီးတပါး ချောကလျာဖြစ်တဲ့ ယသောရောမိဖုရားတို့နှင့် စံစားလို့ နေလိုက်တယ်-တဲ့။

ဘဒ္ဒကစ္စနာကို ယသောဓရာ ဗိမ္ဗာဒေဝီ မဟေသီလို့ ရွှေဘွဲ့ချီ၍ ဒေဝီကလျာ လေးသောင်းတို့နှင့် ပျော်ကြောင်းစံစားလို့ နေငြားတော်မူတဲ့အခါ ပါရမီဘုန်းပန်းတို့သည် ဆုံးခန်းတိုင်မြောက် နောက်ဆုံးဘဝ ရောက်ရပါ သော်လဲ ငါးဖြာအာရုံ ကာမဂုဏ် မှိုင်းမိခြင်းကြောင့် အတိုင်းမသိ မေ့လျော့နေငြားသော ဘုရားအလောင်းတော်ကြီးကို နတ်အပေါင်းတို့ မြင်ကြတော့ (နိမိတ်လေးအင် ပြမယ်ဆိုပြီး)တုသိတာ နတ်တသင်းက လေးခင်းသော နိမိတ်အစွမ်းဖြင့် (သူအို, သူနာ, သူသေ,ရဟန်း)ဟု လေးခန်းသော နိမိတ်များ ပြတော့မှာ ဘုရားအဖြစ်ကိုအားသစ်လိုတဲ့စိတ်များ တဖွားဖွားနဲ့ပေါ်လာပါရော၊ ပေါ်လာသည်နှင့် တပြိုင်နက် ဥယျာဉ်တော်ထွက်ပြီး နတ်ဆက်တဲ့ အဝတ်တော်များကို ဝတ်စား ဆင်ယင်တော်မူလျက် ရှုမငြီးစရာ စံရှာတော်မူတဲ့အခါ ဗိမ္ဗာဒေဝီ မဟေသီ

မှာ ဂုဏ်ရည်သာစွ သားလှရတနာ ဖွားလာတော် မူတဲ့ သတင်း စကားကို လျှောက်ထား သံတော်ဦး တင်တော့ မင်းဘုရင် သိဒ္ဓတ္ထက (အလို-သော်တာယုန်စန်း အသူရိန် ဖမ်းသကဲ့သို့ မရှင်လန်းစရာ အနှောင်အဖွဲ့ကြီးပါ ကလား)။

ရာဟုဇာတော၊ ဗန္ဓနံ ဇာတံ။

ရာဟုဇာတော၊ သော်တာ ယုန်စန်းကို ရာဟုအသူရိန်ဖမ်း သကဲ့သို့ပါတကား။ ဗန္ဓနံဇာတံ၊ မရှောင်မလွှဲနိုင်တဲ့ အနှောင် အဖွဲ့ကြီးပါတကား။ ။ချစ်မယား-အနှောင်အဖွဲ့က ချစ်သား အနှောင်အဖွဲ့ တိုးပါပေါ့ ကလား—လို့ ညည်းတွားတော်မူ လျက် နန်းတော်ဘက်ပြန် နေရီရီသာစခန်းမှာ့ ညချမ်းအချိန် တော်တွင် ရွှေနန်းတော်ရောက်ပြီး ထွန်းတောက် တေဇာ ရွှေသမ္ဘာနဲ့ သဥ္စာတော်စခန်းကို လှမ်းတော်မူလိုက်တယ်၊ ရွှေသဥ္စာ သာစခန်းကို လှမ်းလိုက်တော်မူလျက် စိတ်စက်က မရှင်တော့ (ခပ်စောစော) အိပ်ဖန်တော်ဝင်လိုက်တယ်-တဲ့၊ အိပ်ဖန်တော်ဝင်လိုက်တော့ ကညာခင် ကချေသည်တသင်း တို့ကလဲ စောင်းညှင်းတွေချပြီး အိပ်တော် မူကြရှာသတဲ့၊ ည၌ဦးယာမ် လွန်ပြီး သန်းခေါင်းယာမ် အချိန်ကျတော့ အိပ်ဖန်က ထပြီး ချောလှတဲ့ဒေဝီအများကို ရှုစားတော်မူလိုက် ပါရော-တဲ့။

ရုံရွှေတော် အပေါင်းတို့၏ ရှုမကောင်းပုံ မြင်ရတော့ (တို့-အလောင်းတော်ကြီးမှာ) အော်-သိဒ္ဓတ္ထ စိတ်မှတ်က မှားပေါ့ကလား-ဟင်၊ ငါ့အာရုံ အသိုး အပုပ် ကြီးကို

ကတိုးထုပ်ထင်ပြီး ပျော်နေလိုက်ထာ မိုက်ရာဖြင့်ကျချေပေါ့၊ နန်းမဒေဝီ မဟေသီနှင့် ရွှေညီရံခ အလှကလျာ ပျိုကညာ တို့၏ လှရှာတဲ့ရုပ်အမှန်ဟာ သုဿာန်ပမာနဲ့ တူနေပါပေါ့ ကလား-လို့၊ ထင်ရှားတဲ့ သဘော-ဟင် ဆင်တိုင်းချော ပြောတိုင်းချို ဆိုတိုင်းသာတဲ့ လှကညာ ရွှေတကုံးတို့ကို (ဒီဖေဖြင့်) မုန်းပြီလို့ နန်းမတော် ဘုံနန်းဟာ သုသာန်ခန်း ကြီးနဲ့ တူလိုက်လေ-လို့၊ အမြိုက်ဖွေရှာတဲ့ အလောင်းအလျာ ကြီးမှာ ထန်သည်းတဲ့မြတ်ဓမ္မဖြင့် ဘဝသုံးဆောင်ကို တပြောင် ပြောင် တောက်လောင်နေတဲ့ အိမ်တွေသဘွယ် ထင်ပြီး ရွှေဘဝင်မချမ်းမြတာကြောင့်-

ဥပဒ္ဒုတံ ဝတ ဘော၊

ဥပသဋ္ဌံ ဝတ ဘော။

ဘော၊ အို-အချင်းတို့။ ဥပဒ္ဒုတံဝတ၊ နှိပ်စက်ပေစွ တကား။ ဘော၊ အို-အချင်းတို့။ ဥပသဋ္ဌံဝတ၊ ညှဉ်းဆဲပေစွ တကား-လို့။ ညည်းတွားတော်မူလျက် အော်-ငါမက်နေတဲ့ ငါးအာရုံ အဆိုးအကွက်က ငါ့ကိုနှိပ်စက်လိုက်ထာ ငါးအာရုံ အတွင်းသဲက ညှဉ်းဆဲလိုက်ထာ-လို့ လောင်းလျာသိဒ္ဓတ္ထ အမှန်တရားရပြီး အကာလ သန်းခေါင်ယာမ် မတ်မောင်ဆန် သူနိုးပြီး ကဏ္ဍကမြင်း ကကြိုးဆင်လျက် မြိုင်ခွင်ထွက်မယ်လို့ ဟောမဝန်သာစခန်း မောင်ဘုရားလှမ်းတော့မယ်-လို့၊ နန်းမ ရွှေညီ မဟေသီဖြစ်တဲ့ ယသော်ဒေဝီလှတပါးနဲ့ သားရွှေစင် မောင်ရာဟုကို (သာရှုလို) စိတ်မှန်းပြီး ခင်ယသော်ဆောင် ခန်းကို ကြွလှမ်းတော်မူလိုက်တယ်-တဲ့၊ သို့ကလို-ကြွလှမ်း

တော်မူလိုက်ခါ ကြာချီဆောင်ကို ဇာနည်မောင် အသာ လှစ်ပြီး (သားချစ်ကို) ရှုလိုက်တယ်–တဲ့၊ ရွှေနန်းဆောင် ဇာကတီအသတ်ကို ကြာချီ လှပ်ပြီး ကြည့်လိုက်တော့– (အလောင်းတော်ကြီး)ဘဝင်ခိုက်သွားရှာသတဲ့။

ရွှေသလွန် ထက်မှာ စက်ပျော်ရှာတဲ့ မယသော် လှတပါးနှင့် သားရာဟု မြင်ရတော့ (တို့အလောင်းတော် ကြီးမှာ) ရင်တမမပေါ့လေ၊ သားကလေး ဝင်မဆွဲမိအောင် မနဲ့သတိထားရ သားတော်မောင် အနှစ်ရတနာက ချစ်စရာ ကြီးကိုကွဲ့၊ နန်းညွန့်ဆွေ သားရာဟုရယ်ကြောင့် မှားရှာလု အလောင်းတော်တဲ့။

မြတ်လေးကြက်ရုံး ဂမုံးခတ္တာ ပန်းစုံစွာဖြင့် ဖြန့်ကာ ကျင်းပြီး ဆီမီးရောင် တဝင်းဝင်းဖြင့် ခင်းထားတဲ့ (ရွှေ သလွန်) ထက်မှာ (သားကလေး) ဦးခေါင်းထက် ရွှေလက် ကလေးတင်ပြီး ကယုကယဉ် စက်ပျော်တဲ့ မယသော်နဲ့ သားရာဟု တွေ့ရတော့ (မှားရှာလု အလောင်းတော်တဲ့) အကြောင်းသော်ဖြေမဆည်၍ ဒေဝီခင် ရင်ခွင်အထဲက သား ကလေးဆွဲပြီး ကြည့်လိုက်လျှင် အခိုက်တော် အနေဆိုးပြီး မယသော်နိုးမှုဖြင့် ခက်တမျိုးကြုံတော့မယ်–လို့။

ဘုရားဖြစ်တော့မှ (သားချစ်ကို)။

ဖေဖေရှုမယ်ကွဲ့–လို့ တံခါးခုံမှာ ခြေစုံရပ်လို့ ရှုလိုက် တယ်–တဲ့၊ အော်– သံယောဇဉ်များ တယ်ကြောက်စရာ ကောင်းပါကလား–နော်၊ ရာဟုဖေ သိဒ္ဓတ်မင်းမှာတော့ ရွှေအားတော် အင်မတန်တင်းရရှာသတဲ့။

သစာဟံ ဒေဝိယာ ဟတ္ထံ၊ အပနေတွာန မေ ပုတ္တံ။
ပဗ္ဗာဇိတွာ ဂဏှိဿာမိ၊ အန္တရာယော ဘဝိဿတိ။

(ရစနာ)

အဟံ၊ မယားအချစ် သားအချစ်ကို မပစ်နိုင်ရှာတဲ့ ငါသိဒ္ဓတ္ထကြီးသည်။ ဒေဝိယာ၊ ယသော်ဒေဝီ မဟေသီဟု ရွှေညီသက်ထား လှလိုက်တဲ့မိဖုရား၏။ (ကွယ်-ကြည့်ကြ စမ်းပါအုံး ရွှေသလွန်ထက်မှာ စက်တော်ခေါ်နေလိုက်ထာ) ဒေဝိယာ၊ ယသော်ဒေဝီ မဟေသီဟု ရွှေညီသက်ထား လှလိုက်တဲ့ မိဖုရား၏။ ဟတ္ထံ၊ ကယုကယဉ် ရွှေလက်တင် ကလေးကို။ အပနေတွာန၊ အသာအယာ ဖယ်ကာထား လိုက်လျှင်။ မေ၊ အကောင်းဝစနာတို့ဖြင့် အလောင်းအလျာ ဆိုတဲ့ ငါသိဒ္ဓတ္ထကြီး၏။ ပုတ္တံ၊ ရင်သွေးတော်ရတနာ သား တော်မောင် ရာဟုလာကို။ သစေ ဂဏှိဿာမိ၊ မေယသော် ရင်ထည်းက မင်းဖေဖေ ကိုင်ဆွဲ၍ တကတဲ ယူလိုက်မိပါက။ (ဝါ)မင်းဖေဖေ သာတကြည်ဖြင့် အသာအယာချီလိုက်မိ ပါက။ ပဗ္ဗာဇိတွာ၊ ခင်ယသော်နိုးမှုဖြင့် ခက်တမျိုးကြုံတော့ မယ်။ အန္တရာယော၊ မောင်တော်ဘုရား ဘယ်များကြွမလဲလို့ ပုဆိုးစဆွဲထားမှုဖြင့်။ ဘဝိဿတိ၊ ခက်ရချေတမ့်။ ဘဝိဿတိ၊ မောင်အကြံကုန်လျှင် စခန်းမပိုင်ရသဖြင့်။ (မေယသော်ရယ်) ဆောင်ယံဘုံ နန်းတမြိုင်က မလှမ်းနိုင်ခက်ရချေလိမ့်သတည်း။

ခက်ပြီ-ခက်ပြီ-လို့ ကိုင်း- ကိုသိဒ္ဓတ္ထ အခန်းဝမှာ ကြာကြာနေလျှင်ဖြင့် ယသော်မခင် ရွှေစင်အိပ်တို့ ကြာလျှင်

သိလို့ ရိပ်မိပေလိမ့်မယ်၊ ကြံရွယ်ခဲ့တဲ့ ဆုတော်များအရ (မယားနဲ့သား ပစ်ပါမှ) အမောင်ဘုရား ဖြစ်တော့မယ်လို့ ကြံပြီး၊ ညသန်းခေါင်ယာမ်မှာ မတ်မောင်ဆန္နအသာနှိုးလို့ ဘဏ္ဍာကမြင်းကို ကကြိုးဆင်စေလျက် မြိုင်ခွင်သို့လှမ်းလိုက် တယ်တဲ့၊ အလောင်းတော် သိဒ္ဓတ္ထရာဇာ တောထွက်တော် မူလာတော့ ဗာလာနံတိုက်စိုး အမိုက်အိုးထိပ်သီး တံဆိပ်ကြီး ရထားတဲ့ မာရ်နတ်သားက တားတဲ့အခါ မာရ်နတ်ရန် ဖယ်ခွါပြီး နယ်မဟာအတွင်း တည့်ချင်းဖြင့် သာလျှင် ယူဇနာ သုံးဆယ်ရှိတဲ့ ခရီးလမ်းကို ကြွမြန်းတော်မူလိုက် ပါရော၊ သို့ကလို့– ကြွလှမ်းတော့ အနော်မာကမ်းရောက် အနော်မာသောင်စွယ်ဘွင်ဆံတော်တွေပယ်ပြီးကာ ဃဋိကာရ လူဒါန်းတဲ့ ကြာသင်္ကန်းကိုဝတ်ရလျက် ဥရုဝေလတောဝမြိုင် တလျှောက်မှာ ခြောက်နှစ် ကာလ အချိန် ကျအောင် ဒုက္ကရစရိယာ (ကျင့်နိုင်ခဲ့တဲ့အကျင့်ကြီးကို) ကျင့်တော်မူရ ရှာတယ်–တဲ့၊ ခြောက်နှစ်ချိန်ခါ လွန်၍လာတော့ သေနနိဂုံး မဟာသေန သူကြွယ်သမီး ရှုမငြီးကလျာ သုဇာတာ လှူဒါန်းတဲ့ နို့ဃနာဆွမ်းကို ဝမ်းသာကြည်ဖြူ အလှူခံတော် မူပြီးလျှင် နေရဥ္ဇရာမြစ်ကမ်း စ–သုပတိဋ္ဌိတ ရေချိုးဆိပ်၌ အေးရိပ် အသွယ်သွယ်နှင့် ရေသပ္ပါယ်တော် မူလိုက်တယ်၊ ရေသပ္ပါယ်တော်မူပြီး ထန်းသီးမှည့်ပမာဏရှိသော ဆွမ်းလုပ် ဖြင့် လေးဆယ်ကိုးလုပ် မယုတ်လွှေးလွှေး ဘုဉ်းပေးတော်

မူလျက် ရွှေခွက်ကို အမိဋ္ဌာန်နဲ့မျှောပြီး အင်ကြင်းတေး မြေအပြန့်မှာ နေ့သန့်တော်မူလိုက်တယ်-တဲ့။

ပန်းမျိုးစုံသင်းကြိုင်တဲ့ အင်ကြင်းမြိုင်ဘေ့ဝနာ၌ နေရှာ တော်မူပြီးတဲ့နောက်၊ ရှုမငြီးစရာ အဖုံဖုံတို့ဖြင့် ပန်းဝတ်မှုံ လေခ၍ ကြွေရတဲ့အချိန်မှီ နေရိရိညနေခင်း၌ နတ်မင်းတို့ ဖန်ဆင်းကြ၍ ရှစ်ဥသဘကျယ်လှတဲ့ နတ်လမ်းမတော်ဖြင့် (ဗောဓိပင်ရှိရာသို့) ကြွတော်မူတဲ့အခါ လမ်းမမှာတွေ့ရတဲ့ သောတ္ထိယလှူဒါန်းသော အံ့မခန်းစရာ အခြေခံအဖြစ်ထုတ်မဲ့ ရှစ်ဆုပ်သော မြက်များကိုင်ယူပြီး ဇမ္ဗူတွင်အောင်တခန်း ဆိုတဲ့ (ဗောဓိပင်) ရွှေညောင်နန်းသို့ ကြွလှမ်းတော်မူလိုက် တယ်-တဲ့။

ပါရမီအစွမ်းကြောင့်ပေါက်တဲ့ ဗောဓိပင် ရောက်တဲ့အခါ မဟာဗောဓိပင်သို့ ကပ်ပြီး တောင်အရပ်က ရပ်လိုက်လျှင် စကြဝဠာ တိုက်ကြီး ထောင်လာသလို အလောင်းအလျာ စိတ်ထဲထင်ရတော့ (ဗုဒ္ဓအောင်မြေ မဟုတ်ချေ တကား-)လို့ စဉ်းစားဆင်ခြင်တော်မူလျက် အနောက်ခွင် မြောက်ခွင်ဒေသ တို့လဲ ရှေးကလို အောင်မြေမဟုတ်ကြ၊ အရှေ့အရပ် ရောက် တော့မှ တောက်ပသည့် မြေပထဗျာ ဇေယျာဘုမ္မိ အမှန်သိ၍ သီရိမင်္ဂလာ ယဉ်သဘာအောင်ပွဲ၌ မြက်ရှစ်ဆုပ် အဖျားက ဆွဲပြီး ဗောဓိပင်ရင်း ကြဲလိုက်တဲ့အခါ တဆဲ့ လေးတောင် အပြန့်ဆောင်၍ အောင်မြေသာဘိ(အပရာဇိတရွှေပလ္လင်ကြီး) မြေအပြင်မှပေါက်၍ ထွန်းတောက်ရတနာ အဖြာဖြာ တို့ဖြင့်

ကောင်းစွာချယ်သန်းတဲ့ အပရာဇိတပလ္လင်နန်းကို အောင်ပန်းဆင်တော်မူလိုက်ပါတယ်-တဲ့။

အောင်ပန်းသဘင် ဆင်ယင်ရှာတဲ့ ရတနာစုံ ခြူးအုံခြူးနွယ် လွန်ဆန်းကြွယ်၍ အံ့ဘွယ်ခမန်း ရောင်စုံ လျှမ်းတဲ့ အောင်နန်းသဘင် (အပရာဇိတ) ရွှေပလ္လင်ကို ရတော့ (ဗုဒ္ဓမဖြစ်သမျှ) ဤနေရာက ငါမထပြီဟု စတုရင်္ဂဝီရိယဖြင့် အပရာဇိတ ပလ္လင်ထက်၌ ထက်ဝယ်ဖွဲ့ခွေ၍ စံနေတော်မူလိုက်တယ်။

စံနေတော် မူတဲ့ အချိန် အတွင်း သိကြားမင်းကြီးက ဝိဇယုတ္တရ ခရုသင်းကိုမှုတ်လျက် ကာဠနာဂါးမင်းကြီး ကတော့ တထောင်မျှလောက်သော ဂါထာတို့ဖြင့် ထောမနာ ပြုလျက် (သဟမ္ပတိ) ဗြဟ္မာမင်းကြီးက ထီးဖြူမိုးလို့ တန်ခိုးကြီးလှသော သုယာမ နတ်မင်းကြီးသည်ကား ဆိုလျှင်ဖြင့် သားမြီးယပ်ခပ်လျက် သန္တုသိတ နတ်မင်းကြီးကား ပတ္တမြား ယပ်ဖြင့်ခပ်လျက် အဆက်ဆက် အကြောင်းမှီးရသော စောင်းဆရာကြီး ပဉ္စသိခ က (ဗေလုဝပဏ္ဍု) စောင်းကျော်ကိုသလျက် (သက္ကာရ ဝန္ဒနာဖြင့်) ညွှန်ပဏာပြုပြီး နေကြတယ်-တဲ့။

ဗြဟ္မာမင်း, နတ်မင်း အပေါင်း တို့နှင့် စကြာဝဠာ တသောင်း၌ ခိုအောင်း ကျက်စားသော နတ်အများတို့က- ဝပ်တွားကာ အဖုံဖုံ-ပန်းနံ့သာ အခိုးအထုံတို့ဖြင့် အမျိုးစုံ ပူဇော်ကြပြီး ကောင်းကြီးသြဘာ ထောမနာ သ, နေကြတဲ့ အခါ ပါပိမာတံဆိပ်ချိတ့် ဝသဝတ္တီ မာရ်နတ်မင်းက နတ်တသင်း ဗိုလ်ခြေဖြင့် ရွှေပလ္လင်အနိုင်လုမယ်လို့ အန္တုတဲ့အခါ

ဗြဟ္မာ–သိကြားနဲ့ နတ်များအားလုံး တရှိုးရှိုး ပြေးရရှာသတဲ့၊ မာရ်မင်းကြီး စစ်ဘေးကြောင့် ပြေးကြတဲ့သမယ မာရ်နတ်သားက (သက်သေပြပါဆိုတော့) နှုတ်သံတော် မြွက်ချေကာ သက်သေ ပြလိုသည်ဖြစ်၍ ဆန်းသစ်သော သင်္ကန်းတော်မှ ညာလက်တော် (မြေကြီးသို့) ဆန့်တန်းပြီး သက်သေခန်း ထုလိုက်တယ်–တဲ့။

သက်သေခန်းထုတဲ့အခါ ယူဇနာ နှစ်သိန်း လေးသောင်း ရှိသော သိလာပံသု မြေလွှာအထုသည် (အလောင်းတော် ဘက်က) သက်သေခံ၊ပြုလိုက်တယ်၊ သက်သေခံ ပြုလိုက်ပုံက မြေဝသုန်ရိုက်ချုန်းလျက် တအုံးအုံးဆူညံကာ မိုးကြိုးသံ စက်အဟုန်ဖြင့် အချက်စုံပြင်းလွန်းတော့ ဂျွမ်းစိုက်ခါ စစ်ရှုံး၍ မာရ်အားလုံး ပြေးကြရရှာတယ်–တဲ့။

မာရ်နတ်မင်းကြီး အသက်ဘေးကြောင့် ပြေးရတဲ့အခါ ကျတော့မှ ဒေဝဒေဝါ နတ်ဗြဟ္မာတို့ မြတ်စွာအလောင်း သူတော်ကောင်းကို စုပေါင်းအဥ္စလိ တင်ကာချီ၍ ရှင်ကြည် ပါလှ ဂါရဝဖြင့် ပဏာမ အောင်သဘင် ဆင်ယင်လိုက်တယ်–တဲ့၊ နတ်ဗြဟ္မာ ဦးတိုက်၍ ဖူးလိုက်သော အခြေအနေတွင် နေမဝင်ခင် ဒေဝပုတ္တမာရ်စင်၍ အောင်မြင်တော်မူလိုက်ပြန်ပါတယ်။

ဒေဝပုတ္တမာရ်ကြမ်းကို ပါရမီအစွမ်းကြောင့် (အလောင်းတော် သိဒ္ဓတ္ထ) အောင်ပန်းဆင်တော်မူတဲ့အခါ နတ်ဒေဝါ တသင်းက နတ်ချင်းခေါ်ငြား၍ နံ့ဂါးဂဋ္ဌုန် ဗြဟ္မာအစုံတို့

ကလဲ ဘုံအဆင့်ဆင့်ကြွေးကြော်ပြီး အောင်လံတော်မြှင့်လိုက်တယ်-တဲ့။

ဇယော ဟိ ဗုဒ္ဓဿ သိရိမတော အယံ၊
မာရဿစ ပါပိမတော ပရာဇယော။
ဥဂ္ဃေါသယုံ ဗောဓိမဏ္ဍေ ပမောဒိတာ၊
ဇယံ တဒါ ဒေဝဂဏာ မဟေသိနော-လို့။

အောင်လံတော်လွှင့်ထူ၍ အောင်သံတွေ ကြူလိုက်တယ်။

ဗောဓိအောင်ခဏ်း-ညောင်နန်းပလ္လင်သာ။
ငါးမာရ်ချေမှုန်း-နေတန္နုန်းဘဂဝါ။
အောင်တန်ခိုးနဲ့-အောင်မျိုးရွှေသမ္ဘာ။
အောင်အတွင်း-အောင်ခြင်းဝေလို့ပြာ။

သို့ကလို-အောင်လံတွေ ဇမ္ဗူဘင့်အောင်လို့ လွှင့်လိုက်ကြတယ်။

နတ်ပြဟ္မာအပေါင်းဘို့ကလဲ ကောင်းကြီးသြဘာ ထောမနာကြတဲ့ပြီး (ဗုဒ္ဓါဘိသေက)အောင်သဘင် ယင်ဆင်တော်မူလိုက်တယ်-တဲ့။

သိရိမှာကာ ဗုဒ္ဓကာသ၊ ဇယောဝ ဗောဓိမဏ္ဍလေ။
ပါပိမဿ ပရာဇယော၊ ဥဂ္ဃေါသိံသု ဘူမဏ္ဍလေ။
(ရစနာ)

ဗောဓိမဏ္ဍလေ၊ ဗောဓိမဏ္ဍာလင် မြေအပြင်၌။ အယံ၊ အောင်သဘင်ထဲအောင်မြင်ခြင်းဟဲ့ ဤအောင်ပွဲတော်ကြီးသည်။ သိရိမတော၊ ဘုန်းကြက်သရေ နှုန်းလက်ဝေသော။ ဗုဒ္ဓဿ၊

ငါးမာရ်အောင်မြင် ဘုရားရှင်၏။ ဇယောဝ၊ အောင်အရှင်နွှဲခဲ့တဲ့ အောင်သဘင်ပွဲကြီးပါတကား။ ပါပိမတော၊ဝသဝတ္တီ စစ်ချီထန်ပြင်း မာရ်တမင်း၏။ ပရာဇယော၊ တဖုံးဖုံးလဲရတဲ့ အရှုံးပွဲကြီး ပါတကား။ ဘူမဏ္ဍလေ၊ အေးမြကြည်လင် အောင်မြေတခွင်၌။ ဒေဝဂဏာ၊ သိကြားပြဟ္မာ နတ်များ စွာနှင့် ဒေဝါသနင်း အမင်းမင်းတို့သည်။ ဥဗ္ဗေါသိံ သုံ နေဝင်အခြေအနေတွင် အတွေးချော်ကြပေမဲ့ အောင်မြေ တခွင် အရေးတော်လှတာကြောင့် ကြွေးကြော်ကြရကုန်တော့ သတည်း။

မင်းတကာမှုးမကိုင်ဒွတို့ဖြင့် ဦးတိုက်ရပေတဲ့ မြတ်စွာဘုရား လို့ ဝပ်တွားကာ အဉ္စလီဖြင့် တင်ချီကာပဏာသလျက်—

ထောင်ရောင်နေ ဆန်းတဲ့ညောင်ပလ္လင်၊
မှောင်မှောင်ချွေ မြန်းတဲ့အောင်သခင်၊
မြတ်ဘုရားမို့ နတ်အများစုံအလင်၊
မြေဝသုန်ချုန်းအောင် ဘုန်းတောက်ပါတဲ့-အရှင်။

အလောင်းတော်မြတ် အရှင်ဟာ ပါရမီတော် အစဉ်ဖြင့် နေမဝင်ခင် မာရ်ဘုရင်ကို အောင်မြင်တော် မူပြီးမှ ပဌမ ယာမ်၌ ပုဗ္ဗေနိဝါသဉာဏ်တော်၊ မဇ္ဈိမယာမ်၌ ဒိဗ္ဗစက္ခုဉာဏ် တော်၊ ပစ္ဆိမယာမ်၌ အာသဝက္ခယဉာဏ်တော် တို့ဖြင့် အမှန် သော်ညီချွေလျက်ကိလေသာရန်ခပင်းတို မကျန်ကြွင်းစေရဘဲ မဂ္ဂဖလကိုဆင်ခြင်သောပစ္စဝေက္ခဏာဝီထိ ၁၉-ချက်၏အဆုံး၌ အလုံးစုံသောတရားကို သိတတ်သော သဗ္ဗညုတဉာဏ်မြတ်ကို

ရတော်မူပြီး သက္ကရာဇ် ၁၀၃–ခုနှစ် ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့ အကုန် နေအရုဏ်တက်သည်နှင့်တပြိုင်နက် စန်းနှင့် ဝိသာခါ အကြိုက်တွင် အမြိုက် ထေ၁မနာဖြင့် ဩကာသ ရသော လောက၏ အထွဋ်အထိပ် ဘဝိဿရ ဓမ္မမှန်ကူ သယမ္ဘူအစစ် ဓမ္မရာဇ်ထွဋ်ထား (ဘုရားအဖြစ်သို့) ရှင်ချစ်ပရမေ ရောက်ရ ပေတော့သတည်း။

ဗုဒ္ဓေါ လောကေ သမုပ္ပန္နော၊ ဟိတာယ သဗ္ဗပါဏိနံ။

ဗုဒ္ဓေါ၊ စိန္တေထွဋ်ထား မြတ်ဘုရားသည်။ လောကေ၊ လောကသုံးခွင် ဘုံသုံးပြင်၌။ သဗ္ဗပါဏိနံ၊ ခပ်သိမ်း များစွာ သတ္တဝါတို့၏။ ဟိတာယ၊ အစီးအပွားအလို့ငှာ။ သမုပ္ပန္နော၊ ကောင်းစွာပွင့်တော်မူလာပေပြီဘကား။

ကိုင်း–အဲဒီအချိန်ကစပြီး ပဌမံ (အရဟံ) ဆိုတဲ့ ဂုဏ်တော် ထွဋ်ထား တရားဖြင့်ပေါ်လာပြီ–လို့။

၁။ အရဟံ၊ မင်းမျိုးစုံ မှူးမကိုဋ်တို့ဖြင့် ဦးတိုက်ရပေ သော မြတ်စွာဘုရား။

၂။ အရဟံ၊ နတ်ဗြဟ္မာ ဦးတိုက်၍ ပူးဆိုက်ပေသော မြတ်စွာဘုရား။

၃။ အရဟံ၊ ကိလေသာ ရန်ခပင်းကို အမြန်ရှင်းတော် မူသော မြတ်စွာဘုရား။

ကိုင်း–ပဌမ အရဟံ–ဆိုတဲ့ပဌမံဂုဏ်တော်ကြီးပေါ်လာပြီ– လို့ ဒီတော့ကာ မြတ်စွာဘုရား၏ထင်ရှားလှဘူးသော ကျေးဇူး တော်အစုံ ဂုဏ်တော်တွေအနန္တကို ရှာကြပါစို့–လို့ ဒီပက်ရာ

ထွင့်ချွာသေင့်နှင်း ခြေတော်ရင်းမှ မှန်ကင်းသီရိ ဗောဓိမဏ္ဍိုင် ခန်းဝါပိုင်အောင် ဆယ်ခိုင်ပါရမီ စုံဖြည့်ညီလျက် သုံးလီသော စရိယ စွန့်ခြင်းကြီး ငါးဝတ္တိုကို မမှားအောင် ကျင့်ရတာက ဝေနေယျာခပင်းတို့ကို သနားခြင်း ကရုဏာဖြင့် ကျင့်တော်မူရှာပါတယ်–လို့၊ ဇာတိဇရာ ဗျာဓိမရဏာ စသည်လွန်ကဲ ဆင်းရဲကြီးစွာ သံသရာဝယ် သတ္တဝါများ သုံးဘုံသားတို့၏ ကိုးစားမှီတင်းရာ ဘုရားဖြစ်တော်မူခြင်းငှာ ကရုဏာရှေ့ပြု ကြင်နာမှုဖြင့် သဗ္ဗညုရွှေဉာဏ် ဆုပန်ပြီးလျှင် အကျင့်ကြီး ကျင့်ခဲ့ရပါတယ်–တဲ့၊ အဲဒီ ကျင့်ခဲ့တဲ့ ဓမ္မတွေဟာ ကျေးဇူးတော်အစုံ ဂုဏ်တော်တွေအနန္တ ဖြစ်ကြပါတယ်။

---

## ၄–ဂုဏ်တော်ဘွင့် (အကျယ်)

မဟာကာရုဏိကော၊ မနှိုင်းအပ်မယှဉ်သာ မြင့်မြတ်သော မဟာကရုဏာ ရှိတော်မူသော။ သောဘဂဝါ၊ ထိုမြတ်စွာ ဘုရားသည်။ လက္ခာဓိစတုသင်္ချေယျ၊ လေးသင်္ချေ ကမ္ဘာ တသိန်းထက်၌။ ဒီပင်္ကရပါဒမူလေ၊ ဒီပင်္ကရာ မည်တော် သာသော မြတ်စွာသေင့်နှင်း ခြေတော်ရင်း၌။ သုမေဓ ဘာဝေန၊ သုမေဓာဟု တေဇာဘုန်းဟော့ ရှင်ရသေ့အဖြစ်ဖြင့်။ နိယတလဒ္ဓ၊ နိယတဗျာဒိတ် မြတ်ဆိပ်တော်ကို။ လဒ္ဓ ကာလတော၊ ဘုရားဖြစ်ရန် အားသစ်ကြံ၍ ဧကန်ရတော်မူသောကာလမှ။ ပဋ္ဌာယ၊ အစပြု၍။ ပါရမိယောစ၊ ဒသသုံးလီ နှုန်းညီလှသော ပါရမီတော်တို့ကိုငှင်း။ မဟာပရိစ္စာဂေစ၊

စွန့်ခြင်းကြီးငါးပါး ကျင့်နိုင်ခဲ့လှသော တရားတို့ကိုရင်း။ စရိယာယောစ၊ စရိယာသုံးပါး မြတ်တရား တို့ကိုရင်း။ ပူရေတွာ၊ ဖြည့်ကျင့်တော်မူခဲ့ပြီး၍။ ဥတ္တမံ၊ ပါရမီအစုံဆင့်သဖြင့် အကုန်မြင့်တော်မူလှသော။ သမ္ဗောဓိံ၊ အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉ္ဇောဉာဏ်တော်သို့။ ပတ္တော၊ ရောက်တော်မူရပါပေပြီ။ (ဝါ) လေးသစ္စာ အရောင်လင်းဖြင့် အောင်ခြင်းသို့ ရောက်တော်မူရပါပေပြီ။

၁။ သောဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဣတိပိ–ဣမိနာစ ကာရဏေန၊ လူနတ်ဦးခိုက်ပူဇော်အထူးကို ခံတော်မူထိုက်သော ဤအကြောင်း ကြောင့်လည်း။ အရဟံ၊ (အရဟံ)ဂုဏ်နှင့် ပြည့်စုံတော်မူပါပေ၏။

၂။ သောဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဣတိပိ–ဣမိနာစ ကာရဏေန၊ မြတ်ဓမ္မ တရားခပင်းတို့ကို မမှားမယွင်း သိတော်မူသော ဤအကြောင်း ကြောင့်လည်း။ သမ္မာသမ္ဗုဒ္ဓေါ၊ (သမ္မာသမ္ဗုဒ္ဓ) ဂုဏ်နှင့် ပြည့်စုံတော်မူပါပေ၏။

၃။ သောဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဣတိပိ–ဣမိနာစ ကာရဏေန၊ ဝိဇ္ဇာစရဏဂုဏ်နှင့် ပြည့်စုံတော်မူသော ဤအကြောင်းကြောင့်လည်း။ ဝိဇ္ဇာစရဏသမ္ပန္နော၊ (ဝိဇ္ဇာစရဏသမ္ပန္န)ဂုဏ်နှင့် ပြည့်စုံတော်မူပါပေ၏။

၄။ သောဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဣတိပိ–ဣမိနာစ ကာရဏေန၊ ပြည်ခေမာအောင်စခန်းသို့ ကြွလှမ်း

တော်မူသော ဤအကြောင်း ကြောင့်လည်း။ သုဂတော၊ (သုဂတ)ဂုဏ်နှင့် ပြည့်စုံတော်မူပါပေ၏။

၅။ သောဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဣတိပိ-ဣမိနာစ ကာရဏေန၊ လောကဘုံအရှိကို အကုန်သိတော်မူသော ဤအကြောင်းကြောင့်လည်း။ လောကဝိဒူ၊ (လောကဝိဒူ) ဂုဏ်နှင့် ပြည့်စုံတော်မူပါပေ၏။

၆။ သောဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဣတိပိ-ဣမိနာစ ကာရဏေန၊ ဆုံးမထိုက်သော ဝေနေယျျာတို့ကို ပရမေဘဂဝါ ဆုံးမတော်မူသော ဤအကြောင်း ကြောင့်လည်း။ အနုတ္တရော ပုရိသ ဒမ္မသာရထိ၊ (အနုတ္တရော ပုရိသ ဒမ္မသာရထိ) ဂုဏ်နှင့် ပြည့်စုံတော်မူပါပေ၏။

၇။ သောဘဂဝါ၊ ထိုမြတ်စွာ ဘုရားသည်။ ဣတိပိ-ဣမိနာစ ကာရဏေန၊ နတ်ဗြဟ္မာလူတို့၏မြတ်ဆရာတဆူ ဖြစ်တော်မူသော ဤအကြောင်းကြောင့်လည်း။ သတ္ထာဒေဝမနုဿာနံ၊ (သတ္ထာဒေဝ မနုဿာန)ဂုဏ်နှင့် ပြည့်စုံတော်မူပါ ပေ၏။

၈။ သောဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဣတိပိ-ဣမိနာစ ကာရဏေန၊ လေးသစ္စာ တရားအမြတ်တို့ကို သိတတ်, သိစေတော် မူတတ်သော ဤအကြောင်း ကြောင့်လည်း။ ဗုဒ္ဓေါ၊ (ဗုဒ္ဓ)ဂုဏ်နှင့် ပြည့်စုံတော်မူပါပေ၏။

၉။ သောဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဣတိပိ-ဣမိနာစ ကာရဏေန၊ ဘုန်းတော်ဂုဏ် အနန္တတို့ကို အမှန်ရတော်မူသော ဤအကြောင်း ကြောင့်လည်း။ ဘဂဝါ၊ (ဘဂဝါ) ဂုဏ်နှင့် ပြည့်စုံတော်မူပါပေ၏။

ဧဝံနဝဟိ ဂုဏေဟိ၊ ဤကိုးပါးသော ဂုဏ်တော်တို့နှင့်။ သမန္နာဂတံ၊ ပြည့်စုံတော်မူသော။ နာထံ၊ လူ, နတ်, ဗြဟ္မာ-သတ္တဝါတို့၏ ကိုးစားရာ မြတ်စွာဘုရားကို။ အဟံ၊ ဘုရားတပည့်တော်သည်။ ဝန္ဒေ- ဝန္ဒာမိ၊ ဘယ လာဘ ကုလ ကြည်ဝေး သံသာဘေးမှ လွတ်ရေးအာရုံ စိတ်မှာထုံလျက် ယုံကြည်မြတ်နိုး သဒ္ဓါတိုး၍ ရှိခိုးပါ၏အရှင်ဘုရား။

ယခု ရွတ်ဆို လိုက်ထာကတော့ ဗုဒ္ဓပဏာမဆိုတဲ့ (ဂုဏဝန္ဒနာကြီး)ဖြစ်ပါတယ်-လို့။

## ၅-ဂုဏ်တော်ပွားစဉ်

၁။ အရဟံ၊ လူ,နတ် ဦးခိုက် ပူဇော်အထူးကို ခံတော်မူထိုက်သော မြတ်စွာဘုရား-မြတ်စွာဘုရား-မြတ်စွာဘုရား။

၂။ သမ္မာသမ္ဗုဒ္ဓေါ၊ မြတ်ဓမ္မတရားခပင်းတို့ကို မမှားမယွင်းသိတော်မူသောမြတ်စွာဘုရား-မြတ်စွာဘုရား-မြတ်စွာဘုရား။

၃။ ဝိဇ္ဇာစရဏသမ္ပန္နော၊ ဝိဇ္ဇာစရဏ ဂုဏ်တို့နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား-မြတ်စွာ ဘုရား-မြတ်စွာဘုရား။

၄။ သုဂတော၊ ပြည်ခမာ အောင်စခန်းသို့ ကြွလှမ်းတော်မူသော မြတ်စွာဘုရား-မြတ်စွာ ဘုရား-မြတ်စွာဘုရား။

၅။ လောကဝိဒူ၊ လောကမာတ်ဘုံ အရှိကို အကုန်သိတော်မူသော မြတ်စွာဘုရား- မြတ်စွာ ဘုရား- မြတ်စွာဘုရား။

၆။ အနုတ္တရောပုရိသဒမ္မသာရထိ၊ ဆုံးမထိုက်ဝေနေယျာတို့ကို ပရမေဘဂဝါ ဆုံးမတော်မူသော မြတ်စွာ ဘုရား- မြတ်စွာဘုရား- မြတ်စွာ ဘုရား။

၇။ သတ္ထာဒေဝမနုဿာနံ၊ နတ်ပြဟ္မာတို့၏ မြတ်ဆရာ တဆူ ဖြစ်တော်မူသော မြတ်စွာ ဘုရား-မြတ်စွာ ဘုရား- မြတ်စွာ ဘုရား။

၈။ ဗုဒ္ဓေါ၊ လေးသစ္စာတရား အမြတ်တို့ကို သိတတ်, သိစေတော်မူတတ်သော မြတ်စွာ ဘုရား- မြတ်စွာ ဘုရား- မြတ်စွာ ဘုရား။

၉။ ဘဂဝါ၊ ဘုန်းတော်ဂုဏ် အနန္တတို့ကို အမှန်ရတော်မူသော မြတ်စွာ ဘုရား-မြတ်စွာ ဘုရား-မြတ်စွာ ဘုရား။

ပွားများပုံကတော့ (အရဟံ) လူနတ် ဦးခိုက်ပူဇော် အထူးကို ခံတော်မူထိုက်သော မြတ်စွာ ဘုရား- မြတ်စွာ ဘုရား- မြတ်စွာ ဘုရား။ ။ဒါလို (၃) ကြိမ် ဆိုပြီးလျှင် (အရဟံ)ကို တတ်အားသမျှ ပုတီးစိပ်ပါ၊ (၁၀၈)လုံး ပုတီး ကုံးဖြင့် အနဲ့ဆုံး သုံးပတ်ထားပြီး စွမ်းနိုင်လျှင် တနေ့ သုံးကြိမ် နံနက်တကြိမ် နေ့လည်တကြိမ် ညတကြိမ် (၃)ကြိမ် ပွားများရပါတယ်၊ သမ္မာသမ္ဗုဒ္ဓေါစသော ဂုဏ်တော်များ ကိုလဲ ဤနည်းအတိုင်းစိပ်ပြီး ညဲ့ဘက်စိပ်တဲ့ အခါ ပုတီး စိပ်ပြီးသည်နှင့် တပြိုင်နက်။

၁။ ဤဂုဏ်တော်ကို ပွားများသော ငါသည် ရုပ်အစု နာမ်အစုသာ ဖြစ်ချေ၏၊ ရုပ်နာမ်မှ သခင်ရပါ တကား။

၂။ အနိစ္စ- အမြဲမရှိ။
ဒုက္ခ-ဆင်းရဲခြင်း။
အနတ္တ-အစိုးမရပါတကား။
၃။ သဗ္ဗေသင်္ခါရာ အနိစ္စာ။
သဗ္ဗေသင်္ခါရာ ဒုက္ခာ။
သဗ္ဗေဓမ္မာ အနတ္တာ-ဟု တကြိမ် ဆိုရပါတယ်၊ အခြေခံက စပြီး ပွားရတဲ့ အလေ့ အကျင့်က ဆိုလျှင် နံနက်အိပ်ရာ ထစအခါ (မင်္ဂလာအခါတော်ပေါ့) မျက်လုံး ပွင့်လာသည်နှင့် တပြိုင်နက်။

(၇) မင်္ဂလာအခါတော်

၁-အိပ်ရာထ အိပ်ရာဝင် (ရွတ်ပုံများ)

(က) ဗုဒ္ဓေါ မေ သရဏံ အညံ နတ္ထိ။
ဓမ္မော မေ သရဏံ အညံ နတ္ထိ။
သံဃော မေ သရဏံ အညံ နတ္ထိ။
(ခ) ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
ဓမ္မံ သရဏံ ဂစ္ဆာမိ။
သံဃံ သရဏံ ဂစ္ဆာမိ။
(ဂ) ချမ်းသာကြပါစေ၊ ချမ်းသာကြပါစေ၊ ချမ်းသာကြပါစေ။

အဲသလို- လက်အုပ်အဥ္ဇလီ တင်ချီကာ ဆိုရပါတယ်၊ ညအိပ်ရာ ဝင်ကျတော့လဲ ဘုရားခန်းမှာ လက်အုပ် အဥ္ဇလီ တင်ချီပြီး (အိပ်ရာ ထစလိုဘဲ) အမြဲတမ်း ဆိုနေရပါတယ်၊

ဒါလို- ကောင်းလှတဲ့ အလေ့အကျင့်ကို အသင့်အားထုတ်နေရတာက (နိစ္စံ ဗုဒ္ဓဂတာသတိ) ဆိုတဲ့ ပါဠိတော် ဆုံးမချက်အားတက်ပြီး ဆိုနေရပါတယ်-လို့။

သို့ကလို- ဆိုနေပြီး ကြည်ညိုခြင်း အားကြီးလာတော့ အင်္ဂါ ၅-ဖြာဆိုတာကို တခါလှမ်း ရပါတယ်၊ အဲဒီ လမ်းကတော့ (ရှေးဆရာကြီးများ) ထားခဲ့တဲ့ (ကျင့်စဉ်တော်) လို့-ဆိုကြပါစို့ရဲ့။

၁။ အချိန်မှန်မှန်၊ အမိဋ္ဌာန်၊ သီလံဖြူရသည်။
၂။ ကောင်းမနသိ၊ ကောင်းဝစီ၊ ငါးလီစုံလို့ကြည်။
၃။ ဂုဏ်တော်ဘုရား၊ ကြုံသော်ငြား၊ တရားနာရမည်။
၄။ တရားမြိုက်ဆေး၊ တိုက်ခါကျွေး၊ ဧးရပါတော့သည်။

အဲဒီ- အမိပ္ပါယ်ကိုတော့ မိမိတို့ဆရာသမားများထံ ချဉ်းကပ်ပြီး အတင်းအကြပ်လျှောက်ထားပေတော့လို့၊ ဂုဏ်တော်ပွားတဲ့နေရာမှာ ပုံတော် ဘုရား၊ ဂုဏ်တော် ဘုရား ရယ်လို့-ပွားနည်း ၂-မျိုး ရှိပြန်တော့ အားသန်ရာ ကျင့်ကြလျှင် အသင့်ချည်းပါဘဲ-လို့။

ရှေးဦးစွာ ပွားတဲ့ယောဂီဟာ ပထမ (နှုတ်ဖြင့်) တိုးတိုးတိုးတိုးပွား၊ အသားရလာတော့ စိတ်ဖြင့်ပွား၊ နောက်ကို နှုတ်တလှည့် စိတ်တလှည့်ဆက်ပွား၊ ပွားပါများတော့ ဘုရားမ ပြို-လို့၊ ဘုရား မ တော့ တရား ရပြီလို့၊ တရား ရတော့ ဧးရပါပြီ-လို့။

ပွားပါများတော့ ဘုရား မ ပြီ။
ဘုရား မ တော့ တရားရပြီ။
တရားရတော့ မမှားကြပြီ။
ဂုဏ်အစစ် ယုံဖြစ်ပါလှပြီ။

ဗုဒ္ဓါနုဿတိ အာရုံဖြင့် ဘာဝနာအထုံရပြီး ဘုံသံသရာ ခရီးအရိပ်မှာ အပါယ် တံခါး ပိတ်ရတဲ့ ရဟန္တာသခင် (သုဘူတိ) ရဟန္တာ အရှင်ရဲ့ ဖြစ်စဉ်တော် သာဓကဖြင့် အပဒါန် ပါဠိတော်ကျမ်းပြုပြီး လမ်းစတော်ဖွင့်ကြဦးစို့-လို့ ဗုဒ္ဓါနုဿတိ တကယ်ပွားလျှင် အပါယ် တံခါး ပိတ်ပါတယ်-လို့။

## ၂-သုဘူတိရဟန္တာအရှင်၏ ဖြစ်စဉ်တော်

ဤဘဒ္ဒကမ္ဘာမှ စ ကာရေတွက်လျှင် ကမ္ဘာတသိန်းထက် အခါက မြတ်သဒ္ဓါဖြူဘိသော (သုဘူတိ) ရဟန္တာအလောင်း သူတော်ကောင်း (ကောသိယ) ရသေ့ဟာ ဟိမဝန္တာတောင် အနီးက နိသဘတောင်ယံကြီးမှာ ပျော်စံမွေ့ပြီး နေရှာသတဲ့။

ဒါလို- ပျော်စံနေတဲ့ သမယမှာ လေခမှ ကြွေကျတဲ့ သစ်သီး များကို ဘုဉ်းပေးတော် မူပြီး ခပ်အေးအေး သီတင်းသုံး နေရှာသတဲ့၊ ကေစာ နေရှာတဲ့ အချိန်က ပဒုမုတ္တရ မြတ်စွာဘုရား ထင်ရှားပွင့်တော် မူလာတော့ တာပသာ (ကောသိယ)၏ သဘော သိစရာ ကျောင်း သခ်မ်းသို့ ကောင်းကင် လမ်းက ကြွလာပြီး အာကာသ ဝေဟင်ယံမှာ စင်္ကြံကြွပြီးနေသတဲ့၊ စင်္ကြံကြွနေတဲ့ မြတ်ဘုရာ

ကို ထပ်မနား ဖူးရတော့ ဦးချကာ အဆန်းစေတနာဖြင့် ပန်းနေရာ ခင်းပြီး ရှင်မင်း ဘာဂဝါကို လက်စုံမြှောက်၍ ပင့်လျှောက် လိုက်တယ်-တဲ့၊ ပင့်လျှောက်တဲ့ အခါတွင် (ပဒုမုတ္တရ) ရှင်တော်မြတ်ဘုရားက အားထားစရာ စေတနာ လန်းစေဘို့ရာ ပန်းနေရာ အထက်တော်၌ ၇-ရက် သီတင်း သုံးလိုက်တယ်၊ ၇-ရက်မြောက်တဲ့ နေ့ကျတော့ သမာပတ်မှ ထတော်မူလျက် (ကောသိယ)ရှင်ရသေ့အား (ဗုဒ္ဓါနုဿတိ) မြတ်တရားကို ပွားများဘို့ သဘောထားပြီး ဟောကြား တော်မူလိုက်တယ်-တဲ့။

ဘာဝေဟိ ဗုဒ္ဓါနုဿတိံ၊ ဘာဝနာန မနုတ္တရံ။
ဣမံ သတိံ ဘာဝယိတွာ၊ ပူရယိဿသိ မာနသံ။

ကောသိယ၊ ချစ်သားကောသိယ။ ဘာဝနံ၊ ဘာဝနာ ဓမ္မဟူသမျှတို့ထက်။ အနုတ္တရံ၊ အတုမရ အလွန် မြတ်လှပေ သော။ ဗုဒ္ဓါနုဿတိံ၊ ဗုဒ္ဓါနုဿတိ ဘာဝနာတော်ကြီးကို။ တွံ၊ ဟောမဝန်စခန်းသာက လမ်းမှန်ရှာနေတဲ့ သင်ချစ်သား သည်။ ဘာဝေဟိ၊ ဘုရားအကြိုက် တရား အမြိုက်ပေမို့ ပွားလိုက်ပေတော့ သင်ချစ်သား။ ဣမံသတိံ၊ ဘုရားဘုရားဟု မပြတ်မနား တတ်အားသမျှ ဤမှတ်သား၍ နေရခြင်း ကို။ (ဝါ) ဘုရား ဘုရားဟု မပြတ်မနား မှတ်သားနေရသော ဤဂုဏ်တော်ကြီးကို။ ဘာဝယိတွာ၊ ပွားများ အားထုတ် ရသည်ဖြစ်၍။ (ဝါ) ပွားများ အားထုတ် ရပါမူကား။ မာနသံ၊ ကောင်းမြတ်ဆန္ဒ မှန်သမျှသည်။ ပူရယိဿသိ၊

ပြည့်စုံရပေလတ္တံ့။ ပူရယိဿသိ၊ ဘုရားအမှန်ရယ်လို့ အားထားပြန်, အသင်ကြုံကြသဖြင့် ပြည့်စုံရပေလိမ့်သတည်း။

အဲဒီအချိန်ကစပြီး ပဒုမုတ္တရ ရှင်တော်ဘုရား၏ ထင်ရှားတဲ့ ရွှေဗျာဒိတ်ကို ဦးထိပ်မှာပန်ပြီး (အရဟံ) အစရှိသော ဂုဏ်တော်များကို ယုံယုံကြည်ကြည်နဲ့ ပွားလာလိုက်တယ်-တဲ့၊ ပွားများတဲ့ အခါကျတော့ အဲဒီဘဝကစပြီး သုဘူတိဘဝကျအောင် ကမ္ဘာတသိန်း ကာလအတွင်း ဆင်းရဲခြင်းဒုက္ခနဲ့ မကြုံခဲ့ရပါဘူးတဲ့၊ လူဖြစ်လဲလူချမ်းသာ နတ်ဖြစ်လဲ နတ်ချမ်းသာ စခန်းသာသာနဲ့ သံသရာဘုံတလွှားမှာ အပါယ်တံခါးပိတ်ခဲ့ပါတယ်၊ လောကတလွှားမှာ ဂေါတမရှင်တော်ဘုရားရယ်လို့ ထင်ရှားပွင့်လာတော့ ဗုဒ္ဓါနုဿတိ ဘာဝနာကြောင့် အာသဝလေးဖြာ အကုန်ခွါပြီး (သုဘူတိ) ဆိုတဲ့ ဘွဲ့သညာဖြင့် ရဟန္တာကြီး ဖြစ်ရပါတယ်၊ ရဟန္တာ ဖြစ်ရတော့ ဝမ်းသာတော်မူလှ၍ ဂုဏ်တော်ရဲ့ အကျိုးဖလကို ဟောပြ တာက နတ်ဘဝက ကမ္ဘာ သုံးသောင်း ပါတဲ့၊ သိကြားမင်းဘဝကအကြိမ်ရှစ်ဆယ်၊စကြာမင်းဘဝကအကြိမ်တထောင်တဲ့၊ ပဒေသရာဇ်-ဧကရာဇ်ဘဝကတော့ ရေတွက်လို့ မဖြစ်ပါဘူးတဲ့၊ ကြုံလေတဲ့ ဘဝမှာ ချမ်းသာ သုခနဲ့သာ တွေ့ရပါတယ်-တဲ့။

(ဆောင်) ကမ္ဘာ သုံးသောင်း၊ နတ်ဖြစ်ကြောင်းတည်း၊
ကြိမ်ပေါင်းရှစ်ဆယ်၊ နတ်မင်းဝယ်မှတ်၊ ထောင်နှယ်

စကြာ၊ ရာဇာပဒေသရာဇ်၊ ဖြစ်ရသချော်၊ ကြုံလေဘာ၀၊ များသုခတည်း၊ ကမ္ဘာ တသိန်း၊ အပါယ် ငြိမ်း၍၊ ပွားကိန်းချမ်းသာ၊ ကြုံရပါသည်၊ ဂုဏ်ဝါဗုဒ္ဓ အကျိုးတည်း။

ဗုဒ္ဓါနုဿတိ–တကယ်ပွားလျှင် အပါယ်တံခါး ပိတ်ပါသည်ဆိုတဲ့ သုဘူတိ အပဒါန်ကို ဦးထိပ်မှာပန်ပြီး (အရဟံ) အစရှိသော ဂုဏ်တော်များကို ပွားများနိုင်ကြ ပါစေသတည်း။

ဤ (ဂုဏ်တော်ဘွဲ့) မြတ်တရားကို ဟောကြားဘို့ ဖြစ်ပေါ်လာပုံက ကျေးဇူးတော်ရှင် အနန္တဂုဏ်အင် တို့ဖြင့် စုံလင်ထင်ပေါ်ပြီး (ဖားကူး ဆရာတော်) ဟု ကျော်ကြားတော်မူလှသော ရန်ကုန်မြို့–ဘုရားကြီးကျောင်းတိုက် (မဟာနာယက–အဂ္ဂမဟာပဏ္ဍိတ) ကျေးဇူးရှင် ဆရာတော်ဘုရား ထံမှောက်သို့ ပညာရင်နို့ သောက်စို့ဘို့ (ရှင်သာမဏေ ကလေးဘ၀က) ရောက်တော့ ထွန်းတောက်စေတနာ ဝေဝေဖြာ လှ၍ (ရှင်ခေမာ) ဒီနေ့ကစပြီး (အရဟံ) ပွားရမယ်လို့ အမိန့်တော်ထားတော့ (ဆရာအမိန့်အတိုင်း) ကြိုးစားလာ လိုက်ထာ ယခုအထိဆိုပါတော့၊ ဂုဏ်တော်ဘာဝနာ တမူမှာတော့ ပါရဂူကြီး ပါဘဲလို့– ဒါ့ကြောင့် ကျေးဇူးတော်ရှင် ဆရာ ဘုရားအား (ဂုဏ်တော်ဘွဲ့) ဤတရားဖြင့်၊ (၀ါ) ဂုဏ်တော်ဘွဲ့ ဤကျမ်းဖြင့် (တပည့်–ခေမာ) ကန်တော့ ပန်း ဆင်လိုက်ပါတော့သည် ဘုရား။

## ၃-ဖားကူးစေရ ဂုဏာဝန္ဒနာ

အတ္တ လေဏာန သိဿာနံ၊
မေတ္တောဒကေန သိဥ္စတ္တံ။
သမ္ပန္နံ နာယကင်္ဂေန၊
မယံ ဝန္ဒာမ အာစေရံ။

အတ္တ လေဏာန သိဿာနံ၊ ဆရာ ဘုရားကို အားထား ကြည်ညိုကြသဖြင့် မှီခိုနေကြကုန်သော တပည့်တော်တို့အား။ မေတ္တောဒကေန၊ ချမ်းသာကြရေး မှန်းကာတွေး၍ ဧးကြစေရာမေတ္တာတည်းဟူသော ရေဇလာဖြင့်။ သိဥ္စတ္တံ၊ သွန်းဖြန်းတော်မူထသော။ နာယကင်္ဂေန၊ နာယကအင်္ဂါ ဂုဏ်ခြောက်ဖြာနှင့်။ သမ္ပန္နံ၊ သာသနာ အတွက်ဖြင့် အသက်သေပစေဟဲ့ ဟု ထေရ်မဟာ ရှိတဂုဏ်ပေမို့ (အံ့သြဘွယ်) ပြည့်စုံပေထသော။ အာစေရံ၊ ဆရာသခင် ကျေးဇူးရှင်ကို။ (ဝါ) ပိဋကတ်အရာမှာ သိမှတ်စရာ တဂုဏ်မွေးအောင်လို့ သင်ပေးတော်မူတတ်တဲ့ မြတ်ဆရာကို။ (ဝါ) ဖားကူး ဆရာတော် ဟု ထင်ပေါ် ကျော်ကြားလှသော ရန်ကုန်မြို့ ဘုရားကြီး ကျောင်းတိုက် (မဟာနာယက-အဂ္ဂမဟာပဏ္ဍိတ) ကျေးဇူး ဂုဏ်အင် စုံလင်တတ်ငြား မြတ်ဆရာဘုရားကို။ မယံ၊ အများ အသိမှာဖြင့် တပါး ကဝိရယ်လို့ သားတပည့် ဖြစ်ကြတဲ့ တပည့်တော်တို့သည်။ မယံ၊ အများအသိမှာဖြင့် တပါးကဝိရယ်လို့ သားတပည့်ဖြစ်ရတဲ့ ရှင်ခေမာတို့သည်။ ဝန္ဒာမ၊ ပေးဘူးအစုံ အမှန်ရတာကြောင့် ကျေးဇူးဂုဏ် အနန္တတို့ဖြင့် ရှိခိုးလိုက်ကြရပါတော့သည် ဘုရား။

ဗုဒ္ဓါနုဿတိ-ဘာဝနာဓမ္မ၏ အကျိုးဖလနှင့် စပ်ဆိုင်၍ ဝိသုဒ္ဓိ မဂ္ဂအဋ္ဌကထာ ကြီးမှာ အကျယ် လာပါတယ်-လို့၊ ဘုရားဒ္ဓ်ကြည်ညိုခြင်း သဒ္ဓါ, သတိ, ပညာ, ပုညတို့ပြန့်ပြော ခြင်း၊ နှစ်သက်ခြင်း၊ ဆင်းရဲကို သည်းခံခြင်း၊ စေတီအိမ်နှင့် တူခြင်း၊ မြတ်စွာဘုရားနှင့် အတူနေရခြင်း၊ ဟိရီ ဩတ္တပ္ပ တည်ရှိခြင်း၊ ဗုဒ္ဓဆုပန်ခြင်း၊ သစ္စာလေးတန် မသိက သုဂတိ ဘုံရောက်ရခြင်းဟုဆိုအပ်သော ကောင်းကျိုးအနန္တကို ကေန် ရနိုင်ပါတယ်-လို့။

(ဆောင်) ဘုရားရိုသေ၊ သဒ္ဓေပြန့်ပြော၊ နှစ်သက်သောဟု၊ ဒုက္ခောသည်းခံ၊ စေတီမှန်၏၊ နေပြန်သတ္ထု၊ ဟိရောတ္တပ္ပြာ၊ ပု ဒိ အာ တည်း၊ လေးဖြာသစ္စံ၊ မသိပြန်က၊ ထက်ယံ သုဂတိ၊ ရောက်နိုင်ဘိသည်-ပွားသည့်ဂုဏ်တော် အကျိုး တည်း။

## ၄-ဂုဏ်တော် သစ္စာ

ဗုဒ္ဓဂုဏော သဒ္ဒဟိတွာ၊
သဒါ ဘာဝေမ တေ မယံ။
ဧတေန သစ္စဝဇ္ဇေန၊
ဟောတု မေ ဇယမင်္ဂလံ။

ဘန္တေ၊ ဘုန်းတော်နေမင်း ထိန်ထိန်လင်းပါတဲ့ မြတ်စွာ ဘုရား။ (ဝါ) ဘုန်းတော်နေဝါ ထိန်ထိန်သာပါတဲ့ မြတ်စွာ ဘုရား။ (ဝါ) ဘုန်းတော်နေရှိန် ထိန်ထိန် တောက်ပါတဲ့- မြတ်စွာ ဘုရား။ တေ မယံ၊ ဗုဒ္ဓါနုဿတိဘာဝနာ ပွားများ

ကြပါသော ဘုရားတပည့်တော်တို့သည်။ ဗုဒ္ဓဂုဏော၊ မြတ်စွာဘုရား၏ ကိုးပါးသော ဂုဏ်တော်တို့ကို။ သဒ္ဒဟိတွာ၊ ယုံယုံကြည်ကြည်။ သဒ္ဓါ၊ အခါခပ်သိမ်း။ ဘာဝေမ၊ အမြဲဘာဝနာ တရား စိတ်ကြံထား၍ ပွားကြပါကုန်သည် ဘုရား။ ဧတေန သစ္စဝဇ္ဇေန၊ မှန်ပါသောအား ပြောဆိုရသောဤသစ္စာစကားကြောင့်။ မေ-အမှာကံ၊ ငါတို့အား။ (တေ-တုမှာကံ၊ သင်တို့အား)။ ဇယမင်္ဂလံ၊ ဇယမင်္ဂလာ အောင်ဖေယျာသည်။ ဟောတု၊ ဖြစ်ပါစေသတည်း။ (ဝါ) ဖြစ်ပါစေသား-အရှင် ဘုရား။ ဟောတု၊ နှုန်းသေ်အစုံ, အမှောင်ဖြင့်မသန်း နိုင်တဲ့ ဘုန်းတော်ဂုဏ်, အောင်အစွမ်းရယ်ကြောင့် အောင်ခဏ်းဘွင့်နိုင်ပါစေသတည်း။

ဂုဏ်တော်ဘွင့်ပြီးပြီ။

---

## (၈) ရောင်တော်ဘွင့်

နမော တဿ ဘဂဝတော အရဟတော
သမ္မာ သမ္ဗုဒ္ဓဿ။

ဗုဒ္ဓပရမေ၊ မြတ်စိန္တေ၏၊ ကိုးထွေဂုဏ်လျှံ၊ ဘဝင်ပျံ၍၊ အနန္တံမြင့်၊ ဘက်စုံသင့်ဟု၊ တုခွင့်မမျှော်၊ ပြည်တော်သာခမ်း၊ ခေမာနန်းသို့၊ ရောက်စွမ်းကြစေ၊ များဝေနေဟု၊ သာချောကာ အစုံနေ်ာ တင့်အောင်လို့ (ဂုဏ်တော်ဘွင့်) အမြိုက်ဆေးကို၊ တိုက်ကျွေးလိုက်ပါတယ်-လို့။

ဂုဏ်တော်ဘွင့် ဒေသနာကို ဖွေရှာကာ ဟောပြီးတဲ့နောက် ထွန်းတောက် တေဇာ သပြေသာ၍ ရွှေသမ္ဘာ အမှောင်နေ့ မလင့်ရအောင် (ရောင်တော်ဘွင့်) မြတ်တရားကို မှတ်သားကြဦးစို့-လို့။

ရောင်တော်ဘွင့် ဒေသနာ အစဉ်ကို သံလျင်မြို့ မဟာခေမိကာရာမကျောင်းတိုက် ဆရာတော် ဦးခေမာစာရ အရှင်သူမြတ် ဟောကြားမည် ဖြစ်ပါ၍ တရားမြတ်ကေသရီ ဆီကို ရွှေသိင်္ဂီသောတခေတ်ဖြင့် ဟောသမျှမှတ်ခါ သဒ္ဓါဖြူဖြူနှင့် နာယူနိုင်ကြပါစေ-လို့။

ဗုဒ္ဓေါ လောကေ သမုပ္ပန္နော၊
ဟိတာယ သဗ္ဗပါဏိနံ။
ဓမ္မော သံဃော ဥပ္ပန္နတ္တာ၊
ဥပ္ပဇ္ဇိံသု ပဘင်္ကရာ။

ဗုဒ္ဓေါ၊ ဘုရားမြတ် ရတနာသည်။ ဓမ္မော၊ တရားတော်မြတ် ရတနာသည်။ သံဃော၊ သံဃာတော်မြတ် ရတနာသည်။ လောကေ၊ လောကသုံးခွင် ဘုံအပြင်၌။ သဗ္ဗပါဏိနံ၊ ခပ်သိမ်းများစွာ သတ္တဝါတို့၏။ ဟိတာယ၊ အစီးအပွားအလို့ငှာ။ သမုပ္ပန္နော၊ ကောင်းစွာ ပွင့်တော်မူလာပေပြီ။ ဥပ္ပန္နတ္တာ၊ ပွင့်ထွန်း ပေါ်ပေါက်၍ လာခြင်းကြောင့်။ ပဘင်္ကရာ၊ လောကခေတ်အမှောင်ခွါကြမည့် အရောင်အဝါကြီးတို့သည်။ (ဝါ) လောကခေတ် မှောင်ရီ ပြတ်အောင်လို့ ရောင်ခြည်တော် ခေတ်ကြီးတို့သည်။ ဥပ္ပဇ္ဇိံသု၊ မှောင်

မှောင်ချေ တပြေလုံးမှာဖြင့် ထောင်ရောင်ဝေ နေတန္တန်းကဲ့သို့ ရွှေဘုန်းတော် ဘွင့်ကြကုန်ပြီတကား။

အစိန္တေယျ သုံးလောကသခင် ဘုရားရှင် ကိုယ်တော်မြတ်ကြီးသည် လောကဓာတ် မြေအပြင်မှာ အပရာဇိတ ရွှေပလ္လင်ကြီး အောင်မြင်တော်မူပြီးတဲ့နောက် သတ္တသတ္တာဟ (၄၉)ရက်တိုင်တိုင် သိဒ္ဓိဇေယျ အောင်သဘင်ကြီး ဆင်ယင်တော်မူလိုက်ပြန်တယ်-တဲ့။

၁-သတ္တသတ္တဌာန အောင်ခဏ်း

၁။ ပဌမ ပလ္လင်္ကသတ္တာဟခေါ်တဲ့ ပဌမအောင်ပွဲသဘင်ကြီးကတော့ လောကမှန်ကူ စံမတူသည့် သယမ္ဘူမမ္မရာဇ် ဘုရားဖြစ်တော်မူပြီးနောက် ကြီးလှသော တေဇာဖြင့် ပရမေဘဂဝါ စောဇီသခင်မှာ ဗောဓိပင်နှင့် လေးတောင်အွာ အရှေ့မျက်နှာ၌ တည်လာသော အပရာဇိတ ရွှေပလ္လင်ထက်၌ ထက်ဝယ်ဖွဲ့ခွေ စံနေတော် မူခါဖြင့် ဤတရား ရတနာကို ငါရှာပြီး လာလိုက်ထာ လေးသင်္ချေနှင့် ကမ္ဘာတသိန်း တွက်ကိန်းသင်္ချာ လွန်လို့ဖြင့် လာခဲ့ပြီ-လို့။

ဤအပရာဇိတရွှေပလ္လင်ထက်၌ ကိလေသာစက်သုံးယောင်ဝက်တို့ကိုလဲ ပယ်ဖျက်ခါ တဖုံမသန်းရအောင် ကုန်ခန်းစေတော်မူလျက် သယမ္ဘူပဝရ အဖြစ်ကျအောင် သဗ္ဗညုတ ရွှေဉာဏ်ကို ကေန်ပင်ရတော်မူပြီ-လို့။

အရဟံဘဆူဗုဒ္ဓက ပဋိစ္စသမုပ္ပါဒကိုမ္မအစဉ်ဖြင့် ဆင်ခြင်စဉ်းစား၍ ဖလသမာပတ် ဝင်စားပြီး (၇) ရက်ပတ်လုံး

သီတင်းသုံးနေရာဒေသကို ပဌမ, ပလ္လင် သတ္တာဟရယ်-လို့ အမည်တော်ရပါတယ်-တဲ့။

၂။ ဒုတိယ အနိမိသ သတ္တာဟခေါ်တဲ့ဒုတိယ,အောင်ပွဲ သဘင်ကြီးကတော့ အပရာဇိတ ရွှေပလ္လင်မှ ထတော်မူဘိ၍ ဗောဓိပင်၏ အရှေ့မြောက်ယံ တဆဲ့လေးလံကွာ အရပ်၌ ရပ်တော်မူလျက်နေပြီးခါ(ငါသည်) ဗောဓိရပ်ခွင် ရွှေပလ္လင် ၌ သဗ္ဗညုတဉာဏ်စဉ်ကို ကောန်ပင် သိမြင်ရပေသည် တကား-ဟု မမှိတ်သောမျက်စိ ပကတိဖြင့် (အပရာဇိတပလ္လင်တော်) အဓိပတိကို ရှုကြည့်ရှင်ပြုံး (၇) ရက်သီတင်းသုံး နေတဲ့ အခါ နတ်ဒေဝါအပေါင်းတို့က အကြောင်းတော် မသိရ သဖြင့် တို့အရှင်သိဒ္ဓတ္ထသည် ပြုဘွယ်ရာမဂ်ကိစ္စများ ရှိသေး ယောင်တကား။

အပရာဇိတ ပလ္လင်မဟာကို တွယ်တာခြင်းကိစ္စ မစွန့်နိုင် လှပါတကား-လို့၊ နတ်အများ အကြံဖြစ်ကြတော့ ဗုဒ္ဓပရမေ အစိန္တေက တယူဇနာမျှလောက်သော ကောင်းကင်ယံ ပျံကြွ လျက် အရပ်ပဝရ အသရေတဂုဏ်ဖြင့် ရေအစုံ မီးအစုံ ဖန်ဆင်းပြီး ထန်ပြင်းတဲ့ တေဇာနဲ့ကိုက်အောင် ယမိုက်ပြာ ဋိဟာသဘင်ကြီး ဆင်ယင်လိုက်တယ်၊ သို့ဘာလို တန်ခိုးအစုံစုံ အဖုံဖုံမြင်ရတော့မှ နတ်ဒေဝါခပင်းတို့မှာ ဝိတက်များကင်းပ ကြပြီး (၇)ရက် သီတင်းသုံးနေရာ ဒေသကို ဒုတိယ, အနိမိသ သတ္တာဟရယ်-လို့ အမည်တော် ရပါတယ်-တဲ့။

၃။ **တတိယ** ရတနစင်္ကမ သတ္တာဟခေါ်တဲ့ တတိယ အောင်ပွဲသဘင်ကြီးကတော့ စံမြီးစရာအမြတ်ကြောင်းတို့ဖြင့်

နတ် အပေါင်းတို့၏ ဝိတက်ကုန်အောင် ရေအစုံ မီးအစုံ အဖုံဖုံသော အလျှံမျိုးတို့ဖြင့် တန်ခိုးပြာဋိဟာပြုပြီး အပရာဇိတ ပလ္လင်နှင့် အနိမိသအကြား အရှေ့အနောက်သို့ အတောင်နှစ်ဆယ်ရှိသော အရပ်ကို အလယ်ထားလျက် တဘက်ငါးလံကွာ ဌာနတွင် အရှေ့မှ အနောက်သို့ အတောင် ခြောက်ဆယ် ရှည်သော မြေညီလှဆန်း ရတနာစင်္ကြံလမ်းကို ဖန်ဆင်းလျက် ရှင်မင်း ပရမေ (၇)ရက်ပတ်လုံး သီတင်းသုံးနေရာဒေသကို တတိယ, ရတနစင်္ကမ သတ္တာဟရယ်လို့ အမည်တော် ရပါတယ်-တဲ့။

၄။ စတုတ္ထ ရတနာဃရ သတ္တာဟခေါ်တဲ့စတုတ္ထ,အောင်ပွဲသဘင်ကြီးကတော့ အပရာဇိတ ရွှေပလ္လင်ကို အောင်မြင်တဲ့ ရွှေတေဇာတို့ဖြင့် ဝေဖြာတော်မူလှတဲ့ ပရမေ ဘဂဝါသည် ရတနာစင်္ကြံလမ်း၌ ကြွမြန်းတော် မူပြီးတဲ့နောက် မဟာဗောဓိပင်မှ အနောက်မြောက် ထွန်းတောက် တေဇာဖြင့် အတောင်လေးဆယ်ကွာတွင် ရတနာခုနစ်ပါးတို့ဖြင့် ချယ်သားစီမံထားသကဲ့သို့ နတ်များ ဖန်ဆင်းအပ်သော (ဝါ) အဘိဓမ္မာ ရတနာခုနစ်ကျမ်း ရွှေတိုက်ခန်းကြီး ဖြစ်သော ဆန်းသစ်ပဝရ ရတနာဃရ အိမ်တော်မဟာ၌ (ရှေဦးစွာ) ဓမ္မသင်္ဂဏီ ကျမ်းအစဉ်ကို ဆင်ခြင်တော်မူတော့၊ သဿမ္ဗုပရမေ မြတ်စိန္တေ၏ ရွှေညာဏ်တော် မကွန့်သာသဖြင့် ထူးလွန့်စရာ မှောင်မသီရအောင် (ရောင်ခြည်တော်) ဖူးအညွန့်တို့သည်မမြူးကွန့်နိုင်ကြပါဘူး-တဲ့၊ ထို့နောက် ဝိဘင်းကျမ်း ဓာတုကထာ ပုဂ္ဂလပညတ် ကထာဝတ္ထု ယမိုက်ရွှေကျမ်း

တို့ကို ဆင်ခြင်မှန်းသော်လဲဘဲ ဉာဏ်စွမ်းတော် မလွန့်သာသဖြင့် ရောင်ခြည်တော် ဖူးအညွန့်တို့သည် မမြူးကွန့်နိုင်ပါဘူးတဲ့။

ထို့နောက် အဘိဓမ္မာ ထွန်းအတောက်မှ ခုနစ်ကျမ်းမြောက်ဖြစ်လာတဲ့ မဟာပကရဏ သမန္တရွှေကျမ်း ပဋ္ဌာန်းရောက်တော့မှ (ဝါ) နှစ်ဆယ်လေးကျမ်း ရွှေတိုက်ခန်း၌ဝိုက်သန်းယှက်ဖြာ ရွှေဉာဏ်တော်နှင့် ချိန်ကိုက်လာတော့မှတိမ်လွှာမှ ထွက်လင်းတဲ့ နေမင်းကြီးသဘွယ် ခြောက်သွယ်သော ရောင်ခြည်တော်တို့၏ မှောင်ရီ မပေါ်တဲ့ အဖူးအညွန့်တို့သည် ကွန့်မြူးတော်မူကြပါကုန်တယ်-တဲ့၊ ပဋ္ဌာန်းကျမ်းမြတ် သုံးသပ်လတ်သော် စိတ်ဓာတ်တော်ကြည် သွေးသားကြည်၍ ရောင်ခြည်တော် ခြောက်ဆိုင်ဘာအဝဂ်တိုင်အောင်ဘက်ပြိုင်မလို ရွှေကိုယ်တော်အစိတ်မှ တဖိတ်ဖိတ်ကွန့်မြူး၍ညွန့်အဖူး အလှအဆန်းတို့ဖြင့် ကြွမြန်းတော် မူကြပါကုန်တယ်-တဲ့။

## ၂-နီလရောင်ခြည်တော်

(က) ညိုလှသော ဂုဏ်အဆင်းတို့ဖြင့် စက္ကဝါ အကုန်လင်းရသော ဘုံတွင်းမဟာ အတိသီတလဆိုတဲ့ နီလ ရောင်ခြည်တော်-တဲ့၊ ဝဇီရစိန်တန္နန်း စိန်တုံးစိန်ခိုင် စိန်တိုင်စိန်ခဲကဲ့သို့ မကွဲမအက် မပျက်မကြေ ထူးထွေအံ့ဘွယ် တင့်တယ်ရောင်ဝင်း ရွှေအဆင်းကဲ့သို့ ဝါဝင်းလှတဲ့ ရွှေကိုယ်တော်ကြီးမှာ စံမမှီးဆိုစရာတို့ဖြင့် ညိုရာရာ အရပ်ဟု ဆိုအပ်သောမြတ်စွာပရမေသခင်၏ ဆံပင်တော်မုတ်ဆိတ်တော်နှင့် မျက်လုံး

တော်တခို ညိုရရာ အရပ်တော်တို့မှာ မြတ်တဖော် တေဇာ အသွင်ကြောင့် အဇဋ္ဌာဝေဟင် ကောင်းကင်၌ ပျံ့ဝဲအောင် ဖြန့်မြောက်ကြဲအပ်သော အောင်မဲညိုကြာညိုနှင့် မျက်စဉ်း အညိုလို ထိုထိုယိမ်းနွဲ့ တလွဲ့လွဲ့ခပ်အင်သော ပတ္တမြား ယပ်ညို ပုဆိုးညိုကဲ့သို့ ညိုလှတဲ့ (နီလ) ရောင်ခြည်တော်-တဲ့၊

(ဝါ) ရောင်ဝါ စိမ်းစို စိမ်းပြာလိုနှင့် ညိုရာ အရောက် ကတောက်ညိုမှိုင်း မြူဒိုင်း ခတ္တာ အောင်မဲအပြာနှင့် အောင်မဲ အညို ခွါညို ကြာအညိုနှင့် သာပိုလှိုမျှားပါတဲ့ ပုဆိုးညိုတပါး ကဲ့သို့ ငှက်ခါးတောင်တိမ်ညင်းမွေး ဥဒေါင်းမင်းလည်ရေးနှင့် ရွှေကျေးမင်းတောင်ပံနှယ် ဝသ်ဝဏ်ကျောက်မြတ် ဇောတ ရသ် ဣန္ဒနီ ကတ္တိပါ ကတ္တူစိမ်း သင်တွဲစိမ်း နဂါးသွဲ့ စိန်မီး ပန်းကဲ့သို့ ပြာလဲ့စိမ်းစို ညိုလှတဲ့ နီလ ရောင်ခြည်တော်တို့ သည် ပဋ္ဌာန်းဒေသနာ သုံးသပ်ခါမှ ခုချိန်ကျအောင် အိမ်လုံး တောင်လုံးပမာဏဖြင့် မြန်းကြွတော်မူကြပါတယ်-တဲ့။

နိက္ခမိသု၊ ထောင်ရာမက ရောင်ဝါကြွလျက် နေလထိန် ဝင်း ရှိန်အလင်းကို နှိမ်နှင်းချေမှုန်း အသရေ မဆုံးအောင် ရွှေဘုန်းတော် အလွန့်အလွန်ထူးတာကြောင့် နီလ ရောင်ခြည် တော် အညွန့်အဖူးတို့သည် ထွက်ခွါ ကွန့်မြူးတော် မူကြလေ ကုန်သတည်း။

## ၃-ပီတ ရောင်ခြည်တော်

(ခ) ရွှေဝါရောင် ဂုဏ်အဆင်းတို့ဖြင့် စက္ကဝါ အကုန် လင်းရသောဘုံတွင်းမဟာအတိသီတလ-ဆိုတဲ့ ပီတရောင်ခြည်

တော်-တဲ့၊ စိန်နှစ်စိန်သွေး စိန်လေးစိန်တောင် စိန်ရောင် ထိန်လင်း စိန်တသင်းနွယ် ပျက်ဘွယ်လွန်ကင်း ရွှေဝါရောင် အဆင်းကဲ့သို့ ဝါဝင်းကာ အလျှံညီးသဖြင့် ကံသမ္ဘာကြီး လှသော ပရမေဘဂဝါ၏ ရွှေရာရာ အရပ်ဟု ဆိုအပ်သော မျက်စိတော်တဖြာ အရေလွှာတခန်း ထူးဆန်း ဖြာလင်း၍ ဝါဝင်းတဲ့ အရပ်တခွင်တို့မှာ ဝန်းကျင်ပတ်ချာ ဆယ်ဒိသာ၌ မဟာလှေကားပန်း စကားဝါနေကြာပန်းတို့နှင့် ဆေး ဒန်း မြင်းသီလာ မာလာကျိုကျူမှုန့် ဖုံးအုပ်ဝေဟင် ရွှေရည်ယဉ် ဆန်း ရွှေပုဆိုးလွှမ်းသကဲ့သို့ ထူးဆန်းထွေပြား ရွှေသားဗိမာန် ရွှေဗိတာန်ဟု ဇမ္ဗူမှုန့်ရွှေ ကြဲဖြန့်လေက ရွှေရောင် အဆင်း အမှောင် ခွင်းသဲ့ဖြင့် အောင်ခြင်းရှိလှတဲ့ ပီတ ရောင်ခြည် တော်-တဲ့။

(ဝါ) ရွှေပဒုံတမူ မဥ္ဇူနော်ဇာ ရွှေဇဝါနှင့် မြင်းသီလာ ဆေးဒန်း ပန်းမြတ် ရွှေစကားဝါ ရွှေဇဝါတခြား စကား သဇင်နှင့် ဂမုံးအင်ထပ်တရာ မြတ်နေကြာ နောင်မမှိန်တဲ့ ရောင်ရှိန်ဖဲအဝါကဲအသာဖြင့် မဟာလှေကား ရွှေပြားမင်းစံ နီဖလံနှင့် ကုက်ုမံမှုန့်ညက် ဖြန့်ကြက်ထွေဆန်း ရွှေမီးပန်း ဝဲသကဲ့သို့ ရဲရဲထိန်လင်း ရွှေဝါရောင်ဝင်းလှတဲ့ ပီတ ရောင်ခြည် တော်တို့သည်၊ ပဥ္စာန်းရွှေစာ ဒေသနာကို ဖွေရှာကာ မှုန်း တော့မှာ့အိမ်လုံး တောင်လုံးပမာဏဖြင့် ပီတရောင်ခြည်တော် အညွန့်အဖူးတို့သည် တွက်ခွါကွန့်မြူးတော် မူကြပါတယ်-တဲ့။ နိက္ခမိသု၊ မင်းစံဂိဝါမမှိုရာဟု ကြည်သာချွေမှုန်း အသရေ မဆုံးအောင် ရွှေဘုန်းတော် အလွန့်အလွန် ထူးတာကြောင့်

ပီတရောင်ခြည့်တော် အညွန့်အဖူးတို့သည် ထွက်ခွါ ကွန့်မြူး တော်မူကြလေကုန်သတည်း။

## ၄-လောဟိတရောင်ခြည်တော်

(၈) အနီရောင် ဂုဏ်အဆင်းတို့ဖြင့် စက္ကဝါ အကုန်လင်း ရသော ဘုံတွင်းမဟာ ထောမနာရှိလှတဲ့ လောဟိတ ရောင် ခြည်တော်-တဲ့၊ စိန်စစ်နမူ စိန်တူစိန်သား စိန်များမက ဝဇီရသခင် စိန်ဘုရင်ဖြစ်တော်မူငြား စိန်ကိုယ်တော် မြတ်စွာ ဘုရားမှာ ခတ်သားတော် ကြည်ဝေးသဖြင့် နီတွေးရာရာ အရပ်ဟု ဆိုအပ်သော အသားတော် အသွေးတော် မျက်စိ တော်တို့၏ နီတွေးရာအရပ်တော်တို့မှာ ခတ်ပရမေ အရောင် မြင့်ရာ၌ တင့်စွာရောင်ဝင်း ရွှေအဆင်းကဲ့သို့ ဝါဝင်းတဲ့ ရွှေကိုယ်တော်ကြီးမှာ အမှန်တနည်း အသရေ နူန်းရသော ဆုံးမှုန့်ချိပ်ရည် ကမ္ဗလာနီတခန်း ခေါင်ရန်းမိုးစွေပန်းကသစ် အနေကဲ့သို့ ဖြန့်ဝေမိုးလုံး ခြိမ့်ခြိမ့်အုံးမျှ အံ့မဆုံးအမှောင် ခွင်းသဖြင့် အောင်ခြင်း ရှိလှတဲ့ လောဟိတ ရောင်ခြည် တော်-တဲ့။

(၀၁) ရွှေနာရဏီ စန္ဒကူးနီနှင့် စာမရိသားမြီးယပ် ခြသေ့်မြတ်လည်ဆံ ပိုးပရန်ကျောက်ကုန်း မိုးလုံးပြည့် တိမ်နီ အချိန်မှီနေဝန်းတို့ လျှပ်ပန်းနွယ်စုံတဖြာနှင့် ပဒုမ္မာနီ အပွင့် ယုန်မင့်မျက်လုံး စိန်ဆုံးဟသ်ပြဒါး ပတ္တမြားကျောက်နီ လောဟိကြက်သွေး ရွှေကျေးနှုတ်သီး သန္တာသီး သန္တာခက် သဘော်ာထွက်ပန်းဆီရောင် ငှက်မင်းတောင် ကသစ်ပန်း

လယ်ခေါင်ရန်းမိုးစွေပွင့် ကုက္ကုမ်ပန်းအရင့်တို့ကို မှုတ်လွင့်ကြဲဖြန့် တမိုးလုံး ပြန့်သကဲ့သို့ ရှုအံ့မဆုံး နိုင်းနှုန်းမမှီ အနီရောင်ဝင်းလှတဲ့ လောဟိတ ရောင်ခြည်တော်တို့သည်-

နှစ်ဆယ့်လေးကျမ်း ရွှေတိုက်ခန်းမှာ ဉာဏ်စွမ်းယှက်ဖြာ ရောင်လျှံသာ၍ တေဇာခြိမ့်အုံး အိမ်လုံးတောင်လုံး ပမာဏဖြင့် လောဟိတ ရောင်ခြည်တော် အညွန့်အဖူးတို့သည် ထွက်ခွါကွန့်မြူးတော် မူကြပါတယ်-တဲ့။ နိက္ခမိ သု၊ မျက်ပံ့ပတ္တမြား ဘက်စံရှားအောင် မြတ်ဖျားပရမေ အစိန္တေ၏ တေဇာဝေမှုန်း အသရေမဆုံးအောင် ရွှေဘုန်းတော် အလွန့်အလွန်ထူးတာကြောင့် လောဟိတ ရောင်ခြည်တော် အညွန့်အဖူးတို့သည် ထွက်ခွါကွန့်မြူးတော် မူကြလေကုန်သတည်း။

## ၅-ဩဒါတ-ရောင်ခြည်တော်

(ဿ) အပြူရောင် ဂုဏ်အဆင်းတို့ဖြင့် စက္ကဝါ အကုန်လင်းရသော ဘုံတွင်းမဟာ ထောမနာသရသတဲ့၊ ဩဒါတ ရောင်ခြည်တော်တဲ့။ ။စိန်ဝဇီရ ထိန်ကြည်လှသို့ ပမာဏတူ သယမ္ဘူပရမေ ရွှေဝါရောင် အဆင်းကဲ့သို့ ဝါဝင်းလှတဲ့ ရွှေကိုယ်တော်ကြီးမှာ လျှံညီးစွာသော အသရေဖြိုးလှသော အရိုးတော်သွားတော်နှင့် မျက်လုံးတော် မလပ်ဖြူရာရာ အရပ်တော်တို့မှာ ဓာတ်ပရမေ မြတ်အဆွေညွှန်း အသွင်ဖြင့် ဝန်းကျင်ပတ်လည် ဝင်းဝင်းကြည်မျှ ငွေအိုးမှ သွန်အပ်သော နို့ရည် ဖြန့်ညီငွေပိတာန် ဝေဟာယံတိမ်မြင့်ကတဝင့်ဝင့်လွှဲအပ်သော ငွေသားယပ် ငွေစပယ် သင်းခွေနွယ်

ကြက်ရိုး ဂမုံးခတ္တာယူ၍ ကြာဖူးနှင့် မြတ်လေး ထက်ကောင်းကင်ဖွေးသကဲ့သို့ အေးမောတ်ဇမ္ဗူ အဖြူရောင်အဆင်း အမှောင်ခွင်းသဖြင့် အောင်ခြင်းရှိလှတဲ့ ဩဒါတ ရောင်ခြည်တော်-တဲ့။

(၀၁) သင်းခွေကြာဖြူ မဥ္ဇူဇလပ် ငွေပွင့်ချပ်နှင့် ငွေယပ် ငွေသား ငွေပြားနဂထာ ငွေဇာဖြန့်ကြက် ငွေရွက်တံခွန် မိုးစွန်ထိန်လင်း ငွေလမင်းနှင့် ငွေဆင်းစုံညီ ငွေရည်ယဉ်ဆန်း ငွေပန်းငွေခိုင် ပုလဲဆိုင်စိန်စစ် ဆန်းသစ်လှညီ နာရကာတ္တိ အနှစ် ဖလ်စစ်ထုတ်ခါ ကုမုဒြာနှင့် မာလာငွေပွင့် ငွေမင့် ငွေတူ ငွေဖြူရောင်အဆင်းတွေနှင့် ငွေအရောင် ဝင်းလှတဲ့ ဩဒါတ ရောင်ခြည်တော်တို့သည် နှစ်ဆယ့် လေးကျမ်း ရွှေပဋ္ဌာန်းမှာ ဉာဏ်စွမ်းကြည်ခါ ရွှေသမ္ဘာဖြင့် တေဇာခြိမ့်အုံး အိမ်လုံး တောင်လုံး ပမာဏဖြင့် ဩဒါတရောင်ခြည်တော် အညွန့်အဖူးတို့သည် ထွက်ခွါ ကွန့်မြူးတော်မူကြပါတယ်-တဲ့၊ နိက္ခမိ သု၊ ဘော်ငွေသာခွါ မယှဉ်သာဟု သံဝါဟစ်ကြွေး အောင်သံပေးလျက် ဖြူဖွေးရောင်မှုန်း အသရေမဆုံးအောင် ရွှေဘုန်းတော် အလွန့်အလွန် ထူးတာကြောင့် ဩဒါတ ရောင်ခြည်တော် အညွန့်အဖူးတို့သည် ထွက်ခွါကွန့်မြူးတော် မူကြလေကုန် သတည်း။

## ၆-မဉ္ဇိဋ္ဌကရောင်ခြည်တော်

(င) နီမောင်းသောအရောင် ဂုဏ်အဆင်းတို့ဖြင့် စက္ကဝါ အကုန် လင်းရသော ဘုံတွင်းမဟာ အမြင် အတိတ် လှတဲ့

မဥ္ဇူဋ္ဌကရောင်ခြည်တော်-တဲ့၊ မှောင်ရီမထား အစဉ် ပွားတဲ့ စိန်သား စိန်ရောင် စိန်တောင်တမျှ စိန်ပေမာဏကဲ့သို့ ဝဇီရ ပရမေ စိန္တေထွင့်ထား မြတ်ဘုရား၏ ရွှေသား ရောင် အဆင်းကဲ့သို့ ဝါဝင်းတဲ့ ရွှေကိုယ်တော်ကြီးမှာ အံ့ချီးစရာ-ဆိုတဲ့ ထိုထိုဒေသ ရပ်ဌာနမှာ (ဝါ)ဘဝါးတော် နှစ်သွယ် နှင့် စဉ်းငယ်နီရာအရပ်သာမှာ မြတ်လှအကြည် မည်းနံ့ညို လောင်း ရောယှက်ပေါင်းလျှင် မှဲမောင်းမှိုင်းအုံ ရီမှုံရောင်ဝင်း အမှောင်ခွင်းသဖြင့် အောင်ခြင်းရှိလှတဲ့ မဥ္ဇူဋ္ဌက ရောင်ခြည် တော်-တဲ့။

(ဝါ) တိမ်ပြာ တိမ်ညွန့် တိမ်လွန့်ရောင်ဖြိုး မီးခိုးမှန်းဆင် ခရမ်းပွင့်နှင့် ထန်းကျင့်ချိပ်ရည် တိမ်းညက်ရည်နှင့် စက်စက် ရည်ပေါင်း သွန်း၍လောင်းသို့ မောင်းတဲ့ရောင်လျှံ ဘဝဂ်ပျံ၍ အနန္တံထိန်လင်း တိန်နဘံချင်းအောင် မောင်းတဲ့ အရောင် ဝင်းလှတဲ့ မဥ္ဇူဋ္ဌကရောင်ခြည်တော်တို့သည်။ (ဝါ) မဥ္ဇူဋ္ဌကာ၊ သန္တာကန့်ရက် လွန်အယှက်ဖြင့် ညွန်လျက်ကြည်အေး နီတွေး တွေးမို့ ဝေးကွန့်သွယ်စီ နွယ်သာကီ၏ ဖြာစီငုံဖူး ပုံအထူး ဖြင့် ဂုဏ်မြူးကြည်မြင့် ဤအဆင့်တွင် နီရင့် တွေးတွေး နီအသွေးနှင့် စွေးစွေးယိုဖိတ် နီအရိပ်ဟု မောင်းချိပ် ရောင်ဝါ အမှောင်ခွါသဖြင့် အောင်ချာဇေယျုံ အသရေ လှုံတော့ ရွှေဘုံ ကြည်ကြောင်း ပြည်အပေါင်းတွင် နီမောင်းရောင် တံဆိပ်သရသော မဥ္ဇူဋ္ဌကရောင်ခြည်တော်တို့သည်။ အနန္တနယ သမန္တရွှေစာကို ဖွေရှာကာမှန်းတော့မှာ အိမ်လုံး တောင်လုံး ပမာဏဖြင့် မဥ္ဇူဋ္ဌက ရောင်ခြည်တော် အညွန့်အဖူး တို့သည်

ထွက်ခွါကွန့်မြူးတော်မူကြပါတယ်--တဲ့။ နိက္ခမိ°သု၊ အရောင်ဟူသမျှ မြူမထအောင် သူကခြေမှုန်း နေတန့်န်းကဲ့သို့ အသရေမဆိုးအောင် ရွှေဘုန်းတော် အလွန့်အလွန် ထူးတာကြောင့် မဥ္စူက ရောင်ခြည်တော် အညွန့် အဖူး တို့သည် ထွက်ခွါကွန့်မြူးတော်မူကြလေကုန်သတည်း။

## ၇-ပဘဿရ ရောင်ခြည်တော်

စ။ ပြိုးမြိုးပြက်ရောင်လျှံဂုဏ်အဆင်းတို့ဖြင့်စက္ကဝါအကုန်လင်းရသော ဘုံအတွင်း၌ အမြတ်ပဝရဆိုတဲ့ ပဘဿရ ရောင်ခြည်တော်-တဲ့။ စိန်ဝဇီရောင် ထိန်ကြည်ပြောင်သို့ သိဂီရောင်သာအဆင်းတွေကြောင့် ဝါဝင်းတဲ့ ရွှေကိုယ်တော်ကြီးမှအသရေဆိုသော် မှီးရသဖြင့် ချိုးအုံ့မကုန်အရုပ်တော်အစုံတို့မှရင်း၊ (ဝါ)ဥဏ္ဏာလုံမြတ် မေ့ရှင်မာတ်နှင့် ပုံဟပ်ဝင်းသစ် သင်းကျစ်ရတနာကေသာထွင့်ရှဖျား ပတ္တမြားကျင်မှု ရွှေစင်စုဟု ဆိုအပ်သောကေတုမာလာ ရောင်လျှံတော်မှရင်း၊ (ဝါ) ကဆုန်မာသခါသမယတွင် အာကာသ ဝေဟင်လယ်က လျှပ်စစ်နွယ် ယှက်သန်းသကဲ့သို့ ထူးဆန်း ပြိုးပြက် တခဲနက် ရောင်အဆင်းတို့ကြောင့် အမှောင်ခွင်းသဖြင့် အောင်ခြင်းရှိလှတဲ့ ပဘဿရ ရောင်ခြည်တော်-တဲ့။

(ဝါ) လျှပ်စစ် တောက်ခါ သောကြာ ကြယ်ရောင်တန်ဆောင်နေလ အသရေ ခသကဲ့သို့ ငါးဝ အရောင်ဒုံတို့ဖြင့် မှောင်အဟုန်ပြိုလင့်၍ အညိုအရင့် ရွှေအရင့်နှင့် ကြိုနီ-အရင့်

သက်တင့်ရောင်သွယ် လျှပ်စစ်နွယ်သို့ အုံ့ဘွယ်လွန်ဆန်း မီးပန်းအစုံ ရောင်ဟုန် ပြိုးပြက် တခဲနက် ထိန်လင်း လျှပ်စစ်နွယ် အရောင်ဝင်းလှတဲ့ ပဘဿရ ရောင်ခြည်တော်တို့သည် ပဌာန်း ဒေသနာ ဆင်ခြင်ကာမှ ထင်လာဝေဖုံး အိမ်လုံး တောင်လုံး ပမာဏဖြင့် ပဘဿရ ရောင်ခြည်တော် အညွန့်အဖူး တို့သည် ထွက်ခွါ ကွန့်မြူးတော် မူကြပါတယ်-တဲ့။ နိုက္ခမိ သုံး ညိုရွှေ ဖြူနီ သုမမို၍ မဟီစက်ဖြန့် သက်တန့်ရောင်နွယ် လျှပ်စစ်နွယ် တဖုံ မီးပန်းစုံဖြင့် ရောင်အဟုန်ဖြန့်မှုန်း အသရေမဆုံးအောင် ရွှေဘုန်းတော် အလွန့်အလွန်ထူးတာကြောင့် ပဘဿရ ရောင်ခြည်တော် အညွန့်အဖူးတို့သည် ထွက်ခွါ ကွန့်မြူးတော်မူကြလေကုန်သတည်း။

ဆဗ္ဗဏ္ဏရံသီဆိုတဲ့ နီလရောင်ခြည်တော်၊ ပီတ ရောင်ခြည်တော်၊ လောဟိတရောင်ခြည်တော်၊ဩဒါတရောင်ခြည်တော်၊ မဉ္ဇိဋ္ဌကရောင်ခြည်တော်၊ ပဘဿရ ရောင်ခြည်တော် အားဖြင့် ခြောက်ပါးသော ရောင်ခြည်တော်တို့သည် (၀၁) ညိုရွှေနီဖြူ မောင်းဟူပြိုးပြက် တခဲနက်အားဖြင့် ခြောက်ပါးသော ရောင်ခြည်တော်တို့သည် (၀၁) စိမ်းလဲ့ညိုပြာ ရွှေဝါ ထိန်လင်း ခြင်းခြင်းနီမြန်း လျှမ်းလျှမ်းဖြူဖွေး စွေးစွေး မောင်းချိပ် ဖိတ်ဖိတ်ပြိုးပြက် တခဲနက်ထင်ရှားလှသဖြင့် ခြောက်ပါးသော ရောင်ခြည်တော်တို့သည်။

အောက်အဘို့အားဖြင့် ယူဇနာ နှစ်သိန်း, လေးသောင်း ရှိသော မဟာပထဝီမြေကြီးကို ဦးပြီးသော ရွှေဆိုင် ရွှေခဲ

ကဲ့သို့ ဖြစ်စေတော်မူပြီးကာ မြေလွှာမှ ခွင်းပြီးလျှင် ယူဇနာ လေးသိန်း ရှစ်သောင်းရှိသော (ပထဝီသန္ဓာရက) ရေထုကို ရွှေညကဲ့သို့ ဖြစ်စေပြီး၊ (ဝါ) ရွှေအိုးဖြင့် သွန်းလောင်းတဲ့ ရွှေစင်မှုန့်ကဲ့သို့ ဖြစ်စေပြီး ရေမှခွင်းလျှင် လေထုအတွင်း ရောက်တော့ ယူဇနာ ကိုးသိန်း, ခြောက်သောင်း ရှိသော လေထုကို ရွှေတိုင်ကြီးသဖွယ်ပြုပြီး လေထုကိုထွင်း ၍အောက် အဇဋာ ကာသအတွင်းသို့ ရောင်အဆင်း တဖွေးဖွေးဖြင့် ပြေးဝင်ကြတယ်-တဲ့။

အထက်အဘို့အားဖြင့် ကြွသွားတဲ့ ရောင်ခြည်တော်တို့ ကတော့ ဘဝဂ်ဘုံအနန္တ ကြွတော်မူလို့ ဖီလာအားဖြင့် အနန္တ လောကဓာတ်ကို အတောမသတ် ကြွတော် မူလျက် ဝင်း လက်တဲ့ အရောင် တို့ကြောင့် နေရောင်-လရောင်-ကြယ်တန် ဆောင်နှင့် ဗိမာန်ရောင်ဆင်း ပြဟ္မာမင်းတို့၏ ဝင်းလှသော ရောင်လျှံတို့သည် မှောင်သန္တာန်မှေးမှိန်လျက် သေးသိမ်ကြရ ပါတယ်-တဲ့။

ယခုကွန့်မြူးတဲ့ ရောင်ခြည်တော်ကတော့ အနန္တစက္ကဝါ မြန်းကြွတဲ့ ဒိသာဖရဏရောင်ခြည်တော်-တဲ့။

စိတ္တသမုဋ္ဌာနာ ဝဏ္ဏဓာတု သမန္တာ။ အသီတိဟတ္ထမတ္တေ ပဒေသေ နိစ္စလာဝ အဋ္ဌာသိ-လို့ အဘိဓမ္မာအဋ္ဌကထာကြီးမှ လာတဲ့ အတောင်ရှစ်ဆယ် အမြဲတည်နေသော နိစ္စ လော ဘာသ ရောင်ခြည်တော်ဆိုတာ ကြည်ညိုစရာ ရှိပါသေး တယ်-လို့။

ဝဇီရစိန်တန္ဆန်းကဲ့သို့ စိန်တုံးစိန်ခိုင်နှင့် အတူ တမူထူးလှ ရွှေကိုယ်တော်၏ ရွှေအဘို့မှာ သာမျိုးကြည်လျံ မင်းစံသိင်္ဂိ နိဖလံရွှေပြား ရွှေသားရွှေရည် ရွှေဆီရွှေနှစ်ကဲ့သို့ ထွန်းသစ်ရောင်ဝေ ရွှေသော အဆင်းရှိသော ရောင်ခြည်တော်တို့သည် ထင်ပေါ် ထွန်းပြောင် အတောင်ရှစ်ဆယ်ဒေသကို အမြဲ ထွန်းပလျက် ပြိုးပြိုးပြက်ပြက် ရိုးရိုးရွက်ရွက်နဲ့ ထွက်ကြွပါတယ်၊ လကျာအဘို့ အနောက်အဘို့ လက်ဝဲအဘို့ ဖြစ်သော ရွှေကိုယ်တော်ကြီးမှာ ပုံမှီးစရာ ရွှေဝါရောင် မှီရတဲ့ ရွှေရောင်ခြည်တော်တို့သည် ထွန်းပေါ်ထိန်ဝင်း အတောင်ရှစ်ဆယ်ချင်းအောင် ထွန်းလင်းတော်မူကြပါတယ်–တဲ့။

အထက်တော် တလွှား ဆံတော်ဖျားမှာ မှတ်သားရောင်ဝင်း ဥဒေါင်းမင်း လည်ရေးကဲ့သို့ ပြာလဲ့စိမ်းစိုညိုလှတဲ့ ရောင်ခြည်တော်တို့သည် မှောင် မသိရသည့်နှယ် အတောင်ရှစ်ဆယ် ဒေသ၌ နိစ္စလ တည်ကြပါတယ်–လို့၊ အောက်အဘို့တလွှား ခြေဖဝါးတော်အပြင်မှာ အဆင်းတော်စံရာညီတဲ့ သန္တာနီအသွေး နီတွေးတဲ့ ရောင်ခြည်တော်တို့ အောင်စည်ဆော် အခြေရအောင်လို့ အတောင်ရှစ်ဆယ် ဒေသသို့ နိစ္စလ အမြဲရောက်သဖြင့် တောက်ပတော်မူကြပါတယ်–တဲ့။

စိန့်ဝဇီရ ထိန်ကြည်လှသို့ သာကီယသခင် ဘုရားရှင် ရွှေကိုယ်တော်မှာ ပရမေအဆိုသော် မှောင်မသိတဲ့ ရွှေသော ရောင်ခြည်တော်နှင့် နီသော ရောင်ခြည်တော် နှစ်ပါးတို့၏

ထူးခြားစွာ ပေါင်းဆုံမိသဖြင့် အတိပဿာဒ ကျမ်းအရ ဘွင့်လျှင် နီရင့်တွေးတွေး စွေးစွေးယိုဖိတ် မောင်းချိပ်သော အဆင်းရှိကုန်သော မဉ္ဇိဋ္ဌက ရောင်ခြည်တော် တသင်းတို့သည် အတွင်း အတောင်ရှစ်ဆယ်ဒေသ၌ နိစ္စလ အမှောင်ခွင်း၍ အရောင်ဝင်းတော်မူကြပါတယ်-တဲ့။

စိန်တခဲနက် ကွဲအက်ရေးသား မရှိငြားသို့ ထူးခြားအံ့ဘွယ် တင့်တယ်ရောင်ဝင်း ရွှေအဆင်းကဲ့သို့ ဝါဝင်းတဲ့ ရွှေကိုယ်တော်ကြီးမှာ တနည်းမှတ်စရာ မှောင်မသီသဖြင့် ရောင်ခြည်လေးသွယ်တို့ အေးစဘွယ်ဆုံမိတော့ ဘုံအရှိ အခါမလင့်ရအောင် ဝါရင့်ညိုရင့် နီမောင်းရင့်တို့ ပေါင်းလင့်လေးစုံ ရေးတပုံကြောင့် ပေးဂုဏ်အဆိုဖြင့် ရွှေညိုနီမောင်း ရောင်လျှံပေါင်း၍ ကောင်းတဲ့ဂုဏ်ဟိတ် ဘိတ်ဘိတ်ပြိုးပြက် တခဲနက်လှသော ပဘဿရ ရောင်ခြည်တော်တို့သည် မှောင်ခြည်မပေါ် အတောင်ရှစ်ဆယ်တွင်း၌ တွန်းလင်းကာ နိစ္စလဖြင့် တည်ကြပါတယ်-တဲ့။

အမြဲမပြတ် ဆယ်ရပ်ထိန်ဝေ အရှိန်မပြေသော ရောင်ခြည်တော်ဖြင့် နောင်အရှည်သော် သဘာဝ၌ အခါမလပ် ဘွန်းပတော်မူတတ်တဲ့ ဇမ္ဗူမြတ် မှောင်မသီအောင် ရောင်ခြည်အစုံတို့ ပေါင်းဆုံစုဝေးလျက် ဦးထိပ်တော်အထက်၌ တလက်လက်တည်နေသဖြင့် အသရေစုစ်ရာကြောင့် ကေတုမာလာ ရောင်လျှံတော်-တဲ့၊ နောင်အမှန်သော် ကိုယ်တော်မြတ်မှာ မပြတ်ပြိုးပြက် တလက်လက်ထွက်သော အနန္တရောင်လျှံတို့

ဖြင့် ကေနိပင် ပြည့်စုံတော်မူပါပေတယ်–လို့၊ ယခု ကွန့်မြူးတဲ့ ရောင်ခြည့်တော်ကတော့ နိစ္စ လောဘာသ ရောင်ခြည် တော်–တဲ့။

ရောင်ခြည်ခြောက်တန် ဘဝင်လျှံသဖြင့် အနန္တဂုဏ်အင် စုံလင်တတ်ငြား မြတ်ဘုရားကိုယ်တော်မြတ်မှာ အထူးခေတ် မှောင် မသိသဖြင့် ရောင်ခြည်တော်ဆိုတာ သုံးမျိုးရှိပါတယ်– လို့၊ သုံးမျိုးဆိုတာကတော့–

၁။ တလံမျှလောက်သော အရပ်ဒေသ၌ အမြဲထွန်းပတဲ့ လက္ခဏာ ရောင်ခြည်တော်။

၂။ အတောင်ရှစ်ဆယ်ဒေသ အမြဲထွန်းပတဲ့ အသီတိနိစ္စ လဋ္ဌိတိ ရောင်ခြည်တော်။

၃။ စက္ကဝါအနန္တ မြန်းကြွတော်မူတဲ့ အနန္တ ဒသ ဒိသာ ဖရဏ ရောင်ခြည်တော်။

သုံးမျိုးသော ရောင်ခြည်တော် ညွန့်အဖူးတို့ဖြင့် ကွန့်မြူး တော် မူကြပါတယ်။

ကိုင်း–ရောင်တော်ဘွင့် အတော်စုံသဖြင့် အကျော်တဂုဏ် ဖူးမျှော်လို့ မဝတော့ ဦးတော်သကြပါဦးစို့–လို့။

ကိုင်း–ရောင်ခြည်တော်ညွန့်အဖူးတို့ဖြင့် ကွန့်မြူးပုံ ဦးတော် သလို့ ဖူးမျှော်ကြပါဦးစို့–ရဲ့–လို့။

ကိုင်း–ဂါရဝါအညွှလီဖြင့် တင်ချီကာ ရိုကျိုးလို့ ရှိခိုးကြ ဦးစို့–လို့။

## အသီတိနိစ္စလဋ္ဌိတိ ရောင်ခြည်တော် အတွက် မှတ်သား ချက်ကား–

အထဿ ပုရတ္ထိမကာယတော သုဝဏ္ဏဝဏ္ဏာ ရသ္မိ ဥဋ္ဌ ဟိတွာ အသီတိဟတ္ထဋ္ဌာနံ အဂ္ဂဟေသိ။ ပစ္ဆိမကာယ တော ဒက္ခိဏဟတ္ထတော ဝါမဟတ္ထတော သုဝဏ္ဏဝဏ္ဏာ ရသ္မိ ဥဋ္ဌဟိတွာ အသီတိဟတ္ထဋ္ဌာနံ အဂ္ဂဟေသိ။ ဥပရိ ကေသန္တတော ပဋ္ဌာယ သဗ္ဗကေသာဝဋ္ဋေဟိ မောရ ဂီဝဝဏ္ဏာ ရသ္မိ ဥဋ္ဌဟိတွာ ဂဂနတလေ အသီတိဟတ္ထ ဋ္ဌာနံ အဂ္ဂဟေသိ။ ဟေဋ္ဌာ ပါဒတလေဟိ ပဝါဠဝဏ္ဏာ ရသ္မိ ဥဋ္ဌဟိတွာ ဃနပထဝိယံ အသီတိဟတ္ထဋ္ဌာနံ အဂ္ဂ ဟေသိ။

ဟူ၍ မဇ္ဈိမ ပဏ္ဏာသ ဋ္ဌကထာ ဂဟပတိဝဂ္ဂ သေခသုတ္တ ဝဏ္ဏနာ စာမျက်နှာ (၁၅) (ဆဋ္ဌမူ) မိန့်ဆိုတော်မူချက် အရ ရေးသားရခြင်းဖြစ်ပါသည် ။

### ဂ–ရောင်တော်ဘွင့် ဝန္ဒနာ

နီလာ ယော နီလဋ္ဌာနေဟိ၊
ပီတာ လောဟိတ ဩဒါတာ။
တမှာ တမှာ မဥ္ဇဋ္ဌကာ၊
နိက္ခမိံ သု ပဘဿရာ။

(၁) ဘန္တေ၊ နီလာရောင် ဖူးအညွန့်တို့ဖြင့် မြူးကွန့်ပါတဲ့ ဘုန်းတော်ရှင်။ ဝဇီရကာယဿ၊ စိန်ဝဇီရာ ထိန်ကြည်ဖြာသို့ စိန်သား စိန်တုံး စိန်ကုံး စိန်ခိုင် စိန်တိုင် စိန်ခဲ စိန်အတွဲသို့

ရှိန်ကွဲမအက် မပျက်မကြေ လက်ဝေစိန်ရည် မှိန်မသိတဲ့ သိင်္ဂီ ရွှေလျှော် အဆင်းတော်နှင့် ဝင်းသော်မာတ်သား ရွှေကိုယ်တော်မြတ်ဘုရား၏။ နီလဝဏ္ဏာနေဟိ၊ မြတ်ဆံပင်တော် မုတ်ဆိပ်တော်နှင့် မျက်လုံးတော် တခိုညိုတော်မူရာ အရပ်သာတို့မှာ။ နီလာဇယာ၊ စိန်နဂါးသွဲ့ တိမ်အလှည့်မှာ ရှိန်နွဲ့ပိုမို ညိုတိုတိုနှင့် ခိုမကာရ်းသာ ညှိုသန်းဖြာ၍ အာကာပျံ့ဝဲ ဖြန့်မြောက်ကြဲအပ်သော အောင်မဲညို ကြာတခိုနှင့် မျက်စဉ်းညိုတနဲ ပုဆိုးညိုတွဲပြီးလျှင် တလွဲ့လွဲ့ခပ်အပ်သော ပတ္တမြားယပ်အညိုနှင့် မာတ်အစိုအမှောင့်ခွင်းသဖြင့် အောင်ခြင်းရှိလှတဲ့ နီလရောင်ခြည်တော်တို့သည်။ (ဝါ) ရောင်ဝါစိမ်းစို စိမ်းပြာလိုနှင့် ညိုရာအရောက် ကတောက်ညိုမှိုင်း ဗြူဒိုင်းခတ္တာ အောင်မဲအပြာနှင့် အောင်မဲအညိုကြာအညိုဖြင့် ခွါညိုရတနာညိုတို့ သာပိုလို့များပါတဲ့ ပုဆိုးညိုလွှာသကဲ့သို့ ငှက်ခါးတောင်တိမ်ညင်းမွှေး ဥဒေါင်းမင်းလည်ရေးနှင့် ရွှေကျေးမင်း တောင်ပံနှယ် ဝင်္သဝဏ်ကျောက်မြတ် ဇောတရည်ဋန္ဒီ ကတ္တီပါကတ္တူစိမ်း သင်တဲ့စိမ်း နဂါးသွဲ့ စိန်မီးပန်းကဲ့သို့ ပြာလဲ့စိမ်းစို ညိုလှတဲ့ နီလရောင်ခြည်တော်တို့သည်။ နိက္ခမိံသု၊ ပဋ္ဌာန်း ဒေသနာ သုံးသပ်ခါမှာ ခုချိန်ကျအောင် အိမ်လုံး တောင်လုံး ပမာဏဖြင့် မြန်းကြွတော်မူကြလေကုန်ပြီ။ နိက္ခမိံသု၊ ထောင်ရာမက ရောင်ဝါကြွလျက် နေလထိန်ဝင်း ရှိန်အလင်းကို နှိမ်နင်းချွေမှုန်း အသရေမဆုံးအောင် ရွှေဘုန်းတော် အလွန့်အလွန်ထူးတာကြောင့် နီလရောင်ခြည်တော် အညွန့်အဖူး တို့သည် ထွက်ခွါ ကွန့်မြူးတော်မူကြလေကုန်သတည်း။

(၂) ဘဒ္ဒေါပီတာရောင် ဖူးအညွန့်တို့ဖြင့် မြူးကွန့်ပါတဲ့ ဘုန်းတော်ရှင်။ ဝဇီရကာယဿ၊ စိန်နှစ်စိန်သွေး စိန်လေး စိန်ထောင် စိန်ရောင်ထိန်လင်း စိန်တသင်းနွယ် ပျက်သွယ်လွန် ကင်း ရွှေဝါရောင်အဆင်းကဲ့သို့ ဝါဝင်းလှငြား ရွှေကိုယ်တော် မြတ်ဘုရား၏။ ပီဘဋ္ဌာနေဟိ၊ မျက်လုံးတော် တဖြာ အရေ လွှာတခန်း ထူးဆန်းဖြာလင်း ဝါဝင်းတဲ့ အရပ်တော်တို့မှာ။ ပီတာ၊ ဝန်းကျင်ပတ်ချာ ဆယ်ဒိသာ၌ ရောင်ဝါ ထွေပြား မဟာလှေကားပန်း စကားဝါ နေကြာပန်းတို့နှင့် ဆေး ဒန်း မြင်းသီလာ မာလာကျိုကျူမှုန့် ဖုံးအုပ်ဝေဟင် ရွှေရည်ယဉ် ဆန်း ရွှေပုဆိုးလွှမ်းသကဲ့သို့ ထူးဆန်းထွေပြား ရွှေသားဗိမာန် ရွှေဗိတာန်တူ စံတဆူဖြင့် ဇမ္ဗူမှုန့်ရွှေ ကြဲဖြန့် လောက ရွှေရောင်အဆင်း အမှောင်ခွင်းသဖြင့် အောင်ခြင်း ရှိလှတဲ့ ပီတရောင်ခြည်တော်တို့သည်။ (ဝါ) ရွှေပဒုံတမူ မဥ္ဇူနော်ဇာ ရွှေဇဝါနှင့် မြင်းသီလာဆေးဒန်း ပန်းမြတ်ရွှေစကားဝါ ရွှေဇဝါတခြား စကားသဇင်နှင့် ဂမုန်းအင် ထပ်တရာ မြတ်နေကြာ နောင်မမှိန်တဲ့ ရောင်ရှိန်ဖဲဝါ ကဲအသာဖြင့် မဟာလှေကား ရွှေပြားမင်းစံ နိဗလံနှင့် ကုက်ုမံမှုန့်ညက် ဖြန့်ကြက်တွေ့ဆန်း ရွှေမီး ။န်း၀ဲသကဲ့သို့ ဲရဲ ိန်လင်း ရွှေဝါ ရောင်ဝင်းလှတဲ့ ပီတရောင်ခြည်တော် တို့သည်။ နိက္ခမိ သုံ ပဋ္ဌာန်း ရွှေစာ ဒေသနာကို ဖွေ့ရှာကာ နှုန်းတော့မှ အိမ်လုံး တောင်လုံး ပမာဏဖြင့် မြန်းကြွတော် မူကြလေကုန်ပြီ။ နိက္ခမိ သုံ မင်းဂိဝါ မမှိုရာဟု ကြည်သာချွှန်း ဘသရေ မဆုံးအောင် ရွှေဘုန်းတော်အလွန့်အလွန် ထူးတာကြောင့်

ပီတရောင်ခြည်တော် အညွန့်အဖူးတို့သည် ထွက်ခွါကွန့်မြူး တော် မူကြလေကုန်သတည်း။

(၃) ဘန္တေ၊လောဟိတာရောင် ဖူးအညွန့်တို့ဖြင့် မြူးကွန့် ပါတဲ့ ဘုန်းတော်ရှင်။ ဝဇီရကာယသ၊ စိန်စစ်နမူ စိန်တူစိန် သားစိန်မျှားမကာဝဇီရသခင်စိန်ဘုရင်ဖြစ်တော်မူငြား စိန်ကိုယ် တော် မြတ်ဘုရား၏။ လောဟိတဌာနေဟိ၊ အသားတော် အသွေးတော်နှင့် မျက်လုံးတော်တဖြာ နီတွေးရာအရပ်တော် တို့မှာ။ လောဟိတာ၊ ဆုန်းမှုန့်ချိပ်ရည် ကမ္ဗလာနီတခန်း ခေါင်ရမ်းမိုးစွေ ပန်းကသစ်အနေကဲ့သို့ ဖြန့်ဝေမိုးလုံး အနီ ရောင်ဖုံး၍ အံ့မဆုံးအမှောင်ခွင်းသဖြင့် အောင်ခြင်းရှိလှတဲ့ လောဟိတရောင်ခြည်တော်တို့သည်။ (ဝါ)ရွှေနာဂရဏီစန္ဒကူး နီနှင့် စာမရီသားမြီးယပ် ခြသေ့ံမြတ်လည်ဆံ ပိုးပရံကျောက် ကုန်း မိုးလုံးပြည့်တိမ်နီ အချိန်မှီနေဝန်းတို့ လျှပ်ပန်းနွယ် စုံတဖြာမို့ ဘုံဝလာကြည်ကြည်မြင့်ရအောင် ပဒုမ္မာနီအပွင့် နှင့် ယုန့်မင့်မျက်လုံး စိန်ဆုံးဟင်္သာပြဒါး ပတ္တမြားကျောက်နီ လောဟိကြက်သွေး ရွှေကျေးနှုတ်သီး သန္တာသီး သန္တာခက် သဘော်ထွက် ပန်းဆီရောင် ငှက်မင်းတောင် ကသစ်ပန်း လယ်ခေါင်ရမ်း မိုးစွေပွင့် ကုက္ကုမ် ပန်းအရင့်တို့ကို မှတ်လွင့် ကြဲဖြန့် တမိုးလုံးပြန့်သကဲ့သို့ ရှုအံ့မဆုံး နိုင်းနှုန်းမမှီ အနီ ရောင်ဝင်းလှတဲ့ လောဟိတ ရောင်ခြည်တော် တို့သည်။ နိက္ခမိံသု၊ နှစ်ဆဲ့ခလေးကျမ်း ရွှေတိုက်ခန်းမှာ ဝိုက်သန်းယှက် ဖြာ တေဇာခြိမ့်အုံး အိမ်လုံးတောင်လုံး ပမာဏဖြင့် မြန်းကြွ တော်မူကြလေကုန်ပြီ။ နိက္ခမိံသု၊ မျက်ပံ့ျပတ္တမြား ဘက်စိ

ရှား၍ မြတ်ဖျားပရမေ့ အစိန္တေ၏ တေဇာချွေမှုန်း အသရေ
မဆုံးအောင် ရွှေဘုန်းတော် အလွန့်အလွန် ထူးတာကြောင့်
လောဟိတ ရောင်ခြည်တော် အညွန့်အဖူးတို့သည် ထွက်ခွါ
ကွန့်မြူးတော်မူကြလေကုန်သတည်း။

(၄) ဘဒ္ဒေ၊သြဒါတရောင်ဖူးအညွန့်တို့ဖြင့် မြူးကွန့်ပါတဲ့
ဘုန်းတော်ရှင်။ ဝဇီရကာသဿ၊ စိန်ဝဇီရ ထိန်ကြည်လှသို့
သိင်္ဂီပရမေ ရွှေအဆင်းကဲ့သို့ ဝါဝင်းလှငြား ရွှေကိုယ်တော်
မြတ်စွာ ဘုရား၏။ သြဒါတဋ္ဌာနေဟိ၊ အရိုးတော်ခတ်
သွားတော်မြတ်နှင့် မျက်လုံးရပ်တဆူ ဖြူရာရာ အရပ်တော်
တို့မှာ။ သြဒါတာ၊ ဝန်းကျင်ပတ်လည် ဝင်းဝင်းကြည်မျှ
ငွေချည်မျှိုးနှင့် ငွေအိုးမှသွန် နို့ရည်မွန်သို့ ငွေလွန်ပိတာန်
ဝေယံတိမ်မြင့် တဝင့်ဝင့်လွှဲ ငွေယပ်နှဲသို့ မှတ်စဲ့ငွေ စမွယ်
သင်းခွေနွယ်ကြက်ရိုး ဂမုံးခတ္တာ ဖြူရောင်ကြာနှင့် တူစွာ
မြတ်လေး ကောင်းကင်ဖွေးသို့ အေးခတ်ဇမ္ဗူ ဖြူရောင်
အဆင်း အမှောင်ခွင်းသဖြင့် အောင်ခြင်းရှိလှတဲ့ သြဒါတ
ရောင်ခြည်တော်တို့သည်။ (ဝါ) စိန်နဂါးထာ တိမ်အလွှာမှာ
ရှိန်ဝါနွဲ့ သူပုလဲဖြူနှင့် တမူဆင်းငွေ သီတင်းဝေသည့် သင်း
ခွေကြာဖြူ မဥ္ဇူဇလပ် ပွင့်ငွေချပ်နှင့် ငွေယပ် ငွေသား
ငွေပြား နဂထာ ငွေဇာဖြန့်ကြက် ငွေရွက်တံခွန် မိုးစွန်ထိန်
လင်း ငွေလမင်းနှင့် ငွေဆင်းစုံညီ ငွေရည်ယဉ်ဆန်း ငွေပန်း
ငွေခိုင် ပုလဲဆိုင်စိန်စစ် ဆန်းသစ်လှညီ နာရကတ္တီအနှစ်
ဖာလ်စစ်ထုတ်ခါ ကုမုဒြာနှင့် မာလာငွေပွင့် ငွေမင့်ငွေတူ
ငွေဖြူရောင် အဆင်းတွေနှင့် ငွေဖြူရောင် ဝင်းလှတဲ့ သြဒါတ

ရောင်ခြည်တော် တို့သည်။ နိက္ခမိ သု၊ နှစ်ဆဲ့လေးကျမ်း ရွှေပဋ္ဌာန်းမှာ့ ဉာဏ်စွမ်းကြည်လာ ရွှေသမ္ဘာဖြင့် တေဇာ ခြိမ့်အုံး အိမ်လုံးတောင်လုံး ပမာဏဖြင့် မြန်းကြွတော်မူကြ လေကုန်ပြီ။ နိက္ခမိ သု၊ ဘော်ငွေ သာခွါ မယှဉ်ရာဟု သံဝါ ဟစ်ကြွေး အောင်သံဝေ ပးလျှက် ပြုဖွေးရောင်မှုန်း အသရေမဆုံးအောင် ရွှေဘုန်းတော် အလွန့်အလွန်ထူးတာ ကြောင့် သြဒါတ ရောင်ခြည်တော် အညွန့်အဖူး တို့သည် ထွက်ခွါ ကွန့်မြူးတော် မူကြလေကုန်သတည်း။

(၅) ဘန္တေ၊မဉ္ဇိဋ္ဌကာ ရောင်ဖူးအညွန့်တို့ဖြင့်မြူးကွန့်ပါတဲ့ ဘုန်းတော်ရှင်။ ဝဇိရကာယဿ၊ စိန်သား စိန်တောင် စိန်ရောင်တမျှ စိန်ပမာဏကဲ့သို့ ဝဇီရပရမေ အစိန္တေထွဋ်ထား ရွှေကိုယ်တော် မြတ်စွာ ဘုရား၏။ တမှာတမှာ၊ သိင်္ဂိစံလို လွန်နုပျိုသည့် ရွှေကိုယ်ထွဋ်ထား မြတ်စွာဘုရား၏ ခါတ်သား ရောင်စို ထိုထိုသော အရပ်ဒေသမှ။ (ဝါ) ဘဝါးတော် နှစ်သွယ်နှင့် စဉ်းငယ်နီရာ အရပ်သာမှာ့။ မဉ္ဇိဋ္ဌကာ၊ မည်း နီ ညို လောင်း ရောယှက်ပေါင်း၍ မှဲမောင်းမှိုင်းအုံ ရီမှုံ ရောင်ဝင်း အမှောင်းခွင်းသဖြင့် အောင်ခြင်းရှိလှတဲ့ မဉ္ဇိဋ္ဌ ကာ ရောင်ခြည်တော်တို့သည်။ (ဝါ) တိမ်ပြာ တိမ်ညွန့် တိမ် လွန့်ရောင်ဖြိုး မိုးခိုးမှုန်းဆင့် ခရမ်းပွင့်နှင့် ထန်းကျင့် ချိပ်ရည် တိမ်ညက်ရည်နှင့် စက်စက်ရည်ပေါင်း သွန်း၍ လောင်းသို့ မောင်းတဲ့ရောင်လျှံ ဘဝင်ပျံ၍ အနဂ္ဃထိန်လင်း တိမ်နဘံချင်းအောင် မောင်းတဲ့ အရောင်ဝင်းလှတဲ့ မဉ္ဇိဋ္ဌကာ ရောင်ခြည်တော်တို့သည်။ (ဝါ) မဉ္ဇိဋ္ဌကာ၊ သန္တာကွန်ရက်

လွန်အယှက်ဖြင့် ညွန်လျက် ကြည်အေး နီတွေးတွေးမို့ ဝေးကွန့်သွယ်စီ နွယ်သာ်ကီ၏ ဖြာစိုင့်ပူး ပုံအထူးဖြင့် ဂုဏ်မြူးကြည်မြင့် ဤအဆင့်တွင် နီရင့်တွေးတွေး နီအသွေး ဖြင့် စွေးစွေးယိုဖိတ်နီအရိပ်ဟု မောင်းချိပ်ရောင်ဝါ အမှောင် ခွါသဖြင့် အောင်ချာဇေယျု အသရေလှုံတော့ ရွှေဘုံကြည် ကြောင်း ပြည်အပေါင်းတွင် နီမောင်းရောင် တံဆိပ်သရ သော မဥ္စိဋ္ဌကရောင်ခြည်တော်တို့သည်။ နိက္ခမိ ံသု၊ အနန္တ နယ သမန္တရွှေစာကို ဖွေရှာကာ မှုန်းတော့မှာ့ အိမ်လုံး တောင်လုံး ပမာဏဖြင့် မြန်းကြွတော် မူကြလေကုန်ပြီ။ နိက္ခမိ ံသု၊ အရောင်ဟူသမျှ မြူမထအောင် သူကခြေမှုန်း နေတန္ထုန်းကဲ့သို့ အသရေမဆုံးအောင် ရွှေဘုန်းတော် အလွန့် အလွန်ထူးတာကြောင့် မဥ္စိဋ္ဌကရောင်ခြည်တော် အညွန့်အဖူး တို့သည် ထွက်ခွါကွန့်မြူးတော်မူကြလေကုန်သတည်း။

မဥ္စိဋ္ဌကာနှင့်စပ်၍ မှတ်သားဖွယ်ကား–

လယ်တီပဏ္ဍိတ ဦးမောင်ကြီး၏ ပါဠိအဘိဓာန်၌ မဥ္စိဋ္ဌ နီမောင်းသောအရောင် ပန်းရောင်နီပြေပြေ။ ဦးမောင်ကြီး ၏ ရောင်တော်ဘွင့်တွင် မဥ္စိဋ္ဌ–ခရမ်းသွေး, မရန်းသွေး။ အဘိဓာနပ္ပဒီပိကာ၌ မဥ္စိဋ္ဌ–အနီ။ အဘယာရာမရွှေဂူ ဆရာတော်၏ အဘိဓာန်နိဿယသစ်၌ မဉ္ဇေဋ္ဌ–အနီ။ မုံရွေးဆရာတော်၏ သမန္တစက္ခုဒီပနီကျမ်း၌ မဥ္စိဋ္ဌ–ခရမ်း ပွင့်ရောင်။ မန်လည် ဆရာတော်ဘုရားကြီးက မဥ္စိဋ္ဌက– နီရင့်တွေးတွေး။ သာမုတ္ထဒီပနီဋီကာကြီး၌ ရတ္တပီတ

ဝဏ္ဏာနံ သမ္မိန္နဋ္ဌာနတော မဉ္ဇိဋ္ဌဝဏ္ဏာ ရသ္မိယော ဉဋ္ဌဟိတွာ အသီတိဟတ္ထံ ဌာနံ အဂ္ဂဟေသုံ။ ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာ၌ မဉ္ဇိဋ္ဌာနန္တိ မန္ဒရတ္တဝဏ္ဏာနံ။ အပဒါနဋ္ဌကထာ၌ မဉ္ဇေဋ္ဌကံ မဉ္ဇိဋ္ဌဝဏ္ဏံ။ အဋ္ဌသာလိနီ အဋ္ဌကထာ၌ မန္ဒရတ္တံ သိန္ဒုဝါရ ကရဝီရ မကုဋ္ဌ သမာနံ မဉ္ဇိဋ္ဌကံ-ဟူ၍ အသီးအသီး မိန့်ဆိုတော်မူခြင်းကြောင့် ဤ ကျမ်းဆရာက (မဉ္ဇိဋ္ဌက) ကို နှစ်သက်အားရမိပါတော့သည်။ သို့အတွက် ဤကျမ်း၌ မဉ္ဇိဋ္ဌကာ- သန္တာကွန်ရက် လွန်အယှက်ဖြင့် ညှန့်လျက်ကြည်အေး နီတွေးတွေးမို့ ဝေးကွန့်သွယ်စီ နွယ်သာကီ၏ ဖြာစီငုံဖူး ပုံအထူးဖြင့် ဂုဏ်မြူးကြည်မြင့် ဤအဆင့်တွင် နီရင့်တွေးတွေး နီအသွေးနှင့် စွေးစွေးယိုဖိတ် နီအရိပ်ဟု မောင်းချိပ်ရောင်ဝါ အမှောင်ခွါသဖြင့် အောင်ချာဇေယျုံ အသရေလှုံတော့ ရွှေဘုံကြည်ကြောင်း ပြည့်အပေါင်းတွင် နီမောင်းရောင်တံဆိပ်သရသော မဉ္ဇိဋ္ဌက ရောင်ခြည်တော်တို့သည်-ဟူ၍ အနက်ပေးလိုက်ပါသတည်း။

(ရောင်တော်ဘွဲ့။ ။ရောင်တော်ဘွဲ့ကြီး ဖြစ်ပေါ်လာရခြင်းသည် ရှေးက ကျမ်းတတ်အကျော် ဆရာတော်ဘုရားကြီးများ ဖြစ်တော်မူကြသော မန်လည်ဆရာတော် မုံရွေးဆရာတော် မဟာဝိသုဒ္ဓါရာမ ဆရာတော် လယ်တီဆရာတော် ဖားကူးဆရာတော်တို့၏ နည်းနာနိဿယများကို အားထား၍ ရေးသားရပါသဖြင့် ရောင်တော်ဘွဲ့ကြီး

နှစ်သက်ဖွယ်ရာ ဖြစ်ပေါ်လာရပါသည်၊ ရှေးဆရာတော်ဘုရားကြီးများ၏ ကျေးဇူးဂုဏ်အနန္တကို ပဏာမပြုပါသည်ဘုရား)။

၆။ ဘန္တေ၊ ပဘဿရရောင် ဖူးအညွန့်တို့ဖြင့် မြူးကွန့်ပါတဲ့ ဘုန်းတော်ရှင်။ ဝဇီရကာဝယဿ၊ စိန်ဝဇီရောင် ထိန်ကြည်ပြောင်သို့ သိင်္ဂီရောင်ဆင်း မှောင်အခွင်းဖြင့် အောင်ခြင်းမင်္ဂလာ ယဉ်သဘာရှိငြား ရွှေကိုယ်တော် မြတ်စွာဘုရား၏။ တမှာတမှာ၊ ပါရမီစုံ စာဂီကုန်ဖြင့် ကြည်ယုံတင့်ဆန်းမြင့်စခန်းတွင် ခွင့်လမ်းဖြာစီ တသာကီမို့ ဇာနည်ထွဋ်ထားမြတ်ဘုရား၏ ထင်ရှားစုံစုံ ဥဏ္ဏာလုံမြတ် မွေရှင်ခတ်နှင့် ပုံဟပ်ဝင်းသစ် သင်းကျစ်ရတနာ ကေသာထွဋ်ဖျား ပတ္တမြားကျင်ဖုရွှေစင်စုဟု ကေတုမာလာ ရောင်လျှံတော်ဟု ဆိုအပ်သောထိုထိုသော အရပ်သာမှာ့။ပဘဿရာ၊ ကဆုန်နွေလ ဖွေ့အဆတွင် ဆွေ့တချင်ဘွယ် ကောင်းကင်လယ်က လျှပ်စစ်နွယ်ယှက်သန်း ထူးဆန်းပြိုးပြက် တခဲနက်ဖြင့် နတ်စက်ရောင်လင်းအမှောင်ခွင်းသဖြင့် အောင်ခြင်းရှိလှတဲ့ ပဘဿရ ရောင်ခြည်တော်တို့သည်။ (ဝါ) လျှပ်စစ်တောက်ခါ သောကြာကြယ်ရောင် တန်ဆောင်နေလ အသရေခသကဲ့သို့ ငါးဝအရောင်စုံတို့ဖြင့် မှောင်အဟုန်ဖြိုလင့်၍ အညိုအရင့် ရွှေအရင့်နှင့် အရင့်ဖြူနီ တူညီစက်ခွင့် သက်တင့်ရောင်သွယ် လျှပ်စစ်နွယ်သို့အံ့ဘွယ်လွန်ဆန်း မီးပန်းအစုံ ရောင်ဟုန်ပြိုးပြက် တခဲနက်ထိန်လင်း လျှပ်စစ်နွယ် အရောင်ဝင်းလှတဲ့ ပဘဿရ ရောင်ခြည်တော်တို့သည်။ နိက္ခမိသု၊ ပဋ္ဌာန်းဒေသနာ ဆင်ခြင်ကာ

မှာ ထင်လာဝေဖုံး အိမ်လုံးတောင်လုံး ပမာဏဖြင့် မြန်းကြွတော် မူကြလေကုန်ပြီ။ နိုကွမိသု၊ ညိုရွှေဖြူနီ သူမမှိုမှ မဟိစက်ဖြန့် သက်တန့်ရောင်နွယ် လျှပ်စစ်နွယ်ပုံ မိုးပန်းစုံဖြင့် ရောင်ဟုန်ဖြန့်မှုန်း အသရေမဆုံးအောင် ရွှေဘုန်းတော် အလွန့်အလွန် ထူးတာကြောင့် ပဘဿရ ရောင်ခြည်တော် အညွန့်အဖူးတို့သည် ထွက်ခွါ ကွန့်မြူးတော် မူကြလေကုန် သတည်း။

၅။ အဲဒါလို–ရတနာဃရ အိမ်တော်မဟာ၌ ခြောက်ဖြာရောင်ခြည် မှောင်မသိဘဲ အောင်စည် ဆော်ပြီးတဲ့နောက် ပဌမ အဇပါလ သတ္တာဟခေါ်တဲ့ ပဌမ အောင်ပွဲသဘင်ကြီးကတော့ မဟာဗောဓိပင်မှာ အရှေ့မျက်နှာ သုံးဆယ်နှစ်လံကွာဒေသ အဇပါလ ညောင်ပင်ရင်း၌ ထန်ပြင်းသော ဝီရိယဖြင့် (ဝိမုတ္တိသုခစံစားပြီး) (၇) ရက်ပတ်လုံး သီတင်းသုံးနေရာ ဒေသကို ပဌမ အဇပါလ သတ္တာဟရယ်–လို့ အမည်တော်ရပါတယ်–တဲ့၊ အဲဒီ သတ္တာဟမှာလဲဘဲ ရောင်ခြည်တော်ဖူးအညွန့်တို့ မြူးကွန့်တယ်လို့ လာပါသေးတယ်၊ ပဌမ အဇပါလ သတ္တာဟမှ ထတော်မူပြီးတဲ့နောက်–။

၆။ ဆဋ္ဌမ မုစလိန္ဒ သတ္တာဟခေါ်တဲ့ ဆဋ္ဌမ အောင်ပွဲသဘင်ကြီးကတော့ မဟာဗောဓိပင်၏ အရှေ့တောင်မျက်နှာငါးဆယ်တလံကွာ (၀၁) နှစ်ဆယ့် ကိုးလံကွာ အရပ်ဒေသတွင် မုစလိန္ဒာ အမည်သာသော ရွှေကြာနံ့လှိုင် ပန်းစုံကြိုင်သည့် အိုင်တော်သာခင်း ကျည်းပင်ကြီး အရင်း၌ သေဋ္ဌနင်းလူ့ဆွေ စမ္ပါယ်တော်မူနေစဉ်အခါ စကြဝဠာ တိုက်အလုံး

လွှမ်းဖုံးမတဘ် ပျံ့နှံ့လျက် မိုးသက်လေကြမ်း အခါမဲ့ရှာသွန်း ဖျန်းလေတော့ ချမ်းအေးလှတဲ့သမယတွင် မုစလိန္ဒာ နဂါး မင်းသည် ဗိမာန်အတွင်းကထွက်ပြီး ဝင်းလက်တဲ့ မြတ်သဒ္ဒါ ဖြင့် မြတ်စွာဘုရားသခင်ကို ဖြူတ်,ခြင်,ယင်ရဲးတို့ မညှဉ်းဆဲး ပါစေနဲ့၊ အပူ,အချမ်း လေကြမ်း, မိုးဖွဲ့တို့ မညှဉ်းဆဲးပါစေနဲ့ အားခဲကာ မြတ်သဒ္ဒါဖြင့် ရတနာဗိမာန်ကြီးကို အပြီးတိုင် ဖန်ဆင်းလျက် ချက်ချင်း လူ့နိုင်ငြားသော်လဲး မြတ်ဘုရား သေဋ္ဌနင်းတဆူကို မိမိကိုယ်ကို အရင်းထူ၍ ကျောင်းအလှ တော်ကြီး လူ့ခြင်းငှာ မိမိကိုယ်ကို ကြီးစွာဖန်ဆင်း၍ တပိုင်း တခွေကို ပလ္လင်အနေခင်းလျက် ခုနှစ်ခွေ အတွင်းမှာ မြတ်စွာ ဘုရားကို သီတင်းသုံးစေပြီး ထွဋ္ဌဘုန်းပရမေ ညွတ်ပြောင်း၍ ဦးခေါင်းထက်မှာ ပါးပျဉ်းမိုးလျက် မိုးမစွတ် စေခြင်းငှာ ကောင်းမွန်စွာလှူဒါန်းတော့ မြူမသန်း အမဘာ ခတ်ဆိုတဲ့ ဖလသမာပတ် ဝင်စားပြီး ထင်ရှားစေ တေဇာဘုန်းဖြင့် ၇-ရက်ပတ်လုံး သီတင်းသုံးတဲ့ နေရာဒေသကို ဆဌမ မုစလိန္ဒ သတ္တာဟရယ်လို့ အမည်တော် ရပါတယ်-တဲ့။ မုစလိန္ဒာအိုင် အနီး ကျည်းပင်ကြီးအရင်း၌ သီတင်းသုံးနေရာ ခုနစ်ရက်မျှ ကြာလျှင်-

၇။ သတ္တမ ရာဇာယတနံ သတ္တာဟ ခေါ်တဲ့ သတ္တမ အောင်ပွဲ သဘင်ကြီးကတော့ မဟာဗောဓိပင်မှ တောင် မျက်နှာ တဆယ့်လေးလံ ကွာသော လင်းလွန်းပင်ရင်း၌ သီတင်းသုံးနေတော်မူရာ ခုနစ်ရက် ကြာလေလျှင် ဘုရားရှင်

ကိုယ်တော်မြတ်သည် ခေတ်သဘာဝ အမှန်ဆုံပြီး မျက်နှာ သစ်လိုသောဆန္ဒ ရှိလေလျှင် သက္ကရာဇာ သူဇာ သက်နှင်း သိကြားမင်းက မှန်ကင်းတဆူ သယမ္ဘူ စိတ်အကြံကို ကေန် သိတော်မူပြီး ကြစုသီးကို ဆက်ကပ် လှူဒါန်းလျက် ကွမ်းရိုး ဒန်ပူနှင့် အရဟံတဆူ မြတ်ဘုရားအား အနေခေတ် ရေစင် များ ဝပ်တွားကာ မြတ်သဒ္ဒါဖြူဖြူနှင့် ကပ်လှူလိုက်တယ်-တဲ့။

ဒါလို သိကြားမင်းကပ်လှူတဲ့ ကြဇုသီး ကွမ်းရိုး ဒန်ပူနှင့် ရေစင်များ သုံးဆောင်တော်မူပြီးစအခါ ရာမည်တိုင်း ဥက္ကလာ ဇနပုဒ် အသိတဥ္စနမြို့သား တပုဿ ဘလ္လိက ညီနောင်တို့ ရည် ဆောင်ကာ မြတ်ဘုရားအား ကြွက်ကြစ်မုံ ပျားဆုပ်များ လှူဒါန်းတော့ ဘုန်းပန်းပရမေ ထိန်ထိန်ဝေသည့် စိန္တေထွန့် ထား မြတ်ဘုရားက နတ်မင်းကြီး လေးပါး ကပ်လှူသော ပဲနောက်အဆင်း ကျောက်ညို သပိတ်လေးလုံးကို တလုံးထည်း ဖြစ် ခိဋ္ဌာန်လစ်သော် အနားလေးရစ်နှင့် သပိတ်တလုံးတည်း ဖြစ်လျှင် ထိုသပိတ်ဖြင့်ခံယူ၍ သယမ္ဘူဘုဥ်းပေးတော် မူပြီး တဆူပရမေ အစိန္တေထံတော်မှာ ဒွေး ဝါစိက သရဏဂုမ်ခံယူ လိုက်တယ်-တဲ့။ သရဏဂုမ် ပြည့်စုံကြပြီး- ကေသီရခေတ် ဆံတော်မြတ်သနားလျက် ထွန်ဖျားပရမေ (၇) ရက် ပတ်လုံး သီတင်းသုံး နေတော်မူရာအရပ်ကို သတ္တမရာဇာယတနသတ္တာ ဟာရယ်လို့ အမည်တော် ရပါတယ်-တဲ့။

သတ္တသတ္တာဟ အောင်သဘင် ဆင်ယင်တော်မူပြား သဗ္ဗညု မြတ်စွာဘုရားကို ဝပ်တွားကာ အဥ္စလီဖြင့် တင်ချီကာ ပဏာမပြီး ဦးတော်သကြဦးစို့-လို့။

## ၉-သတ္တ သတ္တဋ္ဌာန ဝန္ဒနာ

၁။ ပဌမံ ဗောဓိပလ္လင်္ကံ၊
ဒုတိယဉ္စ အနိမိသံ။
တတိယံ စင်္ကမသတ္တာဟံ၊
စတုတ္ထံ ရတနဃရံ။

၂။ ပဉ္စမံ အဇပါလဉ္စ၊
ဆဋ္ဌမဉ္စ မုစလိန္ဒံ။
သတ္တမံ ရာဇာယတနံ၊
အဟံ ဝန္ဒာမိ သဗ္ဗဒါ။

ဘန္တေ၊ သတ္တာဟအောင်သဘင် ဆင်ယင်တော်မူတဲ့ မြတ်စွာဘုရား။ ပဌမံ၊ သိဒ္ဓိဇေယျ ပဌမ မင်္ဂလာဌာ။ ဗောဓိပလ္လင်္ကံ၊ အဝိဇ္ဇာနှင့် တဏှာမူလ ပဋိစ္စကို အရဟတ္တမဂ် စိန်သံလျက်ဖြင့် ပယ်ဖျက်ခုတ်ထွင် သုမ်သင်ရှင်းလင်း အောင်ခြင်းမင်္ဂလာ တရာသံတောင် အမြင့်ဆောင်သည့် ရွှေညောင်ဗောဓိ ထွန်းသီရိ၏ တည်ရှိရွှေမှန် တလံခြားကွာ အရပ်သာဌာ ရတနာစုံ ခြုံးအုံခြုံးနွယ် လွန်ဆန်းကြွယ်သား တဆယ့်လေးတောင် အမြင့်ဆောင်၍ အရောင်ခြောက်ဖြာ အပရာဇိတေပလ္လင်ဘွေ၌ စံနေမိဌာန် ပါရမီဉာဏ်ဖြင့် ငါးမာရ်ချေမှုန်း နေတန္နုန်းကဲ့သို့ ရွှေဘုန်းတော်ပရမေ စံနေတော်မူရာ အရပ်သာကိုရင်း။

ဒုတိယံ၊ သိဒ္ဓိဇေယျ ဒုတိယမင်္ဂလာဌာ။ အနိမိသံ၊ ဗောဓိမြောက်ယံ ပလ္လင်ပုံမှာ ဆယ့်လေးလံကွာ အရပ်သာဌာ

စက်လှသာခြေစုံ ရပ်ပြီးတုံမှု ရောင်စုံတင့်ဆန်း ပလ္လင်နန်းကို ဖြောင့်တန်းစက္ခု စိမ်းစိမ်းရှုလျက်သုံးလူ့အောင်ထိပ် ငါးမာရ် နှိပ်သည် မမိုတ်သောမျက်စိ ပကတိဖြင့် ရှုကြည့်တော်မူရာ အရပ်သာကိုရင်း။

တတိယံ၊ သိဒ္ဓိဇေယျ တတိယမင်္ဂလာဥ္။ စင်္ကမသတ္တာဟံ၊ ရွှေညောင်ဗောဓိ အပရာဇိနှင့် အနိမိသအကြား မြောက်ယံ ဖျားတွင် ရွှေနောက်လျှားရှ် စံစားဘုန်းခေါင် အတောင် ခြောက်ဆယ် အံ့ဘွယ်ဖန်ဆင်း စင်္ကြံတွင်း၌ ရှင်မင်းပရမေ စံနေတော်မူရာ အရပ်သာကိုရင်း။

စတုတ္ထံ၊ စတုတ္ထမင်္ဂလာဥ္။ ရတနဃရံ၊ ဗောဓိအောင်ရာ ရွှေညောင်သာနှင့် ကောင်းစွာမဖြောင့် နောက်မြောက် ထောင့်ဝယ် ဘုန်းကြောင့်သွယ်သွယ် တောင်လေးဆယ်တွင် အံ့ဘွယ်ဖြစ်လာ ရတနာဃရ ဒေဝဖန်ဆင်း ရွှေအိမ်တွင်း၌ သေင့်နှင်းမြတ်စွာ ဘိမ္မောကို ကောင်းစွာထင်ထင် ဉာဏ်ဖြင့် ယှဉ်လျက် ဆင်ခြင်တုံမြောက် ဘုန်းတော်တောက်၍ ခြောက် ရောင်ကွန့်မြူး ဖူးအညွန့်ဖြင့် ထူးလွန့်စံရာ ရတနာဃရ အိမ် တော်မဟာကိုရင်း။

ပဉ္စမံ၊ သိဒ္ဓိဇေယျ ပဉ္စမမင်္ဂလာဥ္။ အဇပါလံ၊ဗောဓိပင်မှ ရွှေခွင်ပြူဗ္ဗာ ရပ်ဒိသာဝယ် သုံးဆယ်နှစ်လံ ကွာမြဲမှန်လျက် တေဇတင့်ညောင်း ညောင်ဆိပ်ကျောင်း၌ ပျော်အောင်း ပရမေ စံနေတော်မူရာ အရပ်သာကိုရင်း။

ဆဋ္ဌမံ၊ သိဒ္ဓိဇေယျ ဆဋ္ဌမ မင်္ဂလာဥ္။ မုစလိန္ဒံ၊ ရတနာ ရောင် ရှုတိုင်းပြောင်သည့် တောင်ခပ်ကွေ့မှန် ငါးဆယ့်

တလံတွင် ပြင်းထန်သွယ်ဖြိုး ရှ၃သည့်မိုးကို တန်ခိုးတေဇာ ကြေညာထန်ပြင်း နဂါးမင်းသည် ဆီးနှင်းပေါက်လောက် မရောက်စေငှာ ပါးပျဉ်းကာလျက် ချမ်းသာရိပ်မြုံ ပျော်ပိုက်လှုံသည့် မုစလိန္ဒာ ရွှေကြာနံ့ကြိုင် ပန်းစုံလှိုင်သည့် အိုင်တော်သာခင်း ကျည်းပင်ရင်း၌ သီတင်းရောင်လျှမ်း အောင်တနန်းဖြင့် စံမြန်းတော်မူရာ အရပ်သာကိုရင်း။

သတ္တမံ၊ သိဒ္ဓိဇေယျ သတ္တမ မင်္ဂလာ၌။ ရာဇာယတနံ၊ ငါးမာရ်အောင်ခင်း ညောင်တမင်း၏ ရောင်ဝင်းသွယ်သွယ် လေးဆယ်အလံ တောင်ရပ်ဌာန်တွင် ဘုန်းလျှံပရမေ ကိုယ်ထည်းနေ၍ ဒေဝါထွင်ရှဖျား ရှင်သိကြားသည် လှူငြားလာပြုကြဇုဒ်နံ့ပူ ကြည်ဖြူလေးမြတ် အနေ၁တတ်နှင့် အေးခ၁တ်ရေကြည် သုံးဆောင်မှီ၍ ဂုဏ်ရည်လောက ဒေဝထင်ရှား နတ်လေးပါးလည်း လှူငြားလာရိပ် သပိတ်လေးလုံး မိဋ္ဌာန်သုံး၍ တလုံးထည်းဖြစ် နဒးလေးရစ်နှင့် ဖြစ်ပြီတုံမှ၁ တပုဿနှင့် ဘလ္လိကလှူဒါန်း ပျားမုန့်ဆွမ်းကို အားစွမ်းအင်မျှ ဘုဉ်းပေးရလျက် လောကပရမေ မြတ်စိန္တေလျှင် စံနေတော်မူရာ လင်းလွန်းပင် အရပ်သာကိုရင်း။အဟံ၊ သတ္တသတ္တာဟ ညွတ်ခ ကော်ရော် တပည့်တော်သည်။ သဗ္ဗဒါ၊ နေ့နေ့ညည သတိရတိုင်း။ ဝန္ဒာမိ၊ ယုံကြည်ဟ္ဝစ္စာ မြတ်သဒ္ဓါဖြင့် ခါခါရိုကျိုး လက်စုံမိုး၍ ရှိခိုးပါ၏ အရှင်ဘုရား။ ဝန္ဒာမိ၊ မြတ်စွာအမှန် အသိတမျိုးပေမို့ သတ္တဋ္ဌာန် အရှိ တန်ခိုးမှယ်ကြောင့် ရှိခိုးလိုက်ရပါတော့သည်ဘုရား။

## ၁၀-သိဒ္ဓိဇေယျ ပဏာမ မင်္ဂလာ

ဗောဓိပလ္လင်္ကံ အနိမိသံ၊ စင်္ကမံ ရတနဃရံ။
အဇပါလံ မုစလိန္ဒံ၊ ဝန္ဒေ တံ ရာဇာယတနံ။

ဘန္တေ၊ သိဒ္ဓိဇေယျာဖြင့် တေဇာညွန့်ပါတဲ့ မြတ်စွာဘုရား။ ဗောဓိပလ္လင်္ကံ၊ အပရာဇိတရွှေပလ္လင် အောင်မြင်တော်မူသော မြတ်စွာဘုရား။ အနိမိသံ၊ ဗောဓိပင်နှင့် ရွှေပလ္လင်ကို ရှုမြင်တော်မူသော မြတ်စွာဘုရား။ စင်္ကမံ၊ ရတနာစင်္ကြံလမ်း၌ ကြွမြန်းတော်မူသော မြတ်စွာဘုရား။ ရတနဃရံ၊ ရတနာဃရ အိမ်တော်မဟာ၌ အဘိဓမ္မာကို ဆင်ခြင်တော်မူသော မြတ်စွာဘုရား။အဇပါလံ၊ အဇပါလ ညောင်မဟော်၌ စံနေတော်မူသောမြတ်စွာဘုရား။ မုစလိန္ဒံ၊ မုစလိန္ဒာ အိုင်အနီး ကျည်းပင်ကြီးအရင်း၌ မြတ်မင်းတို့ပရမေ စံနေတော်မူသော မြတ်စွာဘုရား။ရာဇာယတနံ၊ ရာဇာယတန သတ္တာဟော်၌စံနေတော်မူသောမြတ်စွာဘုရား။ တံ၊ ထိုမြတ်စွာဘုရား ထွဋ်ဖျားပရမေ အောင်နေတော်မူခြင်းကို။ အဟံ၊ ဘုရားတပည့်တော်သည်။ ဝန္ဒေ-ဝန္ဒာမိ၊ သဒ္ဓါရိုကျိုး လက်စုံမိုး၍ ရှိခိုးပါ၏အရှင်ဘုရား။ ဝန္ဒေ-ဝန္ဒာမိ၊ နောင်သော်တဆူဖူးသနော်တသသရယ်နှင့် အောင်တော်မူ အထူးမျှော် အဆတွေကြောင့် ဦးတော် သလိုက်ရပါတော့သည်ဘုရား။

မှတ်ချက်။ ။လောဟိတကာနန္တိ ဣန္ဒဂေါပက ဝဏ္ဏာနံ-ဟု ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာဘွင့်ပါသည်။ ဣန္ဒဂေါပကကို

ရွှေဥမင် ဆရာတော်က သိကြား စောင့်ရှောက် သွေးပေါက်သန္တာန် ပိုးပရန်ဟု ဘာသာပြန်ပါသည်။

ပဘာဿရဝဏ္ဏော ဝိသုံ အဝိဇ္ဇမာနေပိ ဝုတ္တေသု ပဉ္စသု ဝဏ္ဏေသု ယေဃေ ပဘာဿမုစ္စလာ-ဟု ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာ မိန့်သောကြောင့် ရွှေအရောင် ၅ ငါးမျိုးကို ပဘာဿရ ဆိုပါသည်။ ပဘာဿရ၏ ဖြစ်ရာကို ဉဏ္ဏနခါဒီဟိ-ဆိုသဖြင့်ဉဏ္ဏလုံမွေရှင်တော်နှင့် ခြေသည်း လက်သည်းတို့မှာဖြစ်ပါသည်။

ကေတုမာလာ ရောင်လျှံတော်အတွက် မှတ်သားချက်ကား။ ။နာနာဝိရာဂဝိမလကေတုမာလာ သမုဇ္ဇလိတ စာရုမတ္ထကသောဘံ နယနရသာယနမိဝ ဗြဟ္မဒေဝမနုဇ နာဂ ယက္ခဂဏာနံ ဗုဒ္ဓရူပံ ပဿန္တော သတ္တာဒိဝသာနိ အက္ခိပူဇံ နာမ အကာသိ။ ။ပါရာဇိကဏ်အဋ္ဌကထာ။ ယင်းအဘွင့် သာရတ္ထ ဒီပနီ ဋီကာကြီး၌ ဝိမလကေတုမာလာတိ ဧတ္ထ ကေတုမာလာနာမ သီသတော နိက္ခမိတွာ ဥပရိမုဒ္ဓနိ ပုဉ္ဇော ဟုတွာ ဒိဿမာနရသ္မိရာသီတိ ဝဒန္တိ။ (ဦးခေါင်းတော် ထက်၌ အစုအပုံ သဏ္ဌာန် ရောင်လျှံတော်မြွတ်)။ မုဒ္ဓနိမဇ္ဈေ ပညာယမာနော ဥဏှီ တပ္ပဒေသောတိပိ ဝဒန္တိ။ ။သာရတ္ထဒီပနီဋီကာ။ ။ (မြင့်မောက်နေသည့် ပုံတော်)။ ။ကေတုမာလာဟု သီသတော ဥဋ္ဌဟိတွာ ဌိတော သြဘာသ ပုဉ္ဇောတိ ဝဒန္တိ။ ။ဝဇိရဗုဒ္ဓိဋီကာ။ (ရောင်လျှံတော်အစုအပုံ)။

ဇိနာရလက်ာရဋီကာ၊ ဝိဇာတမင်္ဂလဝဏ္ဏနာတွင် ဘွင့် လာသော လက္ခဏာတော်ငယ် (၈၀)၌ ကေတုမာလာရ တနဝိစိတ္တတာ-ဟူသည် (ရတနာအစု ရောင်လျှံတော်ပုံ) ပင် ဖြစ်ပါသည်။ ။ကျေးဇူးရှင် ဖားကူး ဆရာက မဟာထေရာ စိဏ္ဏဇာတ်တွင် (ရောင်လျှံတော်)ဖြစ်သည်။ ရောင်ထုံးတော် မဟုတ်ဟု ဆုံးဖြတ်တော်မူသည်။

## တပုဿနှင့် ဘလ္လိကညီနောင်မှတ်ဘွယ်

ဝိနည်းမဟာဝါ ပါဠိတော်ကြီး၌ တပုဿနှင့် ဘလ္လိက ဥက္ကလာဇနပုဒ်။ ။အဗဒါန် အဋ္ဌကထာယင်းနှဲတူ။ ။ အင်္ဂုတ္တရနိကာယ ကေကနိပါတနှင့် ဆက္ကနိပါတ၌တပုဿ ဘလ္လိက။ ။ကေနိပါတ အဋ္ဌကထာ၌ အသိတဉ္ဇနမြို့။ ။ လေးထပ်ဆရာတော်က ရာမညတိုင်း ဥက္ကလာပဇနပုဒ် ပေါက္ခရဝတီမြို့ တဖုဿ ဘလ္လိက။ ။ရွှေတိဂုံ စေတီ တော်ကြီး သမိုင်းချုပ်၌ ပေါက္ခရဝတီ အသိတဉ္ဇနမြို့ သုဝဏ္ဏသူဌေးကြီးသား တပုဿ ဘလ္လိက။ ။မုံရွေး ဆရာတော်က ပေါက္ခရဝတီ အသိတဉ္ဇနဟု အမည်နှစ်မျိုး တွင်ဘူးကြောင်း ယူသင့်သည် ဆိုတော်မူသည်။ ။မှန် ရာဇဝင်ဆရာ စစ်ကဲးကြီး ဦးနော်က တဖုဿ ဘလ္လိက။ အရှေ့အရပ်က အသိတဉ္ဇနမြို့နှင့်- မြစ် (သံလျင်မြို့နှင့် ဒေါပုံမြစ်)။ တောင်အရပ်က ပေါက္ခရဝတီ မြို့နှင့်မြစ်။ (ကွမ်းဒေးမြို့နှင့် ကွမ်းဒေးမြစ်)။ အနောက် အရပ်က ရမ္မာနဂရမြို့နှင့်မြစ်။ (ဝါးတရာမြို့နှင့် ဝါးတရာမြစ်)။

မြောက်အရပ်က တရိဟာကူမ္မမြို့နှင့်မြစ်။ (ဘောင်လင်မြို့နှင့် ငမိုးယိုးရိပ်မြစ်)ဟူ၍ အသီးအသီးဆိုလေသည်။ ။ သုတ ရှာမှီးသူများ အတွက် ရေးသားချက် ဖြစ်ပါသတည်း။

## ၁၁-ရောင်ခြည်တော်ဘွဲ့ကဗျာ (၈-လုံးဘွဲ့)

၁။ စိန်နဂါးသွဲ့-တိမ်လှည့်ညိုရောင်၊
ကြာညိုထုံသင်း-ဘုံတွင်းရိမ့်မှောင်။
နေတနှုန်းသို့-ရွှေဘုန်းကြည်အောင်၊
ဖူးမဝ-ဦးချနီလာရောင်။

၂။ ရွှေဝါရောင်ဝင်း-ရွှေဆင်းရွှေရောင်၊
ရွှေပဒုံပန်း-ရွှေနန်းရွှေဆောင်။
နေတနှုန်းသို့-ရွှေဘုန်းကြည်အောင်၊
ဖူးမဝ-ဦးချပီတာရောင်။

၃။ နာရဏီရွှေသား-ပတ္တမြားနီရောင်၊
ပဒုမ္မာနီဆန်း-ကြည်လျှမ်းပြည့်ဘောင်။
နေတနှုန်းသို့-ရွှေဘုန်းကြည်အောင်၊
ဖူးမဝ-ဦးချလောဟိရောင်။

၄။ ဘော်ငွေဖြူဝင်း-ဇမ္ဗူတွင်းဖြူရောင်၊
ကြာဖြူရောင်လျှမ်း-အောင်ခန်းပြည့်ဘောင်။
နေတနှုန်းသို့-ရွှေဘုန်းကြည်အောင်၊
ဖူးမဝ-ဦးချဩဒါရောင်။

၅။ တိမ်ပြာတိမ်ညွန့်–တိမ်လွန့်မှောင်မှောင်၊
တိမ်တောင်နေသန်း–ဝေလျှမ်းနီရောင်။
နေတန္ခိုးသို့–ရွှေဘုန်းကြည်အောင်၊
ဖူးမဝ–ဦးချမဥ္ဇိဋ္ဌရောင်။

၆။ လျှပ်ပန်းတောက်စ–သောကြကြယ်ရောင်၊
တန်ဆောင်နေဝန်း–ထိန်ထွန်းပြောင်ပြောင်။
နေတန္ခိုးသို့-ရွှေဘုန်းကြည်အောင်၊
ဖူးမဝ–ဦးချပဘဿရရောင်။

**ဂုဏ်တော်ဘွဲ့နှင့်ရောင်တော်ဘွဲ့။** ။ဂုဏ်တော်ဘွဲ့နှင့် ရောင်တော်ဘွဲ့ဟု ဂုဏ်မြင့်ဝေဖြာ ဤကျမ်းစာကြီး ကောင်းစွာဖြစ်ပေါ်လာရခြင်းသည် ရှေးက ကျမ်းတတ် အကျော် ဆရာတော်ဘုရားကြီးများ ဖြစ်တော်မူကြသော လေးထပ်ဆရာတော် မန်လည်ဆရာတော် မုံရွေးဆရာတော် မဟာဝိသုဒ္ဓါရုံ ဆရာတော် လယ်တီဆရာတော် ညောင်လေးပင်တောရဆရာတော် အစရှိတော်မူကြသော ဆရာတော် ဘုရားကြီးများ၏ နည်းနာနိဿယများကို အားထားသမှု မှီငြမ်းပြု၍ ရေးသားရပါသည်။ ရှေးဆရာတော်ဘုရားကြီးများ၏ အားထားထိုက်သော မူဝါဒကို မပျောက်ပျက်ရအောင် ကြိုးစားရခြင်း ဖြစ်ပါသည်။ အထူးသဖြင့်ကျေးဇူးရှင် ဖားကူးဆရာတော်၏ကောင်းစွာ ပြသ အာစရိယ လဒ္ဓေါပဒေသ အာစရိယတ္ထမုဋ္ဌိ ရရှိပါ သဖြင့် ကောင်းလှသော ဤကျမ်းစာ အဘွဲ့ကြီးသည်

ဂုဏ်တင့်ခေတ်မှာ ဖြစ်ပေါ်၍ လာရပါသတည်း၊ ကျမ်းတတ်အကျော် ဆရာတော်ဘုရားကြီးများ၏ ကြီးမားကုံလုံ ပညာဂုဏ် အနန္တတို့ကို ပဏာမ ပြုပါသည် ဘုရား။

အရှင် ဦးခေမာစာရ
ကျမ်းပြုဆရာ။

# (၉) ဝိစိတြဝန္ဒနာ

## ၁-ရဟန္တာများကန်တော့ခဏ်း

## ပရပ္ပသာဒကမထေရ် ပဏာမ(ကန်တော့ခဏ်း)

၁။ ဝသုဓာ ယထာပ္ပမေယျာ၊
စိတ္တာ ဝနဝဋံသကာ။
တထေဝ သီလံ ဗုဒ္ဓဿ၊
ကော ဒိသွာ နပ္ပသီဒတိ။

စိတ္တာ၊ နတ်ပန်းချီအစွမ်း ရေးခဏ်းမလွယ် ဆန်းကြြယ်လှပေထသော။ ဝနဝဋံသကာ၊ တောတည်းဟူသော ဦးဆောက်ပန်းရတနာရှိတော်မူထသော။ (ဝါ) မြိုင်နန်းရဂုံ ခိုင်ပန်းစုံဟု ကြိုင်လှံ့ထုံ့ထူး အမြိုက်ဆန်းသဖြင့် ဦးစိုက်ပန်း ရတနာရှိတော်မူထသော။ သုဓာ၊ ကြက်သရေဝေဖြာတဲ့ မြေရတနာကြီးသည်။ အပ္ပမေယျာ၊ သဘာဝအတိုင်းဆင်သဖြင့် မနှိုင်းယှဉ်နိုင်သည်။ ယောတိယထာ၊ ဖြစ်သကဲ့သို့။ တထေဝ၊ ပမာမျိုးယူ ထို့အတူသာလျှင်။ ဗုဒ္ဓဿ၊ ဗုဒ္ဓရတနာ မြတ်ဘဂဝါ၏။ သီလံ၊ ပါရမီကြည်မြသော သီလရတနာကြီးသည်။ အပ္ပမေယံ၊ ပါရမီအတိုင်းဆင်သဖြင့် မနှိုင်းယှဉ်နိုင်လှပါဘုရား။ တံဗုဒ္ဓံ၊ သီလတည်းဟူသော ဦးဆောက်ပန်းရတနာ ဆင်မြန်းပါသော မြေပထဗျာအသွင် ဘုရားရှင်ကို။ ဒိသွာ၊ အဥ္စလီအထူးဆင်၍ ဖူးမြင်ရသည်ရှိသော်။ ကော၊ အဘယ်တမူ နတ်နှင့်လူသည်။ နပ္ပသီဒတိ၊ မကြည်ညိုနိုင်ဘဲရှိပါအံ့နည်း။ (ဝါ) ကြည်ညိုလှပါတိတော့သည်ဘုရား။

## ဉာဏသညိကမထေရ် ကန်တော့ခန်း

၂။ နမော တေ ပုရိသာ ဇည၊
နမော တေ ပုရိသုတ္တမ။
ဉာဏေန တေ သမော နတ္ထိ၊
ယာဝတာ ဉာဏမုတ္တမံ။

ပုရိသာဇည၊ ပုရိသအာဇာနည် မြတ်စွာဘုရား။ တေ၊ ရှင်ပင်ဘုရားအား။ နမော၊ မြတ်သဒ္ဒါရိုးကျိုး၍ ရှိခိုးပါသည်ဘုရား။ ပုရိသုတ္တမ၊ ယောကျ်ားမြတ် မြတ်စွာဘုရား။ တေ၊ အရှင်မြတ်အား၊ နမော၊ မြတ်သဒ္ဒါရိုကျိုး၍ ရှိခိုးပါသည်ဘုရား။ ယာဝတာ၊ အကြင်မျှလောက်။ ဉာဏံ၊ ဉာဏ်တော်မြတ်သည်။ ဥတ္တမံ၊ အတုအယောင် မကပ်သဖြင့် မြတ်တော်မူလှပါပေ၏။ တာဝတာ၊ ထိုမျှလောက်။ တေ၊ ဉာဏ်တော်ပိုင်ရှင် မြတ်သခင်၏။ ဉာဏေန၊ ဉာဏ်တော်နှင့်။ သမော၊ ဇမ္ဗူတလွှားမှာ အတူထားစရာတရားသည်။ နတ္ထိ၊ ဘုံသုံးသရာ အသိခရိုင်မှာ မရှိနိုင်တော့ပါ ဘုရား။

မှတ်ချက်။ ။ထေရာပဒါန်ပါဠိတော် မြန်မာပြန်တွင် ကျန်နေ၍ အနက်အပြည့်အစုံ သမ္ဘန်လိုက်ပါသည်။

## ထောမကမထေရ် ကတော့ခန်း

၃။ နမော တေ ပုရိသာဇည၊
နမော တေ ပုရိသုတ္တမ။
ဗဟုဇ္ဇနံ တာရယသိ၊
ဒေသေန္တော အမတံ ပဒံ။

ပုရိသာဇည၊ ယောကျ်ားမြတ် အာဇာနည် ဖြစ်တော်မူငြား မြတ်စွာ ဘုရား။ တေ၊ အာဇာနည် ထွတ်ထား မြတ်ဘုရားအား။ နမော၊ ရှေ့ပဒုံတင်ချီ၍ အဉ္စလီပြုလိုက်ပါသည် ဘုရား။ ပုရိသုတ္တမ၊ ထောက်ထားစရာ သကတ်တပါး ဟာမို့ ယောကျ်ားမြတ် မြတ်စွာ ဘုရား။ တေ၊ အမြတ်သခင် မြတ်အရှင်အား။ နမော၊ ရှေ့ပဒုံတင်ချီ၍ အဉ္စလီပြုလိုက်ပါသည် ဘုရား။ အမတံပဒံ၊ စေတနာသန့်သန့်ဖြင့် မသေရာမှန်တဲ့ နိဗ္ဗာန်ကို။ ဒေသေန္တော၊ ဟောကြားတော်မူလျက်။ တံ့၊ ရှင်တော်မြတ် ဘုရားသည်။ ဗဟုဇ္ဇနံ၊ မလေးဩဃ ရေပင်လယ်၌ သေချင်ဘွယ် မျောနေကြတဲ့သူကို။ တာရယသိ၊ ခါယခုမှာ တကယ်မြင်၍ မဟာကရုဏာသွယ်ဆင်သဖြင့် ကယ်တင်တော်မူလိုက်ပါသည်ဘုရား။

**အာသနသဏ္ဌဝိကမထေရ် ကန်တော့ခဏ်း**

၄။ နမော တေ ပုရိသာဇည၊
နမော တေ ပုရိသုတ္တမ။
သဗ္ဗညုသိ မဟာဝီရ၊
လောကဇေဋ္ဌ နရာသဘ။

ပုရိသာဇည၊ ယောကျ်ားမြတ် တသာကီမို့ အာဇာနည် ဖြစ်တော်မူသော မြတ်စွာ ဘုရား။ တေ၊ ရှင်တော်မြတ် ဘုရားအား။ နမော၊ အဉ္စလီရိုကျိုး၍ ရှိခိုး လိုက်ပါသည် ဘုရား။ ပုရိသုတ္တမ၊ ယောကျ်ားမြတ် ဘုန်းတော်ရှင်။ တေ၊ ဘုန်းတော်ထွဋ်ထား မြတ်ဘုရားအား။ နမော၊ အဉ္စလီရိုကျိုး

၍ ရှိခိုးလိုက်ပါသည် ဘုရား။ မဟာဝီရ၊ ကြီးမြတ်သော လုံ့လရှိတော်မူပေထသော။ လောကဇေဋ္ဌ၊ လောက၏ အကြီး အမှူး မကိုဋ္ဌတဦး ဖြစ်တော်မူပေထသော။ နရာသဘ၊ လူအပေါင်းတို့ထက် မြတ်တော်မူငြားအရှင်ဘုရား။ တံ့၊ ရှင်ပင် ဘုရားသည်။ သဗ္ဗညူ၊ မြတ်တရား စုံအလင်ကို ကုန် အစင် သိတော်မူတတ်သည်။ အသိ၊ ဖြစ်တော်မူပါပေ၏။ အသိ၊ အမတဖန်သမ္ဘာ, ဓမ္မံ အမြင်ရပြန်တော့ ဘဝသံသရာ, မစံချင်လှသဖြင့် အမှန်ပင် ဖြစ်ရပေတော့သည် ဘုရား။

**သဗ္ဗကိတ္တိမထေရ် ကန်တော့ခဏ်း**

၅။ သမုဒ္ဒရံသိမံ လောကံ၊
ဩဃတိဏ္ဏ မဟာမုနိ။
ဉာဏာလောကေန ဇောတေသိ၊
နာဝင္ဂံ ဉာဏမုတ္တမံ။

မဟာမုနိ၊ မုနိတကာတို့၏ ထွဋ်တင် မြတ်အရှင်။ တံ့၊ ရှင်ပင်ဘုရားသည်။ ဩဃတိဏ္ဏ ဩဃတိဏ္ဏော၊ ဝဲဩဃ သံသရာမှ အမှန်သာလွတ်တော်မူသည်ဖြစ်၍။ ႗ဣမံလောကံ၊ ပြောစမှတ်ကြုံစရာဆိုတဲ့ ဤလောကဓာတ်ဘုံ မဟာကြီးကို။ သမုဒ္ဒရံသိ၊ ဒုက္ခကိုတကယ်မြင်သဖြင့် ကောင်းစွာ ကယ်တင် တော်မူနိုင်ပါပေ၏။ ဉာဏာလောကေန၊ ဉာဏ်တော်မြတ် အလင်းရောင်ဖြင့်။ ဇောတေသိ၊ အမှောင်တွေကွန်းမဆောက် နိုင်အောင် ထွန်းတောက်တော် မူပါပေ၏။ ဉတ္တမံ၊ အတုမရှိ မြတ်လှပေထသော။ ဉာဏံ၊ ပါရမီ ဓာတ်အစဉ်ဖြင့် ဉာဏ်

တော်မြတ် အမြင်ကြီးသည်။ နာ၀ဋ္ဋံ၊ အတားအဆီးတွေနှင့် အားနည်း စဘွယ် အရိပ်မြင်အောင် မပိတ်ပင်နိုင်တော့ပါ ဘုရား။

ဥဒေနမထေရ် ကန်တော့ခဏ်း

၆။ တ၀ ဉာဏေန သဗ္ဗညု၊
တာရေသိ ဇနတံ ဗဟုံ၊
တ၀ ဒဿန မာဂမ္မ၊
ဒုက္ခဿန္တံ့ ကရိဿရေ။

သဗ္ဗညု၊ သဗ္ဗညုတ ဉာဏ်တော်သခင် မြတ်ရှင်ပင်။ တ၀၊ ရှင်ပင်ဘုရား၏။ ဉာဏေန၊ ဉာဏ်တော်မြတ်ဖြင့်။ ဗဟုံဇနတံ၊ သံသရာနဒီဦးမှာ မကူးနိုင်ကြတဲ့ လူအပေါင်းကို။ တာရေသိ၊ သံသရာနဒီဦးမှာ ကူးစေတော်မူခဲ့ပါပြီ။ တ၀၊ ဉာဏ်တော် သခင် မြတ်အရှင်အား။ (၀ါ) မြတ်အရှင်ကို။ ဒဿနံ၊ အဉ္စလီဦးတသသရယ်နှင့် ဖူးရပါခြင်းကို။ အာဂမ္မ၊ အကောင်း တခု အကြောင်းပြု၍။ ဒုက္ခဿန္တံ၊ သတ္တ၀ါတွေ မျှပ်နေကြ ရတဲ့ ဒုက္ခ၏အဆုံးကို။ ကရိဿရေ၊ တရားဂုဏ်အစုစုပိုင်သဖြင့် ပြုနိုင်ကြရပါကုန်အံ့ ဘုရား။

ဉာဏတ္ထ၀ိကမထေရ် ကန်တော့ခဏ်း

၇။ တမန္ဓကာရံ ၀ိဓမံ၊
မောဟဇာလသမာကုလံ။
ဉာဏာလောကံ ဒဿေတွာန၊
နိတ္တိဏ္ဏောသိ မဟာမုနိ။

မဟာမုနိ၊ မုနိထွဋ်ထား မြတ်ဘုရား။ တို့၊ ရှင်ပင် ဘုရားသည်။ တမန္တကာရ၊ မောဟတသိုက် အမှောင်တိုက်ကြီးကို။ ဝိဓမံ၊ ပယ်ဖျောက်တော်မူလျက်။ မောဟဇာလသမာကုလံ၊ မောဟကွန်ရက် လွှန်အယှက်ဖြင့် နှောင့်ယှက် ရှုပ်ထွေးနေကြသူ များဗိုလ်လူကို။ ဉာဏာလောကံ၊ ဉာဏ်တော်'မီးမောင်းအလင်းကောင်းကို။ ဒဿေတွာန၊ လမ်းမမှား ရအောင်ပြပြီးတော်မူလျက်။ နိတ္တိဏ္ဏော၊ သံသရာနယ်တခွင်မှာ ကယ်တင်တော် မူလိုက်သည်။ အသိ၊ ကရုဏာဂုဏ် အစစ်တွေကြောင့် ဖြစ်ရပါပေတော့သည် ဘုရား။

**သယံပဋိဘာနိယမထေရ် ကန်တော့ခဏ်း**

၁။ အာဟာနန္တံ ဓမ္မဘေရိံ၊
မဒ္ဒန္တံ တိတ္ထိယောဂဏော၊
သီဟနာဒံ ဝိနဒန္တံ၊
ကော ဒိသွာ နပ္ပသီဒတိ။

ဓမ္မဘေရိံ၊ တရားငွေစည် မြိုက်မဟီကို။ အာဟာနန္တံ၊ သောင်းစက္ကဝါ ကျော်လွှမ်းအောင် ဆော်ရွှမ်းတော် မူပေထသော။ တိတ္ထိယောဂဏော၊ ကောင်းရာကို မရိပ်မိနိုင်ကြတဲ့ တိတ္ထိအပေါင်းတို့ကို။ မဒ္ဒန္တံ၊ တေဇာတော် အရှိန် ပြင်းသဖြင့် နှိမ်နင်းတော်မူထသော။ သီဟနာဒံ၊ ခြသေ့်မင်းသံ သီတင်းလျှံတဲ့ ကြုံးဝါးသံကို။ ဝိနဒန္တံ၊ အောင်သံဟစ်ကြုံး အောင်သံ ...းတော်မူတဲ့ ရွှေဘုန်းတော် သခင်ကို။ ဒိသွာ၊ ဘုန်းတော် ဂုဏ်မှုး အရှင်မို့ ဖူးမြင်ရသည်ရှိသော်။ ကော၊ အဘယ်သို့

သောသူသည်။ နပ္ပသီဒတိ၊ မကြည်ညိုနိုင်ဘဲ ရှိပါအံ့နည်း။ နပ္ပသီဒတိ၊ ကြည်ညိုပုံ ဖူးမျှော်ရှိမဝသဖြင့် ဦးတော်သလိုက်ပါတော့သည် ဘုရား။

ဉာဏတ္ထဝိကမထေရ် ကန်တော့ခဏ်း

၉။ မဟာသမုဒ္ဒေ ဥဒကံ၊
အာကာသေ စ ဝသုန္ဓရာ။
ပရိမေယျာနိ တောနိ၊
အပ္ပမေယျာသိ စက္ခုမ။

မဟာသမုဒ္ဒေ၊ သမုဒ္ဒရာအသွယ်သွယ် ရေပြင်ကျယ်ကြီး၌။ ဥဒကံ၊ ရေရှင်း။ အာကာသေ စ၊ အဇတာဝေဟင် ထက်ကောင်းကင်ကြီးရှင်း။ ဝသုန္ဓရာ၊ စက္ကဝါ အသရေစုပါတဲ့ မြေထုကြီးရှင်း။ တောနိ၊ သမုဒ်ရေလွှာ ဘွဲ့အာကာနှင့် ဤမြေပထဗျာ ကြီးတို့သည်။ ပရိမေယျာနိ၊ ဤမျှ ဤမျှ ဂဏန်းချသဖြင့် နှိုင်းဆနိုင်ပါကုန်သည်ဘုရား။ စက္ခုမ၊ စက္ခုငါးမျိုး အစုံးရပါတဲ့ ဘုန်းတော်ရှင်။ တွံ၊ ရှင်ပင် ဘုရားသည်။ အပ္ပမေယျော၊ ဤမျှ ဤမျှ ဂဏန်းချသဖြင့် မနှိုင်းဆနိုင်သည်။ အသိ၊ ဘုန်းတော်ဂုဏ် ပရမေမှန်သဖြင့် ဝေကန်ဖြစ်ပါတော့သည် ဘုရား။

ဝင်္ဂီသမထေရ် ကန်တော့ခဏ်း

၁၀။ နမော တေ မာရမထန၊
နမော တေ ဒိဋ္ဌိသူဒန၊
နမော တေ သန္တိသုခဒ၊
နမော တေ သရဏံ ကရ။

မာရမထန်၊ မာရင်ငါးအင် ရှိန်တသင်းကို နှိမ်နင်းတတ်ပါတဲ့ ဘုန်းတော်ရှင်။ တော၊ ငါးမာရ်အောင်မြင် ဘုရားရှင်အား။ နမော၊ ဘုန်းတော်ဂုဏ် ဦးခိုက်၍ ဖူးလိုက်ပါတော့သည်ဘုရား။ ဒိဋ္ဌိသူဒန၊ ဝါဒတော်ကောင်းအမြတ်ကို ပေါင်းစပ်ကာပြတော်မူတဲ့ စိန္တေရှင်။ တော၊ ဝါဒသဲခင် မြတ်အရှင်အား။ နမော၊ လမ်းဖြောင့်သူညွှန်ပဏာဖြင့် ဝန္ဒနာ ပြုလိုက်ပါသည်ဘုရား။ သန္တိသုခဒ၊ ပြည်ခေမာ အအေးဓာတ်ကိုဖြင့် ပေးတော့်မူတတ်တဲ့ မြတ်စွာဘုရား။ တော၊ ရိပ်ဖြူကျော် အသိအမှတ်ရယ်နှင့် နိဗ္ဗူတော် ဓာတ်အရှင်အား။ နမော၊ နိဗ္ဗာန်ဂုဏ် အသိဖြိုးတာကြောင့် ရှိခိုးလိုက်ပါသည်ဘုရား။ သရဏံကရ၊ ကြာပဒုံမျိုးနွယ် ကလျာတို့၏ ကိုးကွယ်ရာ ဖြစ်ပါတဲ့မြတ်စွာဘုရား။ တော၊ ကိုးကွယ်ရာ နှုန်းသော်မှတ်ပါတဲ့ ဘုန်းတော်မြတ်သခင်အား။ တော၊ ပြေနိဗ္ဗူ အောင်ကြွင့်နှုန်းမှာဖြင့် နောင်လှမ်းစရာ ပရမေမြင်၍ ပဝေယခင် တန်ခိုးကြွယ်လှသဖြင့် ကိုးကွယ်ပါရသော မြတ်အရှင်အား။ နမော၊ နေတန္နုန်းသော် အထူးအကျော်အဆတွေနှင့် ရွှေဘုန်းတော်ဖူးမျှော်၍ မဝတာကြောင့် ဦးတော် သ,လိုက်ရပါတော့သည်ဘုရား။

၁၁။ အနာထာန် ဘဝံ နာထော၊
ဘီတာန် အဘယပ္ပဒေါ။
ဝိဿာမဘူမိ သန္တာန်၊
သရဏံ သရဏောသိန်။

ဘဝံ၊ ရှင်တော်မြတ်ဘုရားသည်။ အနာထနံ၊ ကိုးကွယ်ရာမဲ့သူတို့၏ (ဝါ)ဘုံသံသရာ တန်ခိုးမကြွယ်ရသဖြင့် ကိုးကွယ်ရာ မဲ့ကြသူတို့၏။ နာထော၊ ကိုးကွယ်ရာကြီး ဖြစ်ပါပေ၏။ ဘီတာနံ၊ ဘေးဒုက္ခ ရောက်မလားလို့ ကြောက်အားပိုနေကြသူတို့အား။ အဘယပ္ပဒေါ၊ ဘေးမဲ့ကို ပေးတော်မူတတ်ပါပေ၏။ သန္တာနံ၊ သံသရာအမြင်စခန်းတွင် ပင်ပန်းနေကြသူတို့၏၊ ဝိဿာမဘူမိ၊ အပန်းဖြေစရာ အေးချမ်းတဲ့ မြေရတနာဖြစ်တော်မူပါပေ၏။ သရဏေသိနံ၊ အားကိုးစရာ ရှာနေကြသူတို့၏။ သရဏံ၊ ကိုးကွယ်ရာကြီး ဖြစ်တော်မူပါပေသည်ဘုရား။

ခေမာထေရီ ကန်တော့ခဏ်း

၁၂။ နမော တေ သဗ္ဗဒဿာဝီ၊
နမော တေ ကရုဏာကာရ။
နမော တေ တိဏ္ဏသံသာရ၊
နမော တေ အမတံ ဒဒ။

သဗ္ဗဒဿာဝီ၊ သိစရာအဖုံဖုံတို့ကို ညီဆကာ အကုန်အစုံ သိတော်မူတဲ့ မြတ်စွာဘုရား။ တေ၊ သဗ္ဗညုတ ဉာဏ်ထွန်းတင်ဘုရားရှင်အား။ နမော၊ အဉ္စလီရိုကျိုး၍ ရှိခိုးလိုက်ပါသည်ဘုရား။ ကရုဏာကာရ၊ သတ္တဝါနှစ်ခွာကို မြတ်ကရုဏာ ရှိတော်မူတဲ့ မြတ်စွာဘုရား။ တေ၊ ကရုဏာသခင် ရှင်တော်မြတ်ဘုရားအား။ နမော၊ အဉ္စလီမာန်လျှော့လို့ ကန်တော့လိုက်ပါသည်ဘုရား။ တိဏ္ဏသံသာရ၊ သံသရာရေယမုံမှာ ပြေတဘုံ

နိဗ္ဗာန်ဦးဆီသို့ ကူးတော်မူပေတဲ့ မြတ်စွာဘုရား။တော၊ နိဗ္ဗာန်မြို့နန်း ဟိုမှာကမ်းကိုလှမ်းဝင်တော်မူတတ်တဲ့အရှင်မြတ်အား။ နမော၊ ရှေ့ပဒ့ိုဦးတိုက်၍ ဖူးလိုက်ပါတော့သည်ဘုရား။အမတံဒဒ၊ ဝေနေယျည် အမိုက်အမဲကိုဖြင့် ပဝေဏီ အလိုက်လွှဲတာကြောင့် အမြိုက်တနဲ့ ပေးတော်မူတတ်တဲ့ မြတ်စွာဘုရား။ တော၊ နိဗ္ဗာန်မြို့ နန်းအမတာမြေမှာ ချမ်းသာစေ အမြိုက်ဆေးကိုဖြင့် တိုက်ကျွေးပေတတ်တဲ့ အရှင်မြတ်အား။ နမော၊ ဘုန်းတော့်ဂုဏ် အနန္တကိုဖြင့် နှုန်းသော်စုံအမှန်ပရယ်လို့ ကြံဆကာ ရိုကျိုးလို့ ရှိခိုးလိုက်ပါသည်ဘုရား။

## ၂-ပတ္ထနာ ဆုတောင်း

၁။ သိဥတု မေ ဘန္တေ နာထော၊
မေတ္တောဒကေန သုဝိတော၊
အဗျာပဇ္ဇော အဝေရော စ၊
အနီဃော ဟောတု ပါဏိနံ။

ဘန္တေ၊ မေတ္တာတော် အအေးခံတတ်ကို ပေးတော်မူတတ်တဲ့မြတ်စွာဘုရား။ နာထော၊ မေတ္တာရှင် မြတ်စွာဘုရားသည်။ မေ၊ ဘုရား တပည့်တော်အား။ မေတ္တောဒကေန၊ မေတ္တာတော်ရေစင်ဖြင့်။ သိဥတု၊ သွန်းဖျန်းတော်မူပါဘုရား။ (ဝါ) ဘဝသံသရာအပူဖြင့် မသင်းချအောင် ဖျန်းတော်မူပါဘုရား။ ပါဏိနံ၊ အပူဘေးတွေကြောင့် တကြုကြု ဆွေးကြတဲ့ သတ္တဝါတို့အား။ သုဝိတော၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်း ရှိသည်။ အဗျာပဇ္ဇော၊ စိုးရိမ်ကြောင့်ကြ ဗျာပါဒမရှိသည်။

အဝေရော၊ ရန်ဟူသမျှ ကင်းစင်ရသည်။ အနီဃော၊ ဆင်းရဲဒုက္ခ နှိမ်းနယ်ခြင်း မရှိရသည်။ ဟောတု၊ မေတ္တာတော် ရေဇလာဖျန်းသဖြင့် အေးချမ်းနိုင်ရပါစေသတည်း။ ဟောတု၊ ပြဟ္မစိုရ် အအေးဓာတ်ကိုဖြင့် ပေးအပ်တော်မူလိုက်ပါ မှိုက်တေဇာ မှနတန္တန်းကဲ့သို့ ရွှေဘုန်းတော်သခင်ဘုရား။

၂။ အဋ္ဌဇယာနုဘာဝေန။
ဇယံ ဒေတု ဇယုဿဝေါ။
သဗ္ဗကာမဒဒေါ ဟောတု၊
သုခံ ဘဝတု မေ သဒါ။

အဋ္ဌဇယာနုဘာဝေန၊ အောင်ခြင်းရှစ်ဖြာ မြတ်တေဇာ၏ဝေဖြာရှိန်စော် အာနုဘော်ကြောင့်။(ဝါ) အမှောင်ခွင်းလို့ဖြစ်ပေါ်လာ ပရမေဘဂဝါမင်းမှာဖြင့် အောင်ခြင်းတဲ့ ရှစ်ဖြာရွှေတေဇာ, လင်းဒါကြောင့်။ ဇယုဿဝေါ၊ အောင်ပွဲရသခင် အောင်ဘုရင် ဖြစ်တော်မူငြား အောင်မြတ်စွာဘုရားသည်။ မေ၊ ဘုရားတပည့်တော်အား။(တေတုမှာကံ၊ သင်တို့အား)။သဒါ၊ အခါခပ်သိမ်း။ ဇယံ၊ အောင်ရာ အောင်ကြောင်း အောင်ကောင်းမင်္ဂလာ အောင်ဇေယျာကို။ ဒေတု၊ ပေးတော်မူပါအရှင်ဘုရား။ သဗ္ဗကာမဒဒေါ၊ ကောင်းကျိုးဆန္ဒ မှန်သမျှကို ကြံဆတိုင်း ပေးနိုင်သည်။ ဟောတု၊ ဖြစ်ပါစေသတည်း။ (ဝါ) ဖြစ်ပါစေသား အရှင်ဘုရား။ သုခံ၊ ကိုယ်ချမ်းသာ စိတ်ချမ်းသာ ချမ်းသာသုခ ဟူသမျှသည်။ ဘဝတု၊ ဖြစ်ပါစေသတည်း။ ဘဝတု၊ မုချအစုံသော်,အမှောင်

ဖြင့် မသန်းနိုင်တဲ့ ဗုဒ္ဓဂုဏ်တော်, အောင်အစွမ်းရယ်ကြောင့် အောင်ခဏ်း ဖွင့်နိုင်ပါစေသတည်း။

၃။ ဗုဒ္ဓဂုဏေ သဒ္ဒဟိတွာ၊
သဒါ ဘာဝေမ တေ မယံ။
ဧတေန သစ္စဝဇ္ဇေန။
ဟောတု မေ ဇယမင်္ဂလံ။

ဘန္တေ၊ ဘုန်းတော်နေမင်း ထိန်ထိန်လင်းပါတဲ့ မြတ်စွာဘုရား။ တေမယံ၊ ဗုဒ္ဓါနုဿတိဘာဝနာ ပွားများပါကြသော ဘုရားတပည့်တော်တို့သည်။ ဗုဒ္ဓဂုဏေ၊ မြတ်စွာဘုရား၏ ကိုးပါးသောဂုဏ်တော်တို့ကို။သဒ္ဒဟိတွာ၊ ယုံယုံကြည်ကြည်။ သဒါ၊ အခါခပ်သိမ်း။ ဘာဝေမ၊ အမြဲဥဿုံတရား စိတ်ကြုံ ထား၍ ပွားကြပါကုန်သည်ဘုရား။ ဧတေန သစ္စဝဇ္ဇေန၊ မှန်ကန်သောအား ပြောဆိုရသော ဤသစ္စာစကားကြောင့်။ မေ၊ ဘုရားတပည့်တော်အား။ ဇယမင်္ဂလံ၊ဇယမင်္ဂလာ အောင် တေဇာသည်။ ဟောတု၊ ဖြစ်ပါစေသတည်း။ (ဝါ) မြတ် ဂုဏ်တော် အောင်အမြဲရယ်ကြောင့် အောင်ပွဲ ရနိုင်ပါစေ သတည်း။

၄။ မာရံ ယက္ခံ ဂဇေဝရံ၊
အဟိံသက စိဥ္ဇ သာစ္စကံ။
ဇိတဝါ နာဂ ဗြဟ္မဉ္စ၊
ဒေတု မေ ဇယမင်္ဂလံ။

ယောဇိနော၊ သုံးဆဲ့တစ်ဘုံခရိုင်မှာ ပြိုင်ယှဉ်သူ အကုန် ရှုံးရတဲ့ ရွှေဘုန်းတော်သခင် အကြင် ဘုရားရှင် ကိုယ်တော်

မြတ်ကြီးသည်။ မာရဍ္ဎ၊ ဂိရိမေခလာ သညာကျော်ဟီး တိုက်
ဆင်ကို တက်စီးလျက် ပျက်စီးအောင် ခြေကာမှုန်းမယ်လို့
လက်ရုံးတထောင်ဖြင့် မာန်စောင်ကြီးလှတဲ့ မာရ်နတ်သား
ကြီးကိုရင်း။ ယက္ခဍ္ဎ၊တညလုံး ယှဉ်ပြိုင်၍ အနိုင်သာ စမ်းမဟဲ့
လို့ ကြမ်းထမ်းခက်မာလှတဲ့ အာဠဝကမည်ခေါ် ဘီလူးကျော်
ကြီးကိုရင်း။ ဂဇဝရဍ္ဎ၊ မြေလျှင်တုံဟီး ပဲ့တင်တီး လောင်မီး
မိုးကြိုးစက်ကဲ့သို့ သွက်သွက်ခါ တုံဟီးအောင် ဒေါသဟုန်
ကြီးလှတဲ့ နာဠာဂိရိဆင်တော်ကြီးကိုရင်း။ အဟိံသကဍ္ဎ၊
သုံးယူဇနာ အမွန့်ကွာသည့် ကန္တာရကြမ်း ခရီးလမ်းကို ခား
ထမ်းကာ အားကုန်ပြေးနိုင်သဖြင့် တွေးမိတိုင်း ကြောက်စရာ
ကြေညာကျော်ဟီးတဲ့ အင်္ဂုလိမာလ ခိုးသူကြီးကိုရင်း။ စိဍ္ဎဍ္ဎ၊
ပရိသတ်လေးဖော်ကို တရားတော် ဟောမိန့်၍ ရှင်နှစ်သိမ့်
ကြည်ညိုဘွယ် စမ္ပယ်စဉ်ကာလ၌ ကိုယ်ဝန်ဆောင် သန္ဓေပြု
လာတဲ့ စိဍ္ဎမာဏဝိကာမည်ခေါ် မိန်းမကျော်ကြီးကိုရင်း။သစ္စ
ကဍ္ဎ၊ လိစ္ဆဝီမင်းတို့ရဲ့ ဆရာ မိစ္ဆာမာမက ဝါဒတထောင်ဖြင့်
မာန်စောင်ကြီးလှတဲ့ သစ္စကပရိဗိုဇ်ကျော်ကြီးကိုရင်း။ နာဂဍ္ဎ၊
ခမ်းနားကြီးကျယ် အသွယ်သွယ်သော တန်ခိုးတို့ဖြင့် တမိုးလုံး
ပိတ် တရိုင်ရိပ် တပြောင်ပြောင် မိုက်မှောင်တွေ ကွာကွင်း
သဖြင့် အခိုးအလျှံတွေ ထန်ပြင်းတဲ့ နန္ဒောပနန္ဒ နဂါးမင်း
ကြီးကိုရင်း။ ဗြဟ္မဍ္ဎ၊ ဈာန်ကသိုဏ်းတို့ဖြင့်ထင်တိုင်းပေါက်ခါ
ဘဝဂ်ပါတုန်ဟီးတဲ့ ဗကဗြဟ္မာမင်းကြီးကိုရင်း။ ဇိတဝါ၊ပါရမီ
တော် ဂုဏ်တန်ခိုးတွေကြောင့် အမျိုးမျိုး အောင်တော်မူခဲ့
ပေပြီ။ သောဇိနော၊ပင်ဗောဓိညောင်ရွှေက အောင်မြေတော်

သခင် ထိုဘုရားရှင် ကိုယ်တော်မြတ်ကြီးသည်။ မေ-အမှာကာံ၊ ငါတို့အား။ (တေတုမှာကာံ၊သင်တို့အား) ။ဇေယံ၊အောင်ခြင်းဘာဂုဏ်အတိတ်တွေနှင့် အောင်နိမိတ်မင်္ဂလာကို။ ဝါ၊ ဘေးအသွယ်သွယ် အန္တရာယ် အကုန်ဝေးနိုင်တဲ့ မင်္ဂလာ မဟာသိဒ္ဓိ တည်းဟူသော ဆေးတော်ကို။ ဒေတု၊ ပေးတော်မူပါ အရှင်ဘုရား။ ဒေတု၊ သပြေအနီး ဇေယျာဘုရယ်နှင့် ငွေခရမင်္ဂလာ မယှဉ်သာနိုင်းဆ၍ မှိုင်းမတော် မူလိုက်ပါဘုရား။

## ၃-ရွှေဘုံဝင်-ဆုတောင်းလင်္ကာတော်

မြတ်ရတနာ၊မြတ်ပညာဖြင့်၊ ကောင်းစွာပြုရ၊ ကုသလဟု၊ ပုညဝေဖြာ၊ စေတနာကြောင့်၊ မြတ်စွာဗုဒ္ဓ၊ ဂေါတမဟု၊ လောကခေတ်ဂုဏ်၊ တဖြစ်ကြုံတွင်၊ ရွှေဘုံနန်းမြင့်၊ ရောက်စေသော်။ ။နန်းမြင့်ရွှေဘုံ၊ မရောက်တုံက၊ ဘုန်းဂုဏ်ပဝရ၊ မေတ္တေယျဟု၊ လောကထွဋ်ထား၊ မြတ်ဘုရားမို့၊ ထင်ရှားပွင့်လာ၊ သာသနာ၌၊ ကောင်းစွာမှုချ၊ ကေန္တဖြင့်၊ နန်းမခေမာ ရောက်စေသော်။ ။ခေမာနန်းမ၊ မလှမ်းရမှီ၊ ဗုဒ္ဓနှစ်ဆူ၊ ပွင့်တော်မူခြား၊ ကာလခြားတွင်၊ ဘုံများဘဝ၊ ကျင်လည် ရသော်၊ မြတ်လူမျိုးနွယ်၊ တန်ခိုး ကြွယ်လျက်၊ သုံးသွယ်ပိဋကတ်၊ ကျမ်းအမြတ်နှင့်၊ သုံးရပ်ဗေဒင်၊ ကျမ်းတခွင်ကို၊ နှုတ်တွင်ရွရွ၊ အာဂမဖြင့်၊ ဉာဏမကြွာ တတ်စေသော်။ ။မကြွာခဏ၊ တတ်ကျမ်းလှသော်၊ သူတော်ဥဩ၊ ခုနစ်ဖြာဟု၊ ရတနာမျိုး၊ စုံပြည့်ပြိုး၍၊ တန်ခိုးနေလ ကင့်စေသော်။ ။နေလတန်ခိုး၊ ဂုဏ်တင့်ပြိုးလျက်၊ ရွှေမိုးရတနာ၊

ရွှာသွန်းကာဖြင့်၊ မဟာသုခ၊ သာချမ်းမြ၍၊ ဝဏ္ဏအာယု၊ သုခ ဗလံ၊ ပဋိဘာန်နှင့်၊ ကေန်ကြုံရပါစေသော်။ ။ကြုံရကေန်၊ များခြွေရံနှင့်၊ တေဇကြုံလျှင်း၊ ဂုဏ်သတင်းကြောင့်၊ ထုံသင်း ကြိုင်ကာ၊ သာသနာကို၊ ကောင်းစွာ ပြုရပါစေသော်။ ။ ပြုရကောင်းစွာ၊ သာသနာသည်၊ ရောင်ဝါနေလ လင်းစေ သော်။ ။နေလရောင်ဝါ၊ အမှောင်ခွါလျှင်၊ အောင်ချာ ဇေယျုံ၊ အသရေလှုံသည်။ ။ရွှေဘုံလျှင်စော၊ ရောက်စေ သော်။

## ၄–သောတာပန် နတ်ဘီလူးကြီး အကြောင်း

၁။ ကျမ်းဂန် အရေးအခင်း၌ မြင်းပြေးသကဲ့သို့ ပဋိ ဘာန် ဉာဏ်ရှိတော်မူသော ရန်ကုန်မြို့ ခြောက်ထပ်ကြီး ဘုရားကြီးကျောင်းတိုက် မဟာနာယက (အဂ္ဂမဟာပဏ္ဍိတ) ကျေးဇူးရှင် ဖြစ်တော်မူသော ဖားကူး ဆရာတော်သည် ကျောင်း–ဒကာကြီး ဆာဘိုးသာ ပင့်လျှောက် သဖြင့် ဖားကူးရွာရောက်ပြီး ဘုရားသုံးဆူကျောင်းတိုက်၌ သာသနာ ပြုတော်မူစဉ် ဖားကူးရွာကြီး၌ ရတနာသုံးပါး အလွန် အား ထားသော (ဦးဘိုးငြိမ်း) ဆိုသော ဥပါသကာကြီး တယောက် ရှိပါသည်။ ။(ယခုတိုင် ရန်ကုန်တွင် သားသမီးများရှိပါ သေးသည်)။

၂။ ဤ ကျမ်းစာရှင်သည် ထိုစဉ်က ဆရာ၏အထံ၌ ပညာ သင်နေစဉ် (၁၃၀၀–ခုနှစ်)ခန့်လောက် အချိန်တွင် ဦးဘိုးငြိမ်း အား နတ်ဘီလူးကြီး ကပ်ပါတော့သည်၊ နတ်ဘီလူးကြီးက

သူ၏အကြောင်း (မာဂဓဘာသာဖြင့်) ပြောပြပုံမှာ။ ။ မာရ်နတ်ကြီး အပရာဇိတပလ္လင်လုပွဲမှာ သူတို့လဲ နွှဲခဲ့ပါသေးသည်။ မြတ်စွာဘုရားသက်တော်ထင်ရှား ရှိစဉ်က အကြည်ညိုမဝင်ခဲ့ပါ။ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံပြီးနောက် သူနေတဲ့ ညောင်ပင်ကြီး အောက်မှာ ရဟန္တာကြီး တပါး သီတင်းလာ သုံးပါသည်။ အဲဒီ ရဟန္တာအရှင်က တရားပြသည့်အတွက် သောတာပန်ဘဝ ရောက်ရပါသည်။ သူတို့မှာ ညီအစ်ကို ၂-ယောက် ဖြစ်ပါသည်။ ညီငယ်က စုတေပြီး လူ့ပြည် ရောက်ကြောင်း သိရ၍ ရှာတော့ကာ ယခု-(မောင်ဘိုးငြိမ်း)တွေ့ရပါသည်။ ညီကလေး (မာန) ဝင်နေသည့်အတွက် မမှားရအောင် တရားပြဘို့ လာခဲ့ကြောင်း လျှောက်ထားသဖြင့် မှတ်သားခဲ့ရပါသည်။

၃။ ဥပသကာကြီး ဦးဘိုးငြိမ်းကို(နေ့သုံးကြိမ်၊ ညဥ့်သုံးကြိမ်) တနေ့ ခြောက်ကြိမ် ဘုရားရှိခိုးခိုင်းပြီး အသားလွတ်စားခိုင်းပါသည်။ ဂုဏ်တော်ကို အကြိမ်များစွာ ပွားများခိုင်းပါသည်။ နတ်ဘီလူးကြီးကိုယ်တိုင် ဘုရားရှိခိုးသောအခါ (တနာရီ)ခန့်မျှ ကြာပါသည်။ ။ဤ ကျမ်းစာအရှင်က ဂုဏ်တော်အစွမ်း လောကီပညာအစွမ်းတို့ဖြင့် နတ်ဘီလူးကြီးမှန်း သိရပါတော့သည်။

၄။ ဤ ကျမ်းစာ အရှင်က အပရာဇိတ ပလ္လင်တော်အကြောင်းကိုမေးတော့ သူတို့ရဲးရဲးဝံ့ဝံ့ မကြည့်နိုင်ဟုလျှောက်ထားပါသည်။ ဗုဒ္ဓပုံတော်မေးတော့ ယခုပုံတွေဟာ ကလေး

လုပ်တဲ့ အရုပ်နှင့် တူကြောင်း ဘုရားအထံ မှာ ဖြဟ္မာ တောင် အရောင် အဝါမရှိတဲ့ အကြောင်း ဂုဏ်တော်ကို ကြိုးစားပြီး ပွားဘို့အကြောင်း (အဖန်ဖန်) လျှောက်ထား ပါတော့သည်။

၅။ သောတာပန် နတ်ဘီလူးကြီး ပေးသွားသော ဂုဏ် တော်ပွားနည်းကို အကျဉ်းမျှ ပြဆိုပါမည်။ (မယုံသော် ငြားလည်း ဂုဏ်တော်ကို ပွားကြည့်ပါ)။ ။နေ့ထိုင်ပုံက တော့ ကျမ်းဂန်အတိုင်း တင်ပလ္လင်ခွေပြီး ကိုယ်ကို ဖြောင့်စွာ ထား၊ လက်ချင်းထပ်၍တင်၊ (သတိ)ဖြင့် နေ့ထိုင်လျက် ဂုဏ် တော်ကို ဆင်ခြင်၍ ကိုယ်၌ အညစ်အကြေး ကင်းစေကာ- သီလဖြူစေ, စိတ်ဖြူစေပြီးလျှင် (သဒ္ဓါ)တရားဖြင့် အားထား ကာ ပွားများကြပါ။

## ၅-သောတာပန် နတ်ဘီလူးကြီး ပေးလှူသွားသော ဂုဏ်တော်ပွားနည်း

၁။ အရဟံ-

(က) သောဘဂဝါ သောဘဂဝါ သောဘဂဝါ
ဣတိပိ (တလုံးချင်း ဆိုပါ)။
အရဟံ အရဟံ အရဟံ။

(ခ) ပူဇာဝိသေသံ အရဟာတီတိ အရဟာတီတိ အရဟာ
တီတိ
အရဟံ အရဟံ အရဟံ။

(ဂ) သောဘဂဝါ သောဘဂဝါ သောဘဂဝါ
ဣတိပိ
အရဟံ အရဟံ အရဟံ။

၂။ သမ္မာသမ္ဗုဒ္ဓေါ-

(က) သောဘဂဝါ သောဘဂဝါ သောဘဂဝါ
ဣတိပိ
သမ္မာသမ္ဗုဒ္ဓေါ သမ္မာသမ္ဗုဒ္ဓေါ သမ္မာသမ္ဗုဒ္ဓေါ။

(ခ) သမ္မာ သာမဉ္စ သဗ္ဗဓမ္မေ
ဗုဇ္ဈတီတိ ဗုဇ္ဈတီတိ ဗုဇ္ဈတီတိ
သမ္မာသမ္ဗုဒ္ဓေါ။

(ဂ) သောဘဂဝါ သောဘဂဝါ သောဘဂဝါ
ဣတိပိ
သမ္မာသမ္ဗုဒ္ဓေါ သမ္မာသမ္ဗုဒ္ဓေါ သမ္မာသမ္ဗုဒ္ဓေါ။

၃။ ဝိဇ္ဇာစရဏသမ္ပန္နော-

(က) သောဘဂဝါ သောဘဂဝါ သောဘဂဝါ
ဣတိပိ
ဝိဇ္ဇာစရဏသမ္ပန္နော ဝိဇ္ဇာစရဏသမ္ပန္နော ဝိဇ္ဇာ
စရဏသမ္ပန္နော။

(ခ) ဝိဇ္ဇာစရဏေန
သမ္ပန္နော သမ္ပန္နော သမ္ပန္နော။
ဝိဇ္ဇာစရဏသမ္ပန္နော ဝိဇ္ဇာစရဏသမ္ပန္နော ဝိဇ္ဇာ
စရဏသမ္ပန္နော။

(ဂ) သောဘဂဝါ သောဘဂဝါ သောဘဂဝါ
ဣတိပိ
ဝိဇ္ဇာစရဏသမ္ပန္နော ဝိဇ္ဇာစရဏသမ္ပန္နော ဝိဇ္ဇာ
စရဏသမ္ပန္နော။

၄။ သုဂတော-
(က) သောဘဂဝါ သောဘဂဝါ သောဘဂဝါ
ဣတိပိ
သုဂတော သုဂတော သုဂတော။

(ခ) သုန္ဒရံ နိဗ္ဗာနံ
ဂစ္ဆတီတိ ဂစ္ဆတီတိ ဂစ္ဆတီတိ
သုဂတော သုဂတော သုဂတော။

(ဂ) သောဘဂဝါ သောဘဂဝါ သောဘဂဝါ
ဣတိပိ
သုဂတော သုဂတော သုဂတော။

၅။ လောကဝိဒူ-
(က) သောဘဂဝါ သောဘဂဝါ သောဘဂဝါ
ဣတိပိ
လောကဝိဒူ လောကဝိဒူ လောကဝိဒူ၊

(ခ) လောကံ
ဝိဒိတီတိ ဝိဒိတီတိ ဝိဒိတီတိ
လောကဝိဒူ လောကဝိဒူ လောကဝိဒူ။

(ဂ) သောဘဂဝါ သောဘဂဝါ သောဘဂဝါ
ဣတိပိ
လောကဝိဒူ လောကဝိဒူ လောကဝိဒူ။

၆။ အနုတ္တရောပုရိသဒမ္မသာရထိ-

(က) သောဘဂဝါ သောဘဂဝါ သောဘဂဝါ
ဣတိပိ
အနုတ္တရောပုရိသဒမ္မသာရထိ၊ အနုတ္တရောပုရိသ
ဒမ္မသာရထိ၊ အနုတ္တရောပုရိသဒမ္မသာရထိ။

(ခ) အနုတ္တရောပုရိသဒမ္မေ
သာရေတီတိ သာရေတီတိ သာရေတီတိ
အနုတ္တရောပုရိသဒမ္မသာရထိ၊ အနုတ္တရောပုရိသ
ဒမ္မသာရထိ၊ အနုတ္တရောပုရိသဒမ္မသာရထိ။

(ဂ) သောဘဂဝါ သောဘဂဝါ သောဘဂဝါ
ဣတိပိ
အနုတ္တရောပုရိသဒမ္မသာရထိ၊ အနုတ္တရောပုရိသ
ဒမ္မသာရထိ၊ အနုတ္တရောပုရိသဒမ္မသာရထိ။

၇။ သတ္ထာဒေဝမနုဿာနံ-

(က) သောဘဂဝါ သောဘဂဝါ သောဘဂဝါ
ဣတိပိ
သတ္ထာ ဒေဝမနုဿာနံ သတ္ထာ ဒေဝမနုဿာနံ
သတ္ထာဒေဝ မနုဿာနံ။

(ခ) သတ္တာဒေဝမနုဿာနံ
သတ္တာဒေဝမနုဿာနံ
သတ္တာဒေဝမနုဿာနံ။

(ဂ) သောဘာဂဝါ သောဘာဂဝါ သောဘာဂဝါ
ဣတိပိ
သတ္တာ ဒေဝမနုဿာနံ သတ္တာ ဒေဝမနုဿာနံ
သတ္တာ ဒေဝမနုဿာနံ။

ဂ။ ဗုဒ္ဓေါ-

(က) သောဘာဂဝါ သောဘာဂဝါ သောဘာဂဝါ
ဣတိပိ
ဗုဒ္ဓေါ ဗုဒ္ဓေါ ဗုဒ္ဓေါ။

(ခ) စတ္တာရိ သစ္စာနိ
ဗုဇ္ဈတီတိ ဗုဇ္ဈတီတိ ဗုဇ္ဈတီတိ၊
ဗောဓေတီတိ ဗောဓေတီတိ ဗောဓေတီတိ
ဗုဒ္ဓေါ ဗုဒ္ဓေါ ဗုဒ္ဓေါ။

(ဂ) သောဘာဂဝါ သောဘာဂဝါ သောဘာဂဝါ
ဣတိပိ
ဗုဒ္ဓေါ ဗုဒ္ဓေါ ဗုဒ္ဓေါ။

ဃ။ ဘဂဝါ-

(က) သောဘာဂဝါ သောဘာဂဝါ သောဘာဂဝါ
ဣတိပိ
ဘဂဝါ ဘဂဝါ ဘဂဝါ။

(ခ) ဘဂံ အဿ
အတ္ထိတိ အတ္ထိတိ အတ္ထိတိ
ဘဂဝါ ဘဂဝါ ဘဂဝါ။

(ဂ) သောဘဂဝါ သောဘဂဝါ သောဘဂဝါ
ဣတိပိ
ဘဂဝါ ဘဂဝါ ဘဂဝါ။

**ဝန္ဒနာ။** ။နမော ဗုဒ္ဓဿ-နမော ဗုဒ္ဓဿ-နမောဗုဒ္ဓဿ။
ဗုဒ္ဓေါ နမော နမော နမော၊
ဗုဒ္ဓေါ နမော နမော နမော။

ဂုဏ်တော်ကို ပွားပြီးလျှင် ဤဝန္ဒနာကို ဆိုရပါသည်၊ ဤသို့လျှင် ပုတီးမကိုင်ဘဲ မျက်စိမှိတ်ခါ ဖွင့်ခါ ဖြင့်ရင်း၊ ကျယ်လိုက် တိုးလိုက်ဖြင့်ရင်း၊ (ဣရိယာပုထ်) မပြောင်းဘဲ ပွားရပါသတည်း။ ။ဤသည်ကား သောတာပန်နတ်ဘီလူးကြီး အကြောင်း ဖြစ်ပါသတည်း။

ဣဒံ မေ ပုညံ ဒေဝ ယက္ခ ရညော ဒေမ။
သောတာပန် နတ်ဘီးလူးကြီးအကြောင်း
ပြီး ပါပြီ။

———

## ကျေးဇူးရှင်
## ဖားကူးဆရာတော် စီစဉ်ရေးသားတော်မူသော
## ၆-နဝင်္ဂုပေါသထ

၁။ အဟံ ဘန္တေ တိသရဏေန သဟ နဝင်္ဂသမန္နာဂတံ ဥပေါသထံ ဓမ္မံ ယာစာမိ အနုဂ္ဂဟံ ကတွာ ဥပေါသထံ ဒေထ မေ ဘန္တေ။
(ဒုတိယမ္ပိ-တတိယမ္ပိ)

၂။ နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

၃။ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ။
(ဒုတိယမ္ပိ-တတိယမ္ပိ)

၄။ အဟမ္ပိ အဇ္ဇ ဣမံ ရတ္တိန္ဒိဝံ။

၁။ ပါဏာတိပါတံ ပဟာယ ပါဏာတိပါတာ ပဋိဝိရတော သဗ္ဗပါဏဘူတဟိတာနုကမ္ပီဝိဟရာမိ။

၂။ အဒိန္နာဒါနံ ပဟာယ အဒိန္နာဒါနာ ပဋိဝိရတော ဝိဟရာမိ။

၃။ အဗြဟ္မစရိယံ ပဟာယ အဗြဟ္မစရိယာ ပဋိဝိရတော ဝိဟရာမိ။

၄။ မုသာဝါဒံ ပဟာယ မုသာဝါဒါ ပဋိဝိရတော ဝိဟရာမိ။

၅။ သုရာမေရယမဇ္ဇပမာဒဋ္ဌာနံ ပဟာယ သုရာမေရယမဇ္ဇပမာဒဋ္ဌာနာ ပဋိဝိရတော ဝိဟရာမိ။

၆။ ဝိကာလဘောဇနံ ပဟာယ ဝိကာလဘောဇနာ ပဋိဝိရတော ဝိဟရာမိ။

၇။ နစ္စ-ဂီတ-ဝါဒိတ-ဝိသုက-ဒဿန-မာလာဂန္ဓ-ဝိလေပန-ဓာရဏ-မဏ္ဍန- ဝိဘူသနဋ္ဌာနံ ပဟာယ နစ္စ- ဂီတ- ဝါဒိတ- ဝိသုက- ဒဿန- မာလာဂန္ဓ-ဝိလေပန-ဓာရဏ-မဏ္ဍန- ဝိဘူသနဋ္ဌာနာ ပဋိဝိရတော ဝိဟရာမိ။

၈။ ဉစ္စာသယန မဟာသယနံ ပဟာယ ဉစ္စာသယန မဟာသယနာ ပဋိဝိရတော နီစသေယျံကပ္ပေမိ။

၉။ မေတ္တာသဟဂတေန စေတသာ ယထာသတ္တိ ယထာဗလံ သဗ္ဗပါဏ ဘူတေသု ဖရိတွာ ဝိဟရာမိ။

(ဆရာ၏ သောတာပန္န သီလပွကာသနီကျမ်းမှ ဘော်ပြခြင်း ဖြစ်ပါသည်၊ အစီအစဉ် အလွန်ကောင်းသဖြင့် နဝင် သီလ နှစ်သက်သော ပုဂ္ဂိုလ်များ အားထားဘွယ် ဖြစ်ပါသည်)။

## ၇-မေတ္တာကမ္မဋ္ဌာန်း စီးဖြန်းပုံ

၁။ အတ္တ (မိမိ-အတွက်)

အဟံ အဝေရော ဟောမိ။ အဗျာပဇ္ဇော ဟောမိ။ အနီဃော ဟောမိ။ သုခီ အတ္တာနံ ပရိဟရာမိ။

၂။ ပိယ (ဆရာသမားစသော ပိယ ပုဂ္ဂိုလ်အတွက်)

ဧသော သပ္ပုရိသော အဝေရော ဟောတု။ အဗျာ

ပဇ္ဇော ဟောတု။ အနီဃော ဟောတု။ သုခီ အတ္တာနံ ပရိဟာရတု။

၃။ မဇ္ဈတ္တပုဂ္ဂိုလ် (မချစ်-မမုန်း အလတ်စား ပုဂ္ဂိုလ် အတွက်)

ဧသော သပ္ပုရိသော အဝေရော ဟောတု။ အဗျာပဇ္ဇော ဟောတု။ အနီဃော ဟောတု။ သုခီ အတ္တာနံ ပရိဟာရတု။

၄။ ဝေရီပုဂ္ဂိုလ် (ရန်သူ-အတွက်)

ဧသော သပ္ပုရိသော အဝေရော ဟောတု။ အဗျာပဇ္ဇော ဟောတု။ အနီဃော ဟောတု။ သုခီ အတ္တာနံ ပရိဟာရတု။

၅။ အနောဓိဖရဏမေတ္တာ

သဗ္ဗေသတ္တာ။ သဗ္ဗေပါဏာ။ သဗ္ဗေ ဘူတာ။ သဗ္ဗေ ပုဂ္ဂလာ။ သဗ္ဗေ အတ္တဘာဝ ပရိယာပန္နာ။ အဝေရာ ဟောန္တု။ အဗျာပဇ္ဇာ ဟောန္တု။ အနီဃာ ဟောန္တု။ သုခီ အတ္တာနံ ပရိဟာရန္တု။

၆။ ဩဓိဖရဏမေတ္တာ–

သဗ္ဗာ ဣတ္ထိယော။ သဗ္ဗေ ပုရိသာ။ သဗ္ဗေ အရိယာ။ သဗ္ဗေ အနရိယာ။ သဗ္ဗေ ဒေဝါ။ သဗ္ဗေ မနုဿာ။ သဗ္ဗေ ဝိနိပါတိကာ။ အဝေရာ ဟောန္တု။ အဗျာပဇ္ဇာ ဟောန္တု။ အနီဃာ ဟောန္တု။ သုခီ အတ္တာနံ ပရိဟာရန္တု။

၇။ ဒိသာဖရဏမေတ္တာ-

ပုရတ္ထိမာယ ဒိသာယ။ ပစ္ဆိမာယ ဒိသာယ။
ဥတ္တရာယဒိသာယ။ ဒက္ခိဏာယ ဒိသာယ။
ပုရတ္ထိမာယ အနုဒိသာယ။ ပစ္ဆိမာယ အနုဒိသာယ။
ဥတ္တရာယ အနုဒိသာယ။ ဒက္ခိဏာယ အနုဒိသာယ။
ဟေဋ္ဌိမာယ ဒိသာယ။ ဥပရိမာယ ဒိသာယ။ သဗ္ဗေ
သတ္တာ။ပ။ပရိဟရန္တု။

မှတ်ချက်။ ။အတ္တ, ပိယ, မဇ္ဈ, ဝေရီ, လေးလီကွဲပြား မရှိပြားမှု သီမသမ္ဘေဒဖြစ်သည်၊ သီမသမ္ဘေဒ ဖြစ်ပြီးသော ယောဂီပုဂ္ဂိုလ်သာ အနောဓိ ဩဓိ ဒိသာဖရဏတို့ကိုပွားရိုး အစဉ်အလာရှိသည်၊ သမ္ဘေဒ မဖြစ်ငြားသော်လည်း ပွားနေလျှင် ကုသိုလ်တော့ ရသည်သာဖြစ်ပါသည်။

အနက်ကား။ ။ပိယ ပုဂ္ဂိုလ်အတွက်။ ဧသော သပ္ပုရိသော၊ ထိုဆရာသခင် ကျေးဇူးရှင်သည်။ ။မဇ္ဈတ္တပုဂ္ဂိုလ်အတွက်။ ဧသော သပ္ပုရိသော၊ ထို သူတော်ကောင်းသည်။ ။ဝေရီပုဂ္ဂိုလ်အတွက်။ ဧသောသပ္ပုရိသော၊ ထို သူတော်ကောင်းသည်။ ။ဤမျှသာ ထူးသည်၊ အကြွင်း ရှေ့နည်းတူ)။

## ထွက်ရပ်ပေါက်

## ဂ-သံလျှင်မယ်တော် ပုတီးစိပ်နည်း

၁။ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။ အနိစ္စံ ဒုက္ခံ အနတ္တာ။
ဓမ္မံ သရဏံ ဂစ္ဆာမိ။ အနိစ္စံ ဒုက္ခံ အနတ္တာ။
သံဃံ သရဏံ ဂစ္ဆာမိ။ အနိစ္စံ ဒုက္ခံ အနတ္တာ။

၂။ အနန္တံ ဗလဝံ ဗုဒ္ဓံ၊ အနန္တံ ဂေါစရံ ဓမ္မံ။
အနန္တံ အရိယံ သံဃံ၊ အနန္တံ ဗောဓိ မုတ္တမံ။
အနန္တံ ဂုဏသမ္ပန္နံ၊ အဟံ ဝန္ဒာမိ-သဗ္ဗဒါ။

၃။ တေသံ အာနုဘာဝေန၊ စတ္တာရော ဓမ္မာ ဝဍ္ဎန္တု။
အာယု ဝဏ္ဏော သုခံ ဗလံ၊ သဗ္ဗ အန္တရာယာ
ဝိနဿန္တု။

သံလျင် မြို့ကြီးကို ပဌမ ဖန်ဆင်း တည်ထောင်တော်မူသော စကြာလေးပါးအရှင် သံလျင်မင်းတြားကြီး၏ အဂ္ဂဒေဝီ မဟေသီဖြစ်သော (ထွက်ရပ်ပေါက် သံလျင်မယ်တော်) ပုတီးစိပ်နည်းဖြစ်ပါသည်။ ။သက်စေ့ရွတ်ခြင်း၊ ပုတီးစိပ်ခြင်း စသည် ပြုလုပ်ပါက ချမ်းသာသုခ အမှန်ရပြီး ဒုက္ခ ခပ်သိမ်း အေးငြိမ်းသည်ဟု အဆိုရှိပါသည်၊ ယုံယုံ ကြည်ကြည်နှင့် ရွတ်ကြပါ။ ။

မှတ်ချက်။ ။သံလျင်ရာဇဝင်ကို သုတေသနပြုစဉ်က ဆန်းဆန်း ကြယ်ကြယ် ခက်ခက်ခဲခဲ ရရှိခဲ့ခြင်း ဖြစ်ပါသည်။ မေးမြန်း လျှောက်ထားခြင်း များလှသည့် အတွက် ဤစာအုပ်တွင် ရေးထည့်လိုက်ပါသည်။

# ၁၀–နိဂမကထာ

(ကျမ်းပြီးနိဂုံး)

၁။ သံလျင်တိဝှယေ ရမ္မေစ၊
မြမ္မာရဋ္ဌ သုပါကဋ္ဌေ။
ခေမိကာရာမေ ဝသတာ၊
ခေမာစာရေန ဘိက္ခုနာ။
(ဝိပုလာဂါထာ)။

မြမ္မာရဋ္ဌသုပါကဋ္ဌေ၊ မြန်မာတိုင်းတွင် သမိုင်းဝင်သဖြင့် နိုင်းမပြင် ထင်ရှားပေထသော။ ရမ္မေ၊ သူတော်တကာ မွေ့လျော်ရာ ဖြစ်ပေထသော။ သံလျင်တိဝှယေ၊ ဦးသံလျင် စတည်ထွင်၍ သံလျင်မည်ခေါ် မြတ်မြို့တော်၌။ ခေမိကာ ရာမေ၊ မြေအသိမှာဖြင့် အသရေရှိလှသော ခေမိကာရုံ တိုက်ရွှေဘုံ၌။ ဝသတာ၊ လေးဣရိယာ မျှကာ ရှင်ပြုံး သီတင်းသုံးတော် မူပေထသော။ ဘိက္ခုနာ၊ သံသရာဘေး ရန်လာရေးကို ကြံတွေးကာ ရှုပေထသော။ ခေမာစာရေန၊ ဦးခေမာစာရ ဘွဲ့သမည်ခေါ် မထေရ်ကျော်သည်။ (ရစိတာ ၌စပ်)

၂။ ရစိတာယံ သုခတ္ထာယ၊
ရံသိယာ ဂုဏဝဏ္ဏနာ။
တေန ပုညေန နိဗ္ဗာနံ၊
သီဃံ ပပ္ပေါမ တေမယံ။
(ပထျာဝတ္တဂါထာ)။

သုခတ္ထာယ၊ လူ နတ် နိဗ္ဗာန်သုံးတန်ချမ်းသာ လှမ်းပါ စေခြင်း အကျိုးငှာ။ ရုံသိယာ၊ အမှောင်တော် မလင့် ရအောင်လို့ ရောင်တော် အဘင့်ကြီး ရယ်နှင့်။ အယံဂုဏ ဝဏ္ဏနာ၊ ဘုံအကျော် တင့်ပါတဲ့ ဂုဏ်တော်ဘွင့်ဆိုတဲ့ ဤ ကျမ်းကို။ ရစိတာ၊ ရေးသားပြုပြင် စီရင်အပ်ပါပြီ။ တေနပုညေန၊ ကျမ်းစာပေါင်းစု အကြောင်း ပြုသဖြင့် တောင်းဆုရည်သန် ထိုကောင်းမှုကံကြောင့်။ တေမယံ၊နိဗ္ဗာန် ရည်ရော် ထိုတပည့်တော်တို့သည်။ နိဗ္ဗာနံ၊ ရွှေပြည်ရေဇယျု နိဗ္ဗာန်ဘုံသို့။ သီဃံ၊ လျင်လျင်မြန်မြန်။ ပပ္ပေါမ၊ စခန်း မထောက်သဖြင့် မြန်းရောက်နိုင်ရပါလိုကုန်၏။

၃။ တေဇသာ တဿ သဗ္ဗညု၊
သန္တာရေတု ဗဟုံဇနံ။
ဓမ္မာဓမ္မံ ပကာသေတွာ၊
ဩဘာသေတု စိရံ သဒါ။

(ပထျာဝတ္တဂါထာ)။

သဗ္ဗညု၊ သဗ္ဗညုတဉာဏ်ထွဋ်ရှိတင် မြတ်အရှင်။ တဿ၊ ကိုးဂုဏ်သခင် မြတ်အရှင်၏။ တေဇသာ၊ နှိုန်း သော်တဖုံ နေခင် မမှန်းနိုင်တဲ့ ဘုန်းတော်ဂုဏ်, အောင် အစွမ်းရယ် ကြောင့်။ ဗဟုံဇနံ၊ ကောင်းနိုးရာရာဖြင့် ချာချာလည်နေတဲ့ သတ္တဝါ အပေါင်းကို။ သန္တာရေတု၊ ဒုက္ခဘုံနယ်တခွင်မှာ့ ကယ်တင်တော် မူလိုက်ပါဘုရား။ ဓမ္မာဓမ္မံ၊ ဓမ္မ အဓမ္မ ဆန်း

လှတကယ် လမ်းပြဘွယ်ကို။ ပကာသေတွာ၊ အမြင်ခြားရ အောင် အထင်အရှား ပြတော်မူ၍။ သဒ္ဒါ၊ အခါခပ်သိမ်း။ စိရံ၊ ငါးထောင်သာသနာ နှစ်ရှည်ကြာအောင်။ ဩဘာ သေတု၊ များဝေနေ ခရီးမစောင်းရအောင် မီးမောင်းဖြင့် ပြတော်မူပါ ဘုရား။

၄။ ဆတိ တေကသက္ကရာဇေ၊
အာသဠှမာသ ပဥ္စမေ။
ဗုဒ္ဓဝါရေ ပုဏ္ဏမာယ၊
နိဋ္ဌိတာယံ သုဝဏ္ဏနာ။

(ပထျာဝတ္တဂါထာ)။

ဆတိ တေကသက္ကရာဇေ၊ ကောဇာသက္ကရာဇ် (၁၃၃၆) ခု နှစ်၌။ အာသဠှမာသပဥ္စမေ၊ ပဥ္စမဝါဆိုလ၌ ဖြစ်သော။ ပုဏ္ဏမာယဗုဒ္ဓဝါရေ၊ ပဥ္စမဝါဆိုလပြည့် ဗုဒ္ဓဟူးနေ့၌။ အယံ သုဝဏ္ဏနာ၊ အစုံနေ၁ တင့်ပါတဲ့ ဂုဏ်တော်ဘွင့် ရယ်နှင့် အမှောင်သော် မလင့်နိုင်တဲ့ ရောင်တော်ဘွင့် ဤကျမ်းသည်။ နိဋ္ဌိတာ၊ ကျမ်းပြုစဉ်လာ ရှိတထုံး ရယ်ကြောင့် နိဂုံးဖြင့် အုပ်လိုက်ပါပြီ။

၅။ ဇယံ ပတ္တော အယံဂန္ထော၊
ဂုဏာ တေဇေဟိ မဏ္ဍိတော။
ဇေဝ မေဝ ယထာ ဇယျော၊
ဘဝတံ ဝေါ မဟီတလေ။

(ပထျာဝတ္တဂါထာ)။

# (၁၀) နိဂမကထာ

ဂုဏာတေဇေဟိ၊ သောင်းတိုက်တွင် စုံဝေဖြာတဲ့ ဂုဏ်တေဇာကြီး တို့ဖြင့်။ (ဝါ) ဂုဏ်တေဇာကြီး တို့သည်။ မဏ္ဍိတော၊ ဂုဏ်တော်ဆန်းစွာ ကျမ်းအလာဖြင့် တန်းဆာဆင်ယင်အပ်ပေထသော။ အယံဂန္ထော၊ ဂုဏ်တော်ဘွင့်နှင့်ရောင်တော်ဘွင့်ဟု ဘုန်းတင့်ဝေဖြာတဲ့ ဒေသနာခေါ် ဤကျမ်းတော်သည်။ ဇယံ၊ အောင်ရာအောင်ခင်း အောင်သတင်းဖြင့် အောင်မြင်တော်မူခြင်းသို့။ ပတ္တောယထာ၊ ရန်ဘယာ အကုန်ပျောက်သဖြင့် ရောက်တော် မူရလေသကဲ့သို့။ ဝေမေဝ၊ ဤအတူသာလျှင်။ မဟီတလေ၊ အောင်မြေတခွင်အောင်မြေပြင်၌။ ဝေါ-တုမှာကံ၊ ဗုဒ္ဓဂုဏ်ဝါ ယုံပါလှုပြား သင်သူတော်ကောင်း တို့အား။ မေ-အမှာကံ၊ ဗုဒ္ဓဂုဏ်ဝါ ယုံပါလှုပြား တပည့်တော်တို့အား။ ဇယော၊ အောင်ကြောင်းမင်္ဂလာ အောင်ဇေယျာသည်။ ဘဝတံ၊ ဖြစ်ပါစေသတည်း။ ဘဝတံ၊ ဘုန်းတော်ဂုဏ်အောင်အစွမ်း ရယ်ကြောင့်အောင်ခန်း ဖွင့်နိုင်ပါစေသတည်း။

၁။ ဗာဝရီတာပသဿစ၊
မုနိနော် ဒေမ မေ ပတ္တိံ။
တေန သစ္စံ ဗောဓတ္ထာယ။
ဘဝတံ ဗြဟ္မစရိယေ။

၂။ ရွှေတိဂုံဘိုးတော်ရညောစ၊
ပတ္တိံ ဒေမ မယံ သဒါ။
တေန သုခံ တုယှံ ဟောတု၊
မောဒတံ တု မဟီတလေ။

၃။ တံတံ ပုညံ မယံ ဒေမ၊
ဘဝေသု တီသု ပါကဋံ။
တေ သဗ္ဗေ တံ ပမောဒိတွာ၊
သုခံ လဘန္တု သဗ္ဗဒါ။

၁။ ဖားကူးထေရာ–မြတ်ဆရာ–ချမ်းသာကြပါစေ။
၂။ မြန်ပြည်တွင်းမှာ–မြတ်သံဃာ–ချမ်းသာကြပါစေ။
၃။ ခေမိကာမှာ–များသူငါ–ချမ်းသာကြပါစေ။
၄။ သဗ္ဗေသတ္တာ–ဝေနေယျာ–ချမ်းသာကြပါစေ။
၅။ ဗုဒ္ဓမြတ်စွာ–သာသနာ–ရောင်ဝါနေသို့ လင်းပါစေ။

ဖားကူးစရိယထေရေန၊
ရန်ကုန်နဂရဝါသိနာ။
သုသောဓိတော အယံ ဂန္ထော၊
အနာယာသေန နိဋ္ဌိတော။

အာသီသ ပုဗ္ဗင်္ဂမ–နိဂမကထာပြီးပြီ။

---

"ဤတွင် ထက်ဝန်းကျင် ပြည့်စုံအောင်မြင်ပြီ"
သာသနာ–၂၅၁၈၊ အာသဠှမာသ ပုဏ္ဏမာ။
ကောဇာ–၁၃၃၆၊ ပဌမ–ဝါဆိုလပြည့်။
ခရစ်–၁၉၇၄၊ ဇူလိုင်လ–၃။